WWW.DHAMMARANSI.COM

ပိဏ္ဍမိုရ်အောင်မင်းခေါင်

ထွက်ရပ်ပေါက်ရာစဝင်

"စာအုပ်ရှာ" pageမှတဆင်းနှုပ်ပါသည်

အတ္ထုပ္ပတ္တိ။

မိဘမေတ္တာ-ဆရာဦးမောင်ကြီး
တည်းဖြတ်ပြင်ဆင်သည်။

WWW.DHAMMARANSI.COM

ပုပ္ပါးတောင်ကလပ်

ဝိစ္ဆာမိုရ် အောင်မင်းခေါင် ၏

ထွက်ရပ်ပေါက်ရာဇဝင်

အတ္ထုပ္ပတ္တိ

စာပြုဆရာကြီး–ဦးပေါ်ဦး

ရေးသားသည်။

မိဘမေတ္တာပုံနှိပ်တိုက်

အမှတ် ၁၇၊ ဗဟန်း ၃ လမ်း

ရန်ကုန်မြို့။

WWW.DHAMMARANSI.COM

ဤစာအုပ်၏အကြောင်း

ဤစာအုပ်ကို ထုတ်ဝေရခြင်းအကြောင်းမှာ ၁၃၁၄ ခုနှစ် တော်သလင်းလဆုပ် (၂) ရက်နေ့တွင် ရပ်ဟောင်းကို စွန့်ပစ်၍ ရပ်သစ်သို့ ကူးပြောင်း သွားသော ပုပ္ပါးတောင်ကလပ် ဝိဇ္ဇာဓိရ် အောင်မင်းခေါင်၏ အကြောင်းနှင့် စပ်လျဉ်း၍ ဝိဇ္ဇာဂိုဏ်းဝင် သူတော်စဉ် အပေါင်းတို့သည် ထိုအကြောင်းကို ဟုတ်တိုင်း မှန်ရာကို သိလိုကြသဖြင့် ဤစာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင်ပါဝင်သော အဖြစ်အပျက်အကြောင်းအရာတို့သည် ဘိုးတော်အောင်မင်းခေါင်၏ အလွန်ရင်းနှီးသော တပြည့်မျာ်း၏ လက်တွေ့မှတ်ထားသော အဖြစ်အပျက်၊ အကြောင်းအမှန်များကို ရေးသားဖော်ပြထားခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်ဖော်ပြသော အဖြစ်အပျက်အကြောင်းအရာများမှာ အပိုအလိုမရှိဘဲ ပကတိဟုတ်မှန်သောအဖြစ်အပျက်များကိုသာ ဖော်ပြထားသဖြင့် အထူးသဖြင့် စိတ်ဝင်စားဖွယ်ရာဖြစ်သော အဖြစ်အပျက်များကို ဖတ်ရှု တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ဤသို့ ထူးဆန်းသော အဖြစ်အပျက်များကို ဖတ်ရှုကြရသောအခါ မိမိတို့သဘောမကြ မယုံကြည်နိုင်သော အချက်များကိုတွေ့ရှိပါက ရုတ်တရက်ချက်ချင်း ကဲ့ရဲ့ခြင်း ပြစ်တင်ခြင်းများကို မပြုလုပ်ကြသေးဘဲ မိမိတို့၏ နှလုံးရည်တွင် တည်ရှိသော လောကီဗဟုသုတ ဉာဏ်မျက်စိ လောကုတ္တရာ ဗဟုသုတဉာဏ်မျက်စိဖြင့်သာ နှိုင်းယှဉ်သုံးသပ်၍ ဝေဖန်ကြစေလိုပါကြောင်း။

ဦးပေါဦး–စာပြုဆရာကြီး ရန်ကုန်မြို့။

၁၃၁၄ ခု နတော်လဆန်း ၅ ရက်နေ့

WWW.DHAMMARANSI.COM

ပါဝင်သောအခန်း

ဦးရေ	မာတိကာ	စာမျက်နှာ
၁	ပဏ္ဏာမနှင့် ပဋိညာဉ်	၁
၂	သိုက်ဝင်တဘောင်	၁
၃	ထူးဆန်းသောအချက်များ	၄
၄	ထူးခြားသောအရာတခု	၅
၅	သိုက်တဘောင်အလာ	၉
၆	ဘုရားလောင်းဟု ဝန်ခံသောကဗျာ	၁၁
၇	သိုက်စာအဆိုနှင့် ထူပဝင်အဆို	၁၄
၈	အောင်မင်းခေါင်အရှင်၏ ထူးဆန်းသော အချက်ဟာရပ်	၁၆
၉	တပည့်အဖြစ် ခံယူဆောက်တည်ပုံ	၂၀
၁၀	အောင်မင်းခေါင်၏ အောင်ဆုတောင်းပုံ	၂၄
၁၁	စေတီလေးမျိုး	၂၆
၁၂	ဓာတ်တော် ဘုရားရှိခိုးပုံ	၂၇
၁၃	ဝိဇ္ဇာသိပ္ပံ အစွမ်းကိုပြခြင်း	၃၀
၁၄	တဘောင်သီချင်းအရ မြင်းပြင်ပုံ	၃၃
၁၅	မဟိဒ္ဓိတန်ခိုး အစိုးရပုံ ဥဒါဟရဏ်တရပ်	၃၇
၁၆	သိုက်တဘောင်အရ ထွက်ခွာကြွမြန်းတော်မူပုံ	၄၁
၁၇	ထီးတော်လွဲရောက် အောင်မင်းခေါင်	
၁၈	သီကြားကူခြင်း	၅၀
၁၉	သထုံပြည်သို့ သာသနာရောက်ခြင်း	၅၁

WWW.DHAMMARANSI.COM

ဦးရေ	မာတိကာ	စာမျက်နှာ
၂၀	ပေထက်အက္ခရာ မူနှစ်မျိုး	၁၂
၂၁	သာသနာ အညာပုဂံဆန်ပုံ	၁၃
၂၂	ရတ်နာပူရသို့ သာသနာ ဆန်တက်သွားပုံ	၁၇
၂၃	ဟံသာဝတီပဲခူးဌဲ့ ပုထိုးဘုရားတည်၍ သာသနာထွန်းလင်းလာပုံ	၁၈
၂၄	မော်ဓောရှင်စေတီတော်ဌဲ့သွားတော်မာတ်တော်တဆူ ဆံတော်နှစ်ဆူ ဆွယ်တော်တဆူကိန်းဝပ်ပုံ	၆၃
၂၅	သထုံသာသနာနှင့် ရွှေမော်ဓော	၇၀
၂၆	သာသနာ ၂၅၀၀-ကျော်သောအခါ ပေါ်လာမည့် ဆံတော်မာတ် ၆-ဆူ	၇၂
၂၇	အောက်ဗမာပြည် သာသနာပြု ဦးခန္ဓီဘွဲ့ခံ ကပ်ကျော်ဘဘကြီး ဦးစိုးမင်း ထွက်ပေါ်လာပုံ	၈၂
၂၈	အဓိပ္ပာယ်နှင့် တည်သောစေတီ	၈၈
၂၉	ပြည်တော်ဝင်တဘောင်	၉၃
၃၀	ကွန္ဒဓနုတောင်တွင် အနာဂါတ်သာသနာ့ အတွက် ဓာတ်တိုင်ပေါ်နေခြင်း	၉၄
၃၁	ဗျာဒိပ်ရဓနုတောင်	၉၅
၃၂	နေမင်းရာဇာ ဦးစကြာ တဘောင်သိရိုင်း	၁၀၂
၃၃	သာသနာတက်အချိန်နှင့် ဝန်ကြီးမင့်း ဦးနုအစိုးရ ပေါ်လာပုံ	၁၁၀
၃၄	ဤစာအုပ်၏ အဆုံးနိဂုံးစကား	၁၁၆

WWW.DHAMMARANSI.COM

၁။ ဗြဟ္မာမင်းမေတ္တာခေါ်သည်၊ သစ္စာတော် ထိမ်းကြွကွဲလေး ဟူသည်နှင့်အညီ၊

၂။ ၁၃၁၃-ခုနှစ်၊ ပုပ္ပါးတောင်ကလပ်တွင် ဘိုးတော် အောင်မင်းခေါင်အရှင်သည် မေတ္တာ ကမ္မဋ္ဌာန်းတရားကို ရှုမှတ် ဟူးများနေပုံ။

WWW.DHAMMARANSI.COM

ရက်ပေါင်းများစွာ အာဟာရ မမှီပဲနေသော အောင်မင်းခေါင်အရှင်သည် ရုပ်ပြောင်းထွက်ခွာမသွားမီ တပည့်အများ ဆက်ကပ်လှူဒါန်းကြသော အာဟာရများကို ကုသိုလ်တရား သဒ္ဒါပွားနိုင်ကြရန် အဟာရများကို မှီဝဲသုံးဆောင်နေသောပုံ ဖြစ်ပါသည်။

ဤပုံကား ၁၃၁၄-ခု တော်သလင်းလဆုတ် (၂)ရက်နေ့ ရုပ်ပြောင်းမသွားမီ ရိုက်ကူးလိုက်သော ပုံဖြစ်ပါသည်။

WWW.DHAMMARANSI.COM

(ထိုအခါ အောင်မင်းခေါင်အရှင်သည် စိတ်ဖြင့် လျှောက်ထားသူတပည့်ဓာတ်ပုံဆရာအား လက်သျှိုးဖြင့် ညွှန်ပြကာ တင်ပလင်ခွေဖြင့် ကိုယ်ကို တည့်မတ်စွာ ထား၍ ဓာတ်ပုံရိုက်ကူးရန် အမိန့်ပေးလိုက်သည် ဆိုကြောင်း)

WWW.DHAMMARANSI.COM

ရွှေလီမြစ်ကွေ့တွင် ကျွန်းသစ်တုံးကြီးအား ကြိမ်လုံးဖြင့်
၂-ခါ၊ ၃-ခါ တိုး၍ ဖယ်ရှားစေခဲ့သော အောင်မင်းခေါင်ပုံ။

WWW.DHAMMARANSI.COM

ဝိဇ္ဇာမိုရ်ဘိုးတော်အောင်မင်းခေါင်၏

ထွက်ရပ်ပေါက်ရာဇဝင်

ပဏာမနှင့်ပဋိညဉ်

၁။ ဗုဒ္ဓဝိဇ္ဇံ ဘုရားမှန် အဟံဝန္ဒာမိ၊
၂။ ဓမ္မဝိဇ္ဇံ တရားမှန် အဟံဝန္ဒာမိ။
၃။ ဿံဃဝိဇ္ဇံ ဿံဃာမှန် အဟံဝန္ဒာမိ။
၄။ သာသနာဝက် မင်းတစ်ဆက်ပေါ်လျှက် သိုက်စာရှိ။
၅။ မင်းခေါင်အကြောင်း ဗေဒမိလောင်း အပေါင်းလူတို့သီ။
၆။ ထွက်ရပ်ဝိဇ္ဇာ အကြောင်း စာရေးကာပြတုံဘီ။

သိုက်ဝင်တပေါင်

၁။ သက္ကရာဇ်တွက်စစ်ခါ အကုန်မပြချင်ဘု၊
၂။ သုံညငယ် နှစ်လီကြော်တော့၊
၃။ ပြည်တော်ကို ကလော်မဲ့ ကိန်းဟာက
၄။ တခုမှာကပ်သိမ်းလို့ နှစ်ခုကိန်းဓာတ်ပါ၊

WWW.DHAMMARANSI.COM

၅။ သုံးခုကိန်းနှစ်မဟာရယ် လေးခုမှာဝိဇ္ဇာမင်း၊
၆။ ငါးခုမှာဘုရားလှူ သိကြားကူးစိတ်ခာဟ်သန့်ရှင်း
၇။ ဇမ္ဗူဒိပ်ကျွန်းလက်ျာမှာ ထွန်းတက်ခါပဝင်း
၈။ လွှမ်းလျက်သာ ဓမ္မမင်းတို့ ခဏခြင်း ပေါ်မယ်၊
၉။ လူမတန် တူတန်မျှကိုဖြင့် ပူရန်စသိမ်းပါတော့
မယ်။
၁၀။ နာမ်ဘေတ်က ရပ်ချယ်လျင် ဟုတ်တကယ်ဂုဏ်
ပြလို့ မနသာ တူနှစ်ဖော် ကွဲရတော့နော်။
၁၁။ ဗြဟ္မာမင်း ပေဏ္ဍာခေါ်သည် သစ္စာတော် ထိန်း
ကြတော့လေး။

ဤသို့ ပေါ်ပေါက်ခဲ့သော တဘောင် တေး သီချင်း၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ကျွန်ုပ်တို့သည် တိကျမှန်ကန်စွာ ဝေဖန်ဆုံးဖြတ်၍ မပြောနိုင်ခဲ့ခြေ။

ဤတဘောင်ကား ပုဂ္ဂိုလ်ထူးတစ်ယောက် ပေါ်ပေါက်လာရန်အတွက် ကြိုတင် ပေါ်ထွက်နှင့်သော ပုဗ္ဗနိမိတ်စကားဓာရပ်ပင် ဖြစ်သည်ဟု မှတ်သားရပါမည်၊

သို့ရာတွင် ဤတဘောင်၏ အဖြေမှန်ကား ယခု အချိန်တွင် ပေါ်လာပေပြီဟု ကျွန်ုပ် ယူဆမိပါသည်။

အကြောင်းသော်ကား

ပေါက်ကွံပြည်နယ် ပုပ္ပားတောင်မြတ် တောင်ကလပ်တွင် သာသနာပြု ဝိဇ္ဇာဓိုရ် ခေါင်းဆောင်ဟု နိုင်ငံတော်တွင် ကျော်ဇော ထင်ရှားတော်မူသော (ဘ) ဘိုးတော်

WWW.DHAMMARANSI.COM

အောင်မင်းခေါင် အတွက် အတိတ်ကာလက ပေါ်ထွက်ခဲ့သော တအောင်ဟု ကျွန်ုပ် ယူဆမိပါသည်။

ထိုဘုံးတော် အောင်မင်းခေါင် အရှင်သည် ယခု ၁၃၄၄-ခု တော်သလင်းလဆုပ် (၂) ရက် သောကြာနေ့ ညနေ လေးနာရီ အချိန်တိတိတွင်၊

ထွက်ရပ်ပေါက် အောင်စခန်းသို့ ကြွမြန်းတော်မူကြောင်းကို ကြားသိရပါသည်။

ထိုတအောင်စကားတွင်

(သုံးခုနှစ် ကိန်းမဟာရယ်၊ လေးခုမှာ ဝိဇ္ဇာမင်း) ဟု ဆိုထားသော ထိုစကား၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လေးခုမှာ ဝိဇ္ဇာမင်းဆိုရာ၌၊

သက္ကရာဇ် ၁၃၀၄ ခုနှစ်တွင် ဝိဇ္ဇာကြီး အောင်မင်းခေါင်သည် ထွက်ရပ်ပေါက် လမ်းစဉ်အတိုင်း ကြွမြန်းတော် မူလိမ့်မည်ဟု ဆိုလိုရင်း အဓိပ္ပာယ် ပေါ်လာပါသည်။

နာမ်ခေတ်က ရွပ်ခြယ်လျှင်၊
ဟုတ်တာအယ်ဂုဏ်ပြလို့၊
မနုဿတ္ထနှစ်ဖော်၊
ကဲ့ရဲ့တော့နော်၊

ဤတအောင် စကား၏ မူထိသားရန် အဓိပ္ပာယ်ရှာ နာမ်ခေတ်သည် ရွပ်ခေတ်ကို စွန့်ခွာ ဆွက်သွားကြောင်းကို ညွှန်ပြသောစကားဟု ယူဆရပေမည်။

WWW.DHAMMARANSI.COM

ဟုတ်တကယ်ဂုဏ်ပြုလို.

ဆိုသည်မှာ ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူသော အခါ ထူးခြားသော ဂုဏ်တစ်ခုကိုပြု၍ ထွက်သွားတော် မူမည်ဟု တိုက်ရိုက်အဓိပ္ပာယ်ဆိုထားပါသည်။

ထူးခြားချက်တစ်ခု

ထို ဘိုးတော် အောင်မင်းခေါင်သည် မိမိ ထွက်ရပ် ပေါက် မကြွမြန်းမီ ဘုရားတည်ရန် သာသနာပြု အစိ အစဉ်အတိုင်း ချမှတ်အမိန့်ပေးထားသော ရပ်ဝေးနယ်ရှိ တပည့်အများကို စာပေးမှာထားခြင်း သံကြိုးရိုက် မှာ ထား ခြင်းများကို အလျင်းမပြုတဲ့ (မနောမယိဒ္ဓိ) စိတ် တန်ခိုးနှင့်သာ စေလွှတ်ခေါ်ယူတော် မူခြင်းကို ဒီဋ္ဌ အမှန် ကျွန်ုပ်တို့ သိရှိရပါသည်။

စိတ်ဖြင့် တောင်းပန် လျှောက်ထားသော အချက် များကိုလည်း တပည့်များအား ကာယဝိညတ် ကိုယ် အမူအရာနှင့် ဖြစ်ကြား အမိန့်ပေးတော်မူသည်မှာလည်း လက်တွေ့အားဖြင့် ထူးခြားသော တန်ခိုးတစ်ရပ် ဖြစ်ပါ သည်။

(ထူးခြားသော အချက်များ)

ဘိုးတော် အောင်မင်းခေါင်သည် ထွက်ရပ် ပေါက် ကြွတော်မူခါနီးတွင် တပည့် ခေတ်ပိုဆရာ တစ်ယောက် သည် ပုံတော်ကို ရိုက်ကူးရန် ခွင့်ပြုပါမည့် အကြောင်းကို စိတ်ဖြင့် လျှောက်ထားသည် ဆိုကြောင်း။

WWW.DHAMMARANSI.COM

ထိုအခါ (အောင်မင်းခေါင် အရှင်သည် စိတ်ဖြင့် လျှောက်ထားသူ တပည့် ခေတ်ပုံဆရာအား လက်ညှိုးဖြင့် ညွှန်ပြီးကာ တင်ပလင်ခွေဖြင့် ကိုယ်ကို တည့်မတ်စွာထား၍ ခေတ်ပုံရိုက်ကူးရန် အမိန့် ပေးလိုက်သည်ဆို ကြောင်း)

ဤအခြင်းအရာမျာ:ကာ: ခေတ်ပုံဆရာ ကိုယ်တိုင် အံ့သြဖွယ် တွေ့ရှိခဲ့ရသော အကြောင်းမှန်စစ်ရပ် ဖြစ်သည်။

ဤအကြောင်းအရာကို ကျန်ပ်က ဖော်ပြရေးသား သော်လည်း ဤလောက လူထုကြီးသည် ယုံကြည်ချင်မှ ယုံကြည်ကြပေမည်။ ကောင်းကင်၌ လေယာဉ်ပျံမျာ: ပျံနှင်သည်ကိုကာ: ပကတိမျက်စိဖြင့် မြင်နိုင်ကြသဖြင့် ယုံကြည်ကြပါသည်။

(မနောမယိဒ္ဓိ) ဆိုသည်မှာ စိတ်တန်ခိုးကို ဆိုပါသည်။ စိတ်တန်ခိုးဖြင့် သိစွမ်းနိုင်သည် ဆိုသည်မှာ ဥာဏစက္ခု ဉာဏ်မျက်စိဖြင့်သာ သိနိုင်သော အာရုံမျိုးဖြစ်၍ လူထုမယုံဆိုသော စကာ:ကို ကျန်ပ်က အပြစ် မဆိုလိုပါ။

ထူးခြား:သောအရာတစ်ခု

ထို ဘိုး:တော် အောင်မင်းခေါင် ထွက်ရပ်ပေါက် ကြုခါနီး:ဘုင်ပင် ထိုခေတ်ပုံဆရာသည် တောင်ကလပ် တွင် တည်ထား:တော်မူခဲ့:သော စေတီတော်ကို ခေတ်ပုံ ရိုက်ကူး:သောအခါ စေတီတော်ပုံသည် မှန်တွင်မပေါ်ဘဲ

WWW.DHAMMARANSI.COM

ဝိဇ္ဇာ ဇော်ဂျီပုံသာ လာရောက် ပေါ်နေသည် ဆိုကြောင်း။

ထိုအခါ ဓာတ်မုံဆရာသည် အလွန် အံ့သြစွာဖြင့် ဝိဇ္ဇာကို အမီဖမ်း၍ ရိုက်လိုက်တော့သည် ဆိုကြောင်း ဤအကြောင်းများကား အလွန်ထူးဆန်းသော အရာများ ဖြစ်ပါသည်။ လူထုကား ယုံချင်မှ ယုံကြပေမည်။ ဓာတ်မုံဆရာကား ဤအကြောင်းကို လူတိုင်းကို မပြောလိုပေ။ ကျွန်ုပ်တို့ကိုသာ ရင်းနှီးသော ဂိုဏ်းသားချင်း ဖြစ်၍ ဝမ်းသာအားရ ပြောကြားရှာပါသည်။

ယုံကြည်ထိုက်ပါသည်

ဘိုးတော် အောင်မင်းခေါင်သည် လွန်ခဲ့သော အတိတ် နှစ်ပေါင်းများစွာက ဘာတွေကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသလဲ။

၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် ကျွန်ုပ်တို့၏ သာသနာ့ဒါယကာ နေထွက်ဘုရင် သီပေါ အရှင်အား အင်္ဂလိပ်တို့ တိုက်ခိုက် သိမ်းယူသောအခါ တစ်တိုင်းပြည်လုံးထီးကျိုးစည်းပေါက် သာသနာတော်ပါ ကွယ်ပျောက်မည့် အရေးကို အောင်မင်းခေါင် အရှင်သည် စိုးရိမ် ကြောင့်ကြတော် မူလေသောကြောင့် ၁၂၅၀-ခုနှစ်တွင် ရှင်မထီး ဆရာတော် ဆံရှည်ကိုယ်တော် ဦးကောဏ္ဍည ပဋ္ဌမံ ပြည်ရသေ့ ဦးအောင်တော်ငူဦးအောင် ၊ဖန်းမော်ဦးအောင်စသော ဝိဇ္ဇာခိုရိ အပေါင်းတို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဘုရားရှင်၏ သာသ

WWW.DHAMMARANSI.COM

နာတော်မြတ်ကို ဝါဒခြားမင်း၏ လက်အောက်တွင်ကွယ်ပျောက်မသွားရန် သာသနာပြု ဝိဇ္ဇာဓိုရ် အဖွဲ့ကြီးကို စောင်၍ ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါသည်။

ထို သာသနာပြုအဖွဲ့ကြီးသည် ဝါဒတမျိုးအားဖြင့် အုပ်စိုးသော အစိုးရကို ဆန့်ကျင်ဘက်မပြုဘဲ အတွင်းလမ်းအားဖြင့်သာ ဗုဒ္ဓဝါဒကြီးတည်မြဲခိုင်ခန့်စေရန် တိုင်းပြည် လူထုအား တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၆၉-ခုနှစ်သို့ ရောက်သောအချိန်တွင် အောင်မင်းခေါင်အရှင် ကြီးမှူးသော ထိုဝိဇ္ဇာဓိုရ်အဖွဲ့ကြီးသည် သာသနာ့ အောင်ပနက်ရိုက်နက်ရန် အတွက် ဆွေးနွေးတိုင်ပင်ကြသောအခါ ရမည်းသင်းနယ် ရွှေမြေတင်တောင်၌ သီထင်းသုံးနေသော ရဟန်းတော် ဦးခန္တီအား ဘုန်းရှင် ကံရှင် သာသနာ့ဓာတ်ဝင် ပါရမီရှင် ဘစ်ယောက်ဖြစ်၍ သာသနာပြုရန်အတွက်ရွေးကောက်ကြပါသည်။

ထိုအခါ ဦးခန္တီသည် ရဟန်းဘဝမှ ရသေ့အသွင်ပြောင်းပြီးလျှင် ဝိဇ္ဇာဓိုရ်တို့၏ ညွှန်ကြားချက် အတိုင်းမန္တလေးတောင်တွင် ဘုရားတည်ခြင်း စသော သာသနာဓာတ်တိုင်ကြီးကို မြို့ငြိမ်ကြီး ဝိုက်ထူသည် ဖြစ်ပါကြောင်း။

ဤအချိန်တစ၍ အောင်မင်းခေါင်အရှင်နှင့်ယက္ကန်းစင်တောင်ဆရာကြီးဦးစီးသောဝိဇ္ဇာ ဓိုရ်အဖွဲ့ကြီးက တိုင်းပြည်အား ကြေညာစာတမ်းများ စ၍ ထုတ်ဝေပါတော့သည်။

WWW.DHAMMARANSI.COM

ထိုကြေညာစာတမ်းများမှာ....
ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တယ်၊
ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား။
ဓာတ်ကောလီသုံးဆယ်ကူးအောင်ကွယ် ဖူးကြအများ။
ဤလိုကြေညာစာတမ်းများကိုလည်း တိုင်းပြည်အား ပလူပျံအောင် ကြဲချ ကြေညာခဲ့ပါသည်။
ဤသို့လျှင် ဘိုးတော်အောင်မင်းခေါင်သည်-
၁။ တိုင်းပြည်လူထုအား ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ရာပေါင်းများစွာသော စေတီများကိုယတြာအနေအားဖြင့် တည်ထား ကိုးကွယ်ကြရန် နှိုးဆော်တိုက်တွန်း၍ သီလစောင့်ထိန်းခြင်းနှင့် သမထ ကမ္မဋ္ဌာန်းများကို အားထုတ်ကြရန် ထွက်ရပ်ဂိုဏ်းကြီး တည်ဆောက်၍ ဆောင်ရွက်တော်မူခဲ့ခြင်း။
၂။ မိမိတောင်းဆိုခဲ့သော ဘုရားဆုကြီး ပြည့်စုံပြီးမြောက်နိုင်ရန် ဝိဇ္ဇာမယအတတ်နှင့် သမထ အကျင့်တို့ကို အရိုးကျေကျေ အရေခြောက်ခြောက်ဆိုသော ဝိရိယဖြင့် သမထကမဋ္ဌာန်းအလုပ်ကို ကျင့်သုံးအားထုတ်တော်မူခဲ့ခြင်း။
၃။ ၅၀၀၀-သာသနာ အရှည်ကြာအောင် တည်ထွန်း ပျံ့နှံ့ရေးအတွက်ကိုလည်း အသက်ကိုပင် မငဲ့ကွက်ဘဲ ဆောင်ရွက်တော်မူခဲ့ခြင်း။
၄။ ကာမဘုံသား ကာမ စရိုက်တို့ကိုလည်း အနာဝါရိယအဖြစ် စွန့်လွှတ်ပယ်ရှားတော်မူနိုင်ခဲ့ခြင်း။

WWW.DHAMMARANSI.COM

ဤသို့စသော ခရီးကျူးဖွယ်ရာ အဖြာဖြာသော ဂုဏ် အာ
ပေါင်းနှင့် ပြည့်စုံစွာကျင့်သုံးနေထိုင်လာခဲ့သော ပုဂ္ဂိုလ်ထူး
ကြီး တစ်ယောက် မှန်ပင် ဖြစ်ခဲ့ပါသည်။

(ပုဂ္ဂလဝိသေသောဇာနိတမ္မော)

ပုဂ္ဂလဝိသေသော၊ ပုဂ္ဂိုလ်ထူး တစ်ယောက်၏ ထူးခြား
မှုကို။ ဇာနိတမ္မော၊ သိသင့် သိအပ် သိထိုက်၏ဟု ဆိုသည့်
အဓိပ္ပာယ်မှာ-

ထိုကဲ့သို့ ပါရမီရှင်ပီပီ ထူးခြားစွာ ကျင့်သုံးနေထိုင်လာ
သော ဘိုးတော်ဘွားမင်းခေါင် အတ္တုပ္ပတ္တိအကျဉ်းချုပ်
ကို တိုင်းပြည်လူထုအား ကြည်ညိုကြရန် ဟုတ်မှန်သော အ
တိုင်း စေတနာရှေထား၍ ကျွန်ုပ်ကရေးသား ဖော်ပြရခြင်း
ဖြစ်ပါသည်။

၎င်းအပြင် ရှေးယခင်က ထွက်ပေါ်လျက်ရှိသော သို့က်
စာ တမ်းစာများ ရှိခြင်းသည်။

သို့က်တဘောင်ကား

၁။ သာသနာပွဲ၊ ဝင်ကာနွဲ့၊ ဝိဇ္ဇာစရဏပွဲ။
၂။ ဗုဒ္ဓဝိဇ္ဇာ လောင်းစကြာ၊ ရောင်ဝါနေသို့ ထွန်းလတံ့။
၃။ ဖိုးဥိးတောင်ထိပ်၊ နံတ်နဖူတ်၊ စကြာမင်းလောင်း
ပေါ်လတံ့။
၄။ သုထုံပြည်မှာ၊ လောင်းစကြာ၊ ရွှေစေတီဘုရား ပေါ်
လတံ့၊

WWW.DHAMMARANSI.COM

၅။ ဝိဇ္ဇာလေးဦး စောင့်ရှောက်ထူး၊ အဓတောင်ရှစ်ဆယ်ဖြစ်လတံ့။

၆။ ပဲခူးဘုရားမှာ၊ ထီးတင်ရာ၊ စကြာအမည်ထွက်လတံ့။

၇။ ယက်သယ်ကြား ငါးတင်၊ တင်တဲ့ငါး ကြောင်းစား အကျန်မှ ဘုရားကယ်မည်။

၈။ ဓာတ်ပေါင်းဘုရား တည်စိုက်ထား၊ မြို့ရွာအမြန်အေးလတံ့။

၉။ ဆယ့်နှစ်ခုမှာ၊ ပေါင်းကြပါ၊ မြန်စွာအေးဖိုရာ။

၁၀။ သာသနာရေး၊ ဘာသာရေး၊ မနှေးထင်ရှားရာ။

ဤတဘောင်စာအရ အဓိပ္ပာယ်ကို ဖော်ပြရမည် ဆိုပါလျှင် သိုက်စာဌ်ဗုဒ္ဓံဝိဇ္ဇာလောင်းစကြာဆိုသူမှာ ယခုထွက်ရပ်ပေါက် ကြွမြန်းသော အောင်မင်းခေါင် အရှင်ကိုပင် ဆိုသည်ဟု မှတ်ယူလိုက်ပါသည်။

အဘယ်ကြောင့် ဆိုပါသော် ကျွန်ုပ်တို့ သိရှိရသည်မှာ ဘိုးတော်အောင်မင်းခေါင်ကား ဘုရားဆုပန် ယောကျ်ားမြတ်ဖြစ်ကြောင်းကို သိရှိရပါသည်။ ဘုရားဆုကြီးကို ပန်ဆင် ကျင့်ကြံသူဖြစ်က ဘုရားလောင်း လောင်းစကြာဟုပင် ဆိုရမည် ဖြစ်ပါသည်။

(မှတ်ချက် ထိုအောင်မင်းခေါင်အရှင်ကို ကျွန်ုပ်တို့၏ ဝိဇ္ဇာဂိုဏ်းဝင် သူဇတော်စင် [illegible]ပေါင်းတို့က မူကား အရိမေတ္တေယျ ဘုရားအလောင်း [illegible]ဘုအများယူဆကြပါသည်။ ကျွန်ုပ်၏ အလိုမှာမူကား [illegible]ဘဒ္ဒကမ္ဘာတွင် အရိမေတ္တေယျ ဘုရား ပွင့်တော်မူပြီးသည့်နောက် တစ်ခုသော မဏ္ဍကမ္ဘာ၌

WWW.DHAMMARANSI.COM

လူတို့အသက် အနှစ် ကိုးသောင်းတန်းတွင် စန္ဒကူးဗောဓိပင်၌ (ဆုမဘုရား) အမည်ဖြင့် ပွင့်လတံ့သော ဗျာဒိတ်ရ ဆုမဘုရား အလောင်းတော် ဟုသာ ကျွန်ုပ်ဆန္ဒမှာ ဆိုချင်ပါကြောင်း။

လိုရင်းမှာမူ မည်သည့် ဘုရားအလောင်းတော်ဟု ငြင်းဆိုရန် မလိုပါ။ နောင် ဂေါတမ ရှင်တော်ဘုရား၏ ကျန်သာသနာ ၂၅၀၀ ကို ကူညီစောင့်ရှောက်ရန်ကသာ အထူးအရေးကြီးပါကြောင်း။

မည်သည့်ဘုရားအလောင်း ဖြစ်ကြောင်းကို အတိအကျ အမည်တော်ကို မဖော်ပြသော်လည်း ဘိုးတော် အောင်မင်းခေါင် အရှင်ကိုယ်တော်ကပင် ဝါသည် ဘုရားလောင်း အမှန် ဖြစ်ကြောင်းကို ကိုယ်တော်တိုင် ရေးစပ်တော် မူခဲ့သော ကဗျာသုံးပုဒ်ကို ဖတ်ရှုခြင်းအားဖြင့် ပါရမီရင့်ကျက်သော ဘုရားအလောင်းတော်ဟု အမှန် သိမှတ် ရမည်ဖြစ်ပါကြောင်း။

ဘုရားအလောင်းဟု ဝန်ခံသောကဗျာ

၁။ ဗုဒ္ဓင်္ဂူဉာဏ်ဇောညှိ၊ သမ္ဗောဓိလောင်းလျှာ၊ ဇာတ်ပေါင်းစုံစုံနှင့် ပဒုံကြာငုံ အာရင့် ပွင့်မည့်ချိန်ခါ၊ သောင်းလောကစကြာဝဋ္ဌာ၊ ထက်ဗြဟ္မာတုန်ဟီး၊ စက္ခုငယ်-ပညှိနွေနှင့် ထိန်သပြေ သိရ်သရေ ကုတ္တိုဖျားဆီ ကကြားလိမ့်သတည်း။

၂။ မြူခြေငယ်ရှန်းပါ၊ မြဝန်းတဲ့ ရစ်ခွေ၊ ဖေါင်ပေါ် နေမရိစ်ခင်က အောင်တော်မူ ရှေကရဝိတ်ကို ကြိုးတိတ်

WWW.DHAMMARANSI.COM

တိတ်ဖြေ။ သို့ပါသော် တအားဆွဲတာကြောင့် မသွားဘဲ ဆိုင်းရခြေ၊ လှိုင်းလေကဋ္ဌိမ်တုံး တက်မကိုကိုင် ရွက်စမြှိုင် မြှိုင်နှင့်။ ဆိုင်သိတွေ ခိုလွှိစီးရအောင် မီးပြပါအုံး။ သိမ်း လိုက်ပါအေ ခွေလိုက်ပါကြိုးမြစည်သူကန်က ရေဆွဲတဲ့ကြိုး။

၃။ မြောတဲ့သာလာ၊ အောင်သဘင်ဆင်ယင်တဲ့ပွဲ၊ နှဲကြ သူငါ၊ မြတ်ဘိုးတော် ဂုဏ်ဟိတ်ကြောင့်၊ ဒုနွိမိတ် အနိဋ္ဌာ။ တဆိတိစာမသန်း၊ စီးပွားရှေ့ငွေနှင့် အထွေထွေရေလိုပေး ခဲ့မယ် အေးမြ ရှင်လန်း။

ဤကဗျာသုံးပုဒ်ကို အထက်ဗမာပြည် နမ္မားခရုံကျောင်း တွင် ခေတ္တနေထိုင်စဉ် သာသနာ့ အောင်ငန္ဓက်ကို ဆောင် ရွက်တော်မူခိုက်မှာ ပါရမီရှင် အများ သိထားနှင့်ရန် ကြို တင်၍ ရေးသားခဲ့သော ဗောဓိပင်လောင်းလမ်းညွှန် ကဗျာ များ ဖြစ်ပါသည်။

ထို စကြာရှင်သည် သထုံပြည်၌ ရှေစေတီ ဘုရားကို တည်ထားတော် မူလတံ့ ဟု သိုက်စာက တိုက်ရိုက်ဆိုထား ပါသည်။

ပဲခူးမြို့ မော်ဓောရှင်ကို ထီးတင်သောအခါ စကြာ ဟူ သော အမည်ဖြင့် ထင်ရှားသော ကျော် စောလတံ့ ဟု သိုက်စာတွင် တိုက်ရိုက်ဆိုထားပါသည်။

ရင်းနှီးသော တပည့်များထံမှ ကျွန်ုပ် ကြားသိ ရသည် မှာ အောင်မင်းခေါင်အရှင်သည် မော်ဓောရှင်စေတီတော် ကြီးအား ထီးတင်လိုသော အာသာဆန္ဒ ပြင်းပြတော်မူ ကြောင်းကို ကျွန်ုပ်တို့ ကြားသိရသည် ဖြစ်ပါကြောင်း။

WWW.DHAMMARANSI.COM

ထို့ကြောင့် မော်မောရှင် စေတီအား ထီးတင်လတ္တံ့ ဟု သိုက်စာတွင်ဆိုသော စကြာသည် အောင်မင်းခေါင် အရှင်ပင် အမှန်ဖြစ်ပေလိမ့်မည်ဟု သိုက်စာ၏ အဓိပ္ပာယ်ကို ယူဆမှတ်သားထိုက်ပါသည်။

၈။ ဓာတ်ပေါင်းဘုရား တည်စိုက်ထား မြို့ရွာအမြန်အေးလတ္တံ့။

၉။ ဆယ့်နှစ်ခုမှာ ပေါင်းကြရာ မြန်စွာအေးဖို့ရာ၊

ဤသိုက်စာနှစ်ပုဒ်၏ အဓိပ္ပာယ်မှာ သိလွယ်ထင်ရှားပါသည်။ ထိုသိုက်စာတွင် ပါဝင်သော အဓိပ္ပာယ်အတိုင်းပင် ဘိုးတော် အောင်မင်းခေါင် အရှင်သည် သတ္တဝါအများ ချမ်းသာကြရန်အတွက် ယကြာအနေအားဖြင့် ဓာတ်ပေါင်းစုံ စေတီတော် အများအပြား တည်ထားကိုးကွယ်ကြရန် သက်ဆိုင်ရာ တပည့် အများတို့အား တည်ထားကိုးကွယ်ကြရန် ၁၃၁၂-ခုနှစ်လောက်က စ၍ စေခိုင်းတော်မူခဲ့ပါသည်။

အောက်မြန်မာပြည် အတွက် ဦးခန္တီ ကပ်ကျော် (အအကြီး) အား တာဝန်ပေး၍ စေတီတော်များကို တည်ထားရန် အမိန့်ပေး စေခိုင်းတော်မူခဲ့ပါသည်။

ထိုမှတစ်ပါး မြန်မာပြည်အတွင်း၏ ဓာတ်ကျွရာ မြို့ရွာများတွင်လည်း သက်ဆိုင်ရာ တပည့်အများတို့အား တည်ထား ကိုးကွယ်ကြရန် စေခိုင်းတော်မူခဲ့ပါသည်။

ဤသည်ကား ရှေးအတိတ်အချိန်က ပေါ်ပေါက်ခဲ့သော သိုက်စာအဆိုနှင့် အောင်မင်းခေါင် အရှင်သည်

WWW.DHAMMARANSI.COM

ကျင့်သုံးဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များ တိုက်ဆိုင်မှန်ကန်နေပုံကို အဓိပ္ပာယ်အားဖြင့် ဖော်ပြ ညွှန်ကြားသော စကားရပ်များဖြစ်ပါသည်။

ထို့အပြင် ဤသိုက်စာ အဆိုနှင့် ကိုက်ညီနေသော အချက်တစ်ခုကို ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်ဟို၏ ခေါင်းဆောင်ကြီး ဝန်ကြီးချုပ် ဦးနုသည်လည်း နိုင်ငံတော် လူထုအတွက် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံမှ မွန်မြတ်သော ဓာတ်တော်ပေါင်း၊ များစွာကို ပင့်ဆောင်ခဲ့၍ ကမ္ဘာအေးစေတီတော်တစ်ဆူ တည်ထား ကိုးကွယ်တော်မူခြင်းသည်လည်း သိုက်စာတွင်ပါသော စကားရပ်များနှင့် တစ်သား တစ်ထပ်တည်း ကိုက်ညီနေသည်ဟု ကျွန်ုပ်က အဓိပ္ပာယ်ကို ယူဆမိပါသည်။

သိုက်စာအဆို

၄။ သထုံပြည်မှာ လောင်းစကြာ ရွှေစေတီဘုရားပေါ်လတ္တံ့။

၅။ ဝိဇ္ဇာလေးဦး စောင့်ရှောက်ထူး အတောင်ရှစ်ဆယ်မြင့်လတ္တံ့။

ဤသိုက်စာ၏ဆိုလိုရင်းမှာ—

သထုံပြည်၌ အလောင်းစကြာသည် ရွှေစေတီတော်တစ်ဆူ တည်လိမ့်မည်။ ဉာဏ်တော်အမြင့်ကား အတောင်ရှစ်ဆယ် မြင့်လိမ့်မည်ဟု အဓိပ္ပာယ်ယူဆရပါမည်။

WWW.DHAMMARANSI.COM

ထူပဝင်ကျောက်စာအဆို

၁။ ဣဒံစေတိယံ အနာဂတေ သတပျာမံဘဝိဿတိ။

၂။ ဣဓမေဝ မွေရာဇာပိ ဘဝိဿတိ။

၃။ တံပန စေတိယံပစ္ဆာသောဏ္ဍာယစေတိယန္တီပါက
ဋံ။ ၁။ ဣဒံစေတိယံ၊ ဤစေတီသည်။ အနာဂတေ၊ သာသ
နာ ဆက်ဝက်ကျော်သော နောင်အနာဂတ်ကာလ၌။
သတပျာမံ၊ အတောင်ဟစ်ရှိသော စေတီတော်သည်
ဘဝိဿတိ၊ ဖြစ်ပေါ်လတ္တံ့။

၂။ ဣဓမေဝ၊ ဤစေတီ[illegible]ပါရာ အရပ်၌ပင်လျှင်။
မွေရာဇာပိ၊ မွေရာဇ် မင်းကောင်း မင်းမြတ်သည်လည်း။
ဘဝိဿတိ၊ ဖြစ်ပေါ်လတ္တံ့။

၃။ တံပနစေတိယံ၊ ထိုစေတီသည်။ ပစ္ဆာ၊ ပေါ်ပြီးသည်
မှ နောက်ကာလ၌။ သောဏ္ဍာယစေတိယန္တီ၊ သောဏ္ဍာယ
စေတီဟူ၍ ပါကဋံ၊ ထင်ရှားကျော်စောခြင်းသည်၊ ဘဝိ
ဿတိ၊ ဖြစ်ပေလတ္တံ့။

ဤသိုက်စာ ၂ စောင်၏ အဆိုအရ ပိုင်းခြားဝေဖန်ရ
မည်ဆိုသော် သာသနာ ၂၅၀၀ ကျော်သောခေတ်တွင်
အောက်မြန်မာပြည် သုဝဏ္ဏဘူမိခေါ် သထုံနယ်၌ ဗုဒ္ဓ
ရှင်တော်ဘုရား၏ သာသနာတော်မြတ်သည် ထွန်းလင်းရ
ဦးမည်ဟု အဓိပ္ပာယ်ကို သိမှတ်ယူဆရမည် ဖြစ်ပါသည်။

(မှတ်ချက်) ဤသိုက်စာနှစ်မျိုး၏ အဆိုများတွင်
စေတီတော်အမြင့် ဤဏ်တော်ကို တစ်စောင်ကဉာဏ်တော်
အမြင့် အတောင်ရှစ်ဆယ်ဖြစ်လတ္တံ့ဟု ဆိုဏ်။

WWW.DHAMMARANSI.COM

တတောင်က ပါဠိဘာသာအားဖြင့် ညက်တော်အလံ
တစ်ရုရှိလတ္တံ့တူ ဆို၏။
စေတီတော်တည်ရာဌာနကိုကား အဆိုအားဖြင့် တူညီ
ကြပါသည်။ မည်သည့်သိုက်စာ၏အဆိုက မှန်ကန်ကြောင်း
ကို သိလိုပါလျှင် စေတီတော်ပေါ်မည့် အချိန်ကိုသာ
စောင့်ဆိုင်း၍ မျက်မြင်အားဖြင့် ဆုံးဖြတ်ကြ စေလိုပါ
ကြောင်း။
(အောင်မင်းခေါင်အရှင်၏ ထူးဆန်းသော အချက်တစ်ရပ်)
၁၃၁၂ ခုနှစ် တပေါင်းလဆုတ် ၂ ရက်နေ့တွင်
အောက်ပြည်ရန်ကုန် သတုံဇင်းကျိုက်စသော မြို့ရွာဒေသ
များမှ သာသနာပြုတာဝန်ခံဖြစ်သော တပည့်များသည်
အောင်မင်းခေါင်အရှင်အား ကန်တော့ရန် ပုပ္ပားတောင်
မြတ်တောင်ကလပ်သို့ သွားရောက်ကြသည်ဟု ဆိုကြောင်း။
ထိုအချိန်ကား အထက်မြန်မာပြည်တွင် ရာသီဥတုအား
ဖြင့် အလွန်ပူအိုက်သော ရာသီဖြစ်ပါသည်။ ပါရမီရေစက်
အားဖြင့် အောင်မင်းခေါင် အရှင်နှင့် အလွန်ရင်းနှီး
သော ရန်ကုန်မြို့သူ တပည့်မ တစ်ယောက်သည် သမထ
အလုပ်စခန်းကို တကယ်တန်း အားထုတ်နေစဉ် အပူရှိန်
ပြင်းထန်၍ အားထုတ်ရန် အခက်အခဲနှင့် တွေ့နေသည်ဆို
ကြောင်း။
ထိုတပည့်မသည် နေ အလွန်ပူအိုက်သဖြင့် ရန်ကုန်သို့
အမြန် ပြန်ရန် အောင်မင်းခေါင် အရှစ်ထံသို့ ခွင့်ပန်
ကန်တော့သွားသည် ဆိုကြောင်း။

WWW.DHAMMARANSI.COM

ဤသို့ အောင်မင်းခေါင်သည် အဇဋ္ဌာကာသကောင်းကင်ကို ရှုမှတ်ကြည့်ရှုနေစဉ် ၅-မိနစ်အတွင်းမှာပင် အရပ်လေးမျက်နှာမှ မိုးကြီး ထစ်ချုန်း၍ တအုန်းအုန်း ရွာသွန်းတော့သည် ဆိုကြောင်း။

ဤအချင်းအရာတို့ကား အလွန်ကရာ ထူးဆန်းသဖြင့် လူသာမန်တို့ ယုံကြည်ရန် အလွန်ခက်သော အကြောင်းအရာများ ဖြစ်ပါသည်။

လူသာမန် ဝေဖန်တတ်ပြီဘူ

ပညာရှင်ပုဂ္ဂိုလ်တို့ ဆုံးဖြတ်နိုင်စွမ်းမှာ ဆိုသော တဘောင်သီချင်းနှင့်အညီ ပညာရှင်တို့သာ သိနိုင်စွမ်းသော အရာမျိုးဖြစ်ပါသည်။

မိုးကြီး သည်းထန်စွာ ရွာသောရက်မှာ ၁၃၁၂-ခုနှစ်တပေါင်းလဆုတ် ၂-ရက်နေ့မှ ၆-ရက်အထိ ရွာသွန်းသည် ဆိုကြောင်း။

ဤသို့ထူးဆန်းသော အရာတို့ကို အသင်တို့သည် ယုံကြည်နိုင်ကြပါမည်လော။

ယုံကြည်ကြပါဟု ကျွန်ုပ်က တိုက်တွန်းလိုပါသည်။

(အနည်းငယ် ဝေဖန်ကြပါဦးစို့)

မေး။ ။အောင်မင်းခေါင်အရှင်သည် မည်သည့် သက္ကရာဇ်မည်သည့်နှစ်က ဖွားမြင်ပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။မည်သည့် သက္ကဆုဇ် မည်သည့်နှစ်မှာ ပုံးမြင်လာသည်ဟု အတိအကျဖော်ပြနိုင်သူ မတွေ့မရှိခဲ့ပါ။

မေး။ ။ထိုပုဂ္ဂိုလ်ကြီးသည့် မည်သည့် လမ်းစဉ်များကို ကျင့်ကြံအားထုတ် သုံးသပ် နေထိုင်ခဲ့ပါသနည်း။

ဖြေ။ ။အောင်မင်းခေါင် အရှင်သည် လွန်ခဲ့သော အတိတ်နှစ်ပေါင်း များစွာကပင် သမထဝိဇ္ဇာ လုပ်ငန်းစဉ်များကိုသာ နေ့ရှိတိုင်း ကျင့်ကြံ နေထိုင်လာသော အာဇာနည်ယောဂီကျင်းမြတ်တစ်ယောက်ဖြစ်ခဲ့ပါသည်၊

မေး။ ။ထိုသို့ သမထ ဝိဇ္ဇာလမ်းကို ကြိုးပမ်းအားထုတ်သောသူမှာ အဘယ်ကဲ့သို့သော သဘော တရားပေါ်လာတတ်ပါသနည်း။

ဖြေ။ ။စိတ္တဇရိသုဒ္ဓိ စိတ်အစဉ်စင်ကြယ်မှုတွေ့ ဖြစ်ပေါ်လာရပါသည်၊

မေး။ ။စိတ်အစဉ် စင်ကြယ်တယ်ဆိုတာ အဘယ်သဘောတရားပါနည်း။

ဖြေ။ ။စိတ်အစဉ် စင်ကြယ်တယ်ဆိုတာက ကာမဂုဏ်အာရုံတွေပေါ်မှာ ကျကျနေတတ်တဲ့ ကိလေသာတရားတွေ ကွာကွာနေတဲ့ စိတ်အစဉ်ကို စိတ်အစဉ်စင်ကြယ်တယ်လို့ ဆိုရပါသည်။ စိတ္တဇိသုဒ္ဓိစခန်းသို့ ဆိုက်ရောက်နေတယ်လို့လဲ ဆိုရပါသည်။

WWW.DHAMMARANSI.COM

မေး။ ။စိတ္တဝိသုဒ္ဓိ စခန်းပေါက်သောသူသည် အဘယ်ကဲ့သို့သော အကျိုးထူးများကို ခံစားနိုင်ခွင့်ကို ရရှိနိုင်ပါသနည်း။

ဖြေ။ ။မြေကိုလည်း လျှိုးနိုင်ပါသည်၊ မိုးကိုလည်း ပျံနိုင်ပါသည်၊ ဂင်္ဂါနဒီအဆောင်လဲ ဖန်ဆင်းနိုင်သည်၊ ဆင်ဆောင်လဲ ဖန်ဆင်းနိုင်ပါသည် ဘိုလည်း ရွာစေနိုင်ပါလည်။ ဤကဲ့သို့ စိတ်တန့်ခုံး အမျိုးမျိုးကို သုံးနိုင်ပါသည်။

မေး။ ။အောင်မင်းခေါင် အရှင်သည် ထိုကဲ့သို့သော စိတ္တဝိသုဒ္ဓိစခန်းသို့ ဟက်လှမ်းနိုင်သော ပုဂ္ဂိုလ်မှာ ဆိုနိုင်ပါသလား။

ဖြေ။ ။ဆိုနိုင်ပါသည်၊ ဆိုဝန်ပါသည်။၊ စိတ္တဝိသုဒ္ဓိစခန်းသို့ ရောက်စွမ်းနိုင်သူ မှန်ခဲ့ပါလျှင် လောကီလမ်းကို လိုက်စားက ဂင်္ဂါနဒီ နဂါးအထိ ဖန်ဆင်းနိုင်သည်။

လောကုတ္တရာလမ်းကို အလိုရှိပါက မဂ်စခန်း ဖိုလ်စခန်းအထိ တက်စွမ်းနိုင်ပါသည်၊

ဤဖြေကြားသော စကားရပ်များသည် ဘုံးတော် အောင်မင်းခေါင်၏ ထူးဆန်းသော အခြင်းအရာများကို ယုံမှားပရိုက်ရန် အကျဉ်းအားဖြင့် ကျန်ပ်က ဖြေကြားလိုက်ခြင်း ဖြစ်ပါသတည်း။

WWW.DHAMMARANSI.COM

ထွက်ရပ်ပေါက်ဝိဇ္ဇာ အောင်မင်းခေါင်အရှင်၏
(တပည့်အဖြစ် ခံယူဆောက်တည်ပုံ)

ဇေယျတု-သဗ္ဗမင်္ဂလာ။ သဗ္ဗမင်္ဂလံ၊ အလုံးစုံသော မင်္ဂလာ ကိုစွဟူသမျှသည်။ မေ၊ အကျွန်ုပ်အား။ သီဃံ။ လျှင်မြန်စွာ။ ဇေယျတု၊ အောင်မြင် ပါစေသတည်း။

ဘဒ္ဒကမ္ဘာပေါ်ဦးစွာက ဗြဟ္မာအတိတ် ကြာနိမိတ်ဖြင့် ပွင့်ကာအမှန် သယမ္ဘူထွဋ္ဌထား ရှင်စောဘုရား တို့သည် ကကုသံဂုံ- ကောဏာဂုံ- ကသသပ ဂေါတမဟူ၍ လေးဆူ ဘုရားအမည်အားဖြင့် ထင်ရှားစွာ ပွင့်တော်မူကြလေကုန်ပြီ။

ဤသို့ သုံးလောက ထွဋ္ဌထား ရှင်တော်ဘုရား လေးဆူတို့ တွင် စထုဘွမြောက် မင်္ဂလမ်းပေါက်၍ ဖြောင့်ဖြောင့်သွားရာ နိဗ္ဗူတာသို့ ဝေနေယျကြာ သတ္တဝါအများ သောင်းထိုက် သားတို့အား မဂ္ဂင်ရှစ်ထွေ သင်္ဘောလှေဖြင့် ပို့ဆောင် ကယ်တော်မူသော သုံးလောက ထွဋ္ဌထား ဂေါတမ ရှင် တော်မြတ်ဘုရားသည် ရတနာ ရွှဲလုံး ပုလဲကုံးကို သီကုံး၍ ပြဘိသကဲ့သို့၊ သစ္စာလေးပါး မြတ်တရားကို ၄၅-ဝါ ကာလ ပတ်လုံး လူနတ်ဗြဟ္မာ အပေါင်းတို့အား ဟောကြားတော်မူ ပြီးမနာက် ခန္ဓပရိနိဗ္ဗာန် စံတော်မူခဲ့လေသတည်း။

ထိုသုံးလောကဆီမီး ဘုန်းတော်ကြီးသော ဂေါတမ ရှင် တော်မြတ်ဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည်နောက် လူနတ်ဗြဟ္မာ သတ္တဝါများတို့အား လူနတ်နိဗ္ဗာန် သုံးတန်

WWW.DHAMMARANSI.COM

သော ချမ်းသာကို ရရှိနိုင်ကြရန် ကရုဏာတရား ထားတော်မူ၍ ဘုရားကိုယ်စား သာသနာ ၅၀၀၀-ထားတော်မူခဲ့ပါသည်။

ထိုသို့ ရှင်တော်ဘုရား ထားတော် မူခဲ့သော သာသနာ ၅၀၀၀-အရှည် ကြာအောင် ထွန်းလင်း တည်မြဲရန် စောင့်ရှောက်တော် မူကြကုန်သော။

၁။ ဓတရဋ္ဌနတ်မင်းကြီး
၂။ ဝိရူဋ္ဌကနတ်မင်းကြီး
၃။ ဝိရူပက္ခနတ်မင်းကြီး
၄။ ကုဝေရနတ်မင်းကြီး
၅။ မယ်တော်မီနတ်သား
၆။ ထီးချက်စောင့်နတ်သမီး
၇။ မဏီမေခလာနတ်သမီး
၈။ သိကြားမင်း
၉။ နေနတ်သား
၁၀။ လနတ်သား
၁၁။ အရိမေတ္တယျ ဘုရားအလောင်းတော် နတ်သား

ဤသို့အစရှိသော သာသနာစောင့်ဖြစ်တော်မူကြကုန်သော သောတာပန် နတ်ကောင်း နတ်မြတ်တို့အား အဟံ၊ အကျွန်ုပ်သည် အာမန္တယာမိ၊ ဖိတ်ကြားပါ၏။ အာယာစာမိ၊ တောင်းပန်ပါ၏။

၁။ အဇ္ဇာဒိ ကတွာ အဟံအဟ္ဟာနံအန္တေ ဝါသိကောတံ မံဓာရေထ။ (၃-ခေါက်ဆို)

WWW.DHAMMARANSI.COM

၁။ အဇ္ဇာဒိ ကတ္တာ၊ ယနေ့ကိုအစပြု၍ အဟံ၊ အကျွန်ုပ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အန္တေဝါသိကောတိ၊ တပည့်ဟူ၍ အကျွန်ုပ်ကို။ ထုမှေ၊ သင် နတ်ကောင်း နတ်မြတ်အပေါင်းတို့သည်။ ဓာရေထ၊ နတ်အများတို့က မှတ်သားတော်မူကြပါကုန်လော့။

ဤကား သာသနာတော်စောင့် နတ်များအား မိမိကိုယ်ကို တပည့်အဖြစ် လွှဲအပ်မုံဖြစ်ပါသည်။

ဝိဇ္ဇာဓိုရ်များအား တပည့်အဖြစ် ခံယူအပ်နှင်းမှု

ထိုမှတစ်ပါး ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ အောင်သူတကာတို့၏ အဓိပတိ အောင်သိဒ္ဓိ ဖြစ်တော်မူသော ဂေါ အမရှင်တော်မြတ်ဘုရား၏ သာသနာ ၅၀၀၀ ရှည်မြင့် ကြာအောင် စောင့်ရှောက်ထိန်းသိမ်းတော်မူကြကုန်သော၊

ဗုဒ္ဓ ဝိဇ္ဇာဓိုရ် မေ္ဓ ဝိဇ္ဇာဓိုရ် သံဃ ဝိဇ္ဇာဓိုရ် သမထ ဝိဇ္ဇာဓိုရ် ဝိပဿနာဝိဇ္ဇာဓိုရ် စမဝိဇ္ဇာဓိုရ် အင်း ဝိဇ္ဇာဓိုရ် ဆေးဝိဇ္ဇာဓိုရ် ပြဒါးဝိဇ္ဇာဓိုရ် သံဝိဇ္ဇာဓိုရ် နဝင်းဝိဇ္ဇာဓိုရ် မန္တာဝိဇ္ဇာဓိုရ် မန္တရားဝိဇ္ဇာဓိုရ် ထိုထိုသို့သော အထက်ဆရာကြီး လေးယောက်ပေါက်ဆရာကြီး ခြောက်ဆယ့်တစ်ယောက်နှင့် ဝိဇ္ဇာရှစ်သောင်းဆရာကောင်းတို့၏ တပည့်ကြီးဖြစ်သော ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ မေ္ဓစေတီ၊ ဘမင်းခေါင်နှင့် ပဌမံ ဘိုးဘိုးအောင်၊ ဦးအောင်ရသေ့၊ ဆံရှည်ကိုယ်တော် ဦးမေ္ဓစာရီ၊ ရှင်မထီး အစီအမံ ပြုလုပ်၍ ရှေပုရပိုက်မူမှန်ကို အပ်နှင်းခြင်းခံရသော ယက်

WWW.DHAMMARANSI.COM

ကန်းစင်တောင်ဆရာတော် ဦးသြဘာသ ဦးကွန်း၊ ဦးဝါအဝ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကျော်တို့၏ မိန့်မှာတော် မူချက်ကို ဦးထိပ်ရွက်ပန်ဆင်ရသော ဦးခန္တီခေါ် ကပ်ကျော် ဘဘကြီး ဦးစိုးမင်း။

ဝဏ္ဏံလက်ာရ ဆရာရသေ၊ သံသိပ္ပံဘွဲခံ ကိုးတန်သော သူတော် ပုဂ္ဂိုလ်ကျော်အပေါင်းတို့နှင့်တကွ မနောမယိဒ္ဓိယာ၊ မနောဓယသိဒ္ဓိဖြင့် ပြီးကုန်သော (၀၂) စိတ်တန်ခိုးကို အစိုးရ ကြကုန်သော တေတောဝိဇ္ဇာရော ယက်ကန်းစင်တောင် အစ ဘအောင်မင်းခေါင်အဆုံး ထိုသို့သောလူဝိဇ္ဇာမိုရ် အပေါင်းတို့ ကို အဟံ၊ အကျွန်ုပ်သည် ဝန္ဒာမိ၊ကန်တော့လိုက်ပါ၏ဘုရား။

(တပည့်အဖြစ် ခံယူအပ်နှင်းပုံ)

အာဇ္ဇဒိံကတွာ အဟံ အတ္တာနံ အန္တောဝါဘိ ကောတိမံ ဓာရေထ။ (၃-ခေါက်ဆို)

အဇ္ဇဒိံကတွာ၊ ယခန့ကိုအစပြု၍၊ အဟံ၊ အကျွန်ုပ်သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ အန္တောဝါကောတိ၊ တပည့်ဟူ၍။ မံ၊ အကျွန်ုပ်ကို။ ကုမ္ပေ၊ ယက်ကန်းစင်တောင်အစ အဘ အောင်မင်းခေါင်အဆုံးရှိသော ဝိဇ္ဇာမိုရ်ဆရာကြီးတို့သည်။ ဓာရေထ၊ ကရုဏာတရား စိတ်ကထား၍ မှတ်သားတော်မူကြ ပါကုန်လော့။

ဤကား-သာသနာပြုဝိဇ္ဇာမိုရ်ဆရာကြီးထို့အား မိမိကိုယ်ကို တပည့်အဖြစ် အပ်နှံလွှဲအပ်ပုံ ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

အောင်မင်းခေါင် အရှင်၏
အောင်ဆုတောင်းပုံ

ပေါက်ပြည်နယ် ပုပ္ပားတောင်မြတ် တောင်ကလပ် ဝိဇ္ဇာဓိုရိ အောင်မင်းခေါင်အရှင်သည် မိမိ၏ မနောပဏီဓိ ဆုတောင်းခင်းရှိသော သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဝီရိယပါရမီ၊ အလီလီသော ပါရမီတို့ကို ပြီးမြောက်စေရန် စိတ္တသုခဂူအတွင်းဝယ် ကျင့်ကြံအားထုတ်၍နေစဉ်။

သတ္တဝါအများ ကမ္ဘာသူကမ္ဘာသားတို့အား ဘေးဒုက္ခအပေါင်းတို့မှ ကင်းဝေးလွတ်မြောက်၍ မဂ်ပေါက်ဖိုလ်ဝင် အစဉ်သဖြင့် ချမ်းသာသုခ ရကြပါစေရန် စိတ်တော်က အကြံဖြစ်သည်မှာကား။

ဓာတ်ပေါင်းဘုရား တည်စိုက်ထားမှ ကမ္ဘာကြီးတော့မည်ဟု စိတ်အကြံဖြစ်တော်မူပါသည်။ ယင်းသို့အကြံဖြစ်တော်မူသည့်အတိုင်း သစ္စာဓိဋ္ဌာန်ဖြင့် ရွတ်ဆို ဆုတောင်းတော်မူသည်မှာ။

ပဉ္ဇတာလီသ ဝဿာနိ ဌတ္ဒာလွောတံ သဒေဝကံ၊
ဝီဝယိတ္ဒာဓမ္မရသံ၊
နိဗ္ဗူတောသော သသာဝတော၊
ဇတေနသစ္စဝဇ္ဇေန တောတုမေ ဇယမင်္ဂလံ၊

သောဘဂဝါ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်တုဘက်ကင်း တရားမင်းဖြစ်တော်မူသော ဂေါတမရှင်တော်မြတ်ဘုရားသည်။

WWW.DHAMMARANSI.COM

ပဉ္ဇတာလီသ ဝဿာန်၊ လေးဆယ့်ငါးဝါ ကာလပတ်လုံး။ ဌတ္ဒာ၊ တည်တော်မူ၍၊ သဒေဝကံ၊ နက်နှင့်တက္ကသော လူအပေါင်းကို။ ဓမ္မရသံ၊ ဟရားတည်းဟူသော အမြိုက်အရသာကို။ ပိယဟီတွာ၊ သောက်ချိုးစေတော်မူပြီး၍။ သသာစကော၊ ထပည့်သား သံဃာတော် အပေါင်းနှင့်တက္ကဲ။ နိဗ္ဗူတော၊ ဒုက္ခသမုဒယ ချုပ်ရာအမှန် ပြည်နိဗ္ဗာန်သို့ ကေံကြွသွားတော်မူလေပြီ၊

ဧတေနသစ္စဝဇ္ဇေန၊ ဤ ဟုတ်တာ မှန်တာ ဟုတ်မှန်တာကို အမှန်ပြောကြား ဤသစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ မေ၊ ရာဇဝင်အစောင်စောင်တွင် ကမ္ဘာတွင်အောင် အရောင်သတင်းပြောင်မည့် အောင်မင်းခေါင်ဟူသော အကျွန်ုပ်၏။ စိန္တံ, စိန္တံ၊ ကြံစီတိုင်း ကြံစီတိုင်းသော။ ပတ္တိတံ, ပတ္တိတံ၊ တောင့်တတိုင်း တောင့်တတိုင်းသော။ ဇယမင်္ဂလံ၊ အောင်ဘို့လိုရာ အောင်စရာကိစ္စအဝဇဖြစ်သော မင်္ဂလာအပေါင်းသည်၊ ဟောတု၊ ခဏမကြာ တွယ်ကူစွာသာ ဖြစ်ပါစေသတည်း။

ဤသို့လျှင် အောင်မင်းခေါင်အရှင်သည် ဖြစ်ပေါ်လတံ့သော ကမ္ဘာ၏ အရေးကိုလည်း တေးဒုက္ခကင်၊ ဝေးကြပါစေရန် နှုတ်တော်ဖြင့် ရွတ်ဆို၍ သစ္စာဓိဋ္ဌာန်တော်မူခဲ့ပါသည်။

ဤသို့ ဓိဋ္ဌာန်တော်မူသောအတိုင်း—

သတ္တဝါအများ ချမ်းသာကြရန်အတွက် သက်ဆိုင်ရာ တပည့်အပေါင်းတို့အား ဓာတ်ပေါင်းစုံ စေတီတော်များကို ယတြာအနေအားဖြင် တည်ထားကိုးကွယ်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ဟု ကျွန်ုပ်တို့ ကြားသိရပါသည်။

WWW.DHAMMARANSI.COM

(စေတီလေးမျိုး)

၁။ ဓာတုစေတီ၊ ၂။ ဓမ္မစေတီ၊

၃။ ပရိဘောဂစေတီ။ ၄။ ဥဒ္ဒိဿစေတီ၊

ဟူ၍ စေတီလေးမျိုး သတ္တဝါအများ ကိုးကွယ်ပူဇော်ကြရန် ဂုဏ်တော်ဘုရား သာသနာတော်၌ ထားရှိခဲ့ပါသည်။

ထိုလေးမျိုးသော စေတီတော်တို့တွင် အောင်မင်းခေါင်အရှင် နှိုးဆော်တိုက်တွန်း၍ တည်ထားသော စေတီတော်များသည် အဘယ်စေတီမျိုးထဲ ပါဝင်နိုင်ပါသနည်း။

ဤမေးခွန်း၏ အဖြေမှန်ကို ဖေနှင်းပြပါမည်။

၁။ ဓာတုစေတီဆိုတာက ဘုရားရဟန္တာတို့၏ ဓာတ်တော်များကို ဌာပနာ၍ တည်ထားသော စေတီမျိုးကို ဓာတုစေတီလို့ ခေါ်ရပါမည်။

၂။ ဘုရားရှင် ဟော ကြား တော် မူခဲ့သော ပိဋကတ်နိကာယ် ဓမ္မခန္ဓာအပေါင်းကို ဓမ္မစေတီလို့ သိမှတ်ရပါမည်။

၃။ ဘုရားရဟန္တာတို့၏အသုံးအဆောင်ဖြစ်သော ပရိက္ခရာများကို ဌာပနာ၍ တည်ထားသော စေတီများကို ပရိဘောဂစေတီလို့ သိမှတ်ရပါမည်။

၄။ ဘုရားရှစ်တို့အား [illegible] ကိုးကွယ်ကြရန် ကြည်ညိုကြရန် ဂုဏ်တော်ကို ရည်စူး၍ တည်ထားသော စေတီမျိုးကို ဥဒ္ဒိဿစေတီလို့ သိမှတ်ရပါမည်။

WWW.DHAMMARANSI.COM

မေး။ ။ယခု အောင်မင်းခေါင် အရှင် တည်ထားသော စေတီပေါင်းများစွာတို့ကို အဘယ် စေတီမျိုးဟု သိမှတ်ရပါမည်နည်း။

ဖြေ။ ။ခေတ်တော်တွေကို ပေါင်း၍ ခေတ်ပေါင်းစု ဘုရားဟု တည် ထား တော် မူခဲ့သောကြောင့် ခေတုစေတီတော်မျိုးလို့ သိမှတ် ရပါမည်။

ဤသို့လျှင် အောင်မင်းခေါင် အရှင်သည် နေ့စဉ်နေ့တိုင်း ကသိုဏ်းပရိကံ အမှန်တရားကို ရရှိရန် ကြိုးစားတိုင်း ကြိုးစားတိုင်း အားထုတ်တိုင်းသော အချိန်များတွင် ခေတ်ပေါင်းဘုရားကို အာရုံထား၍ ရှင်တော်ဘုရား၏ ခေတ်တော် မွေတော်များကိုလည်း ယုံကြည်သော,သဒ္ဓါ ထက်သန်သော စေတနာများဖြင့် ရှိခိုးခြင်းဝန္ဒနာ အမှုတို့ကိုလည်း ပြုလုပ် ကြိုးစားသည်ဟု ကျွန်ုပ်တို့ သိရှိရပါသည်၊

(ခေတ်တော်များကို ရှိခိုးပုံ)

၁။ မဟန္တာမုဂ္ဂမတ္တာဝ၊
မဏ္ဍိမာဘိန္နတဏ္ဍုလာ၊
ဒုဒ္ဒကာသာသပမတ္တာဝ၊
တောဝန္ဒာမိခေတုယော။

(ဗမာပြန်ယောဇနကား)

ပရိနိဗ္ဗူတာနံ၊ ပရိနိဗ္ဗာန် စံဝင်တော် မူကြိကုန်ပြီးသော။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ခေတုယော၊ ခေတ်တော်တို့သည်။

WWW.DHAMMARANSI.COM

ပမာဏတော၊ အတိုင်အတာအားဖြင့်။ မယန္တာ၊ အကြီးဆုံ
ဖြစ်သော ဓာတ်တော်တို့သည်ကား။ မုဂ္ဂမတ္တာဝ၊ ပဲနောက်း
လုံးမျှ ပမာဏရှိကြကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မဇ္ဈိမာ၊ အလတ်စားဖြစ်သော ဓာတ်တော်တို့လည်း။
ဘိန္နတဏ္ဍုလာ၊ တဆံကျီးမျှပမာဏရှိကြကုန်သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။

ခုဒ္ဒကာ၊ အငယ်စားဖြစ်သောဓာတ်တော်တို့သည်။ သာသ-
ပမတ္တာဝ၊ မုန်းညင်းစေ့မျှ ပမာဏ ရှိကြကုန်သည်သာလျှင်။
ဟောန္တိ၊ ဖြစ်ကုန်၏။

တောဓာတုယော၊ ထိုသုံးလူထွင့်ဘင် ဘုရားရှင်တို့၏
ဓာတ်တော်မွေတော်တို့ကို။ အဟံ ရာဇဝင် အစောင်စောင်မှာ
ကမ္ဘာတွင်အောင် နောင်သတင်းပြောင်မည့် အောင်မင်းခေါင်
တည်းဟူသော အကျွန်ုပ်သည်။

ဝန္ဒာမိ၊ အဥ္ဇလီဂါရဝ ပဏာမဖြင့်၊ စိတ်ဓာတ်ညွှတ်ကျိုး
သဒ္ဓါနှိုး၍ ရှိခိုးပါ၏ဘုရား။

ဤသို့လည်း အောင်မင်းခေါင် အရှင်သည် ဓာတ်တော်
မွေတော်တို့၏ ကိန်းဝပ်ရာ ဓာတ်ပေါင်းစု စေတီတော်
များကိုလည်း အမြဲမပြတ် ဆည်းကပ် ပူဇော်လေ့ရှိကြောင်းကို
ကျွန်ုပ်တို့ ဒိဋ္ဌအမှန် သိရှိရပါသည်။

ဤသို့ သိရှိရသည့်အတိုင်း ကျွန်ုပ်တို့သည် အောင်မင်းခေါင်
အရှင်၏ ကျင့်စဉ်လမ်းများကို လွန်ခဲ့သော အတိတ်အချိန်က
စ၍ ဝေဖန် သုံးသပ် ဥဏ်ဖြင့် ဆုံးဖြတ် ကြည့်ရှုရန် လိုပေ
ကြောင်း။

WWW.DHAMMARANSI.COM

မေး။ ။အောင်မင်းခေါင်သည် လွန်ခဲ့သော အတိတ်အချိန်က မည်သည့်ဒေသမျိုး၌ အနေ များခဲ့ပါသနည်း။

ဖြေ။ ။အရညာတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညဂါရဂတောဝါနိသီဒတိ ဟူသော ဒေသနာတော်နှင့် အညီ တရားကို အားထုတ်သော ပုဂ္ဂိုလ်ပီပီ လူသူမနီးသော တောကြီး မြိုင်လယ် အရပ်တို့၌သာ နေထိုင်လေ့ရှိသည်ဟု ကျွန်ုပ်တို့ သိရပါသည်။

မေး။ ။ဤသို့ဖြစ်က ထိုပုဂ္ဂိုလ်ကြီးသည် အဘယ်ကို ရည်မှန်း၍ တောတန်း မြိုင်လယ်မှာ နေထိုင်ပါနည်း။

ဖြေ။ ။ကျွန်ုပ်တို့ ကြားဘူးရသည်မှာ ထိုအောင်မင်းခေါင် အရှင်သည် သမ္မာသမ္မောဓိ ဘုရားဆုပန်ယောကျ်ား မြတ်တစ်ယောက် ဖြစ်ကြောင်းကို သိရှိရပါသည်၊

မေး။ ။ထိုအရှင်သည် အဘယ်မည်သော တရားမျှားကို ပွားများ အားထုတ် ကျင့်သုံးနေထိုင်သည်ဟု ကြားဘူးပါသနည်း။

ဖြေ။ ။အာနာပါန ကမ္မဋ္ဌာန်း ပထဝီကသိုဏ်း ကမ္မဋ္ဌာန်း မေတ္တာ ကမ္မဋ္ဌာန်း ကရုဏာ ကမ္မဋ္ဌာန်း စသော သမထ ကမ္မဋ္ဌာန်း တရားမျာ၊ကို ပွားများအားထုတ် ကျင့်သုံး နေထိုင်သူ တစ်ယောက်ဟု သိရှိရပါသည်။

မေး။ ။ထိုမှ တစ်ပါး လောကစရိယ လထု အကျိုးငှာ အဘယ်မည်သော တရားမျိုးကိုလည်း အားထုတ် ဆည်းပူးခဲ့သည်ဟု ကြာဖူး မြင်ဖူးခဲ့ပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။ကိုးနဝင်း စေတီ ၉ တောင်ပြည့် စေတီ ကမ္ဘာ စေတီ ကမ္ဘာလုံး စေတီ ဓာတ်ပေါင်းစုံ စေတီ စသော သာသနာ့ အဆောက်အဦး စေတီတော် အမျိုးမျိုး တို့ကိုလည်း တည်ထား ပြုလုပ်သူ တစ်ယောက် ဖြစ်ပါသည်။

မေး။ ။ဤသို့ဖြစ်က ထိုအောင်မင်းခေါင်အရှင်ကို အဘယ် ပုဂ္ဂိုလ် အတန်းအစားတည်းတွင် ထည့်သွင်းခေါ်ဆို ထိုက်ပါသနည်း။

ဖြေ။ ။ဘုရားရှင်၏ သာသနာပြု အစင်သာသနာဝင်များ တွင် သာသနာပြု ပုဂ္ဂိုလ်ထူး တစ်ယောက်ဟု သွတ်သွင်း ခေါ်ဆိုထိုက်သော ပါရမီရှင်တစ်ယောက် ဖြစ်ပါသည်။

(ဝိဇ္ဇာသိပ္ပ အစွမ်းကိုပြခြင်း)

ဘိုးတော် အောင်မင်းခေါင်အရှင်သည် သာသနာပြုဘုရင် ဗမာ့ ပလ္လင် ပေါ် မှ ကွယ် ပျောက် သွား ပြီး သည့် နောက် ၁၂၅၀-ခုနှစ်ကစ၍ ၁၃၈၄ ခု အထိ လောကတ္ထစရိယ လူထု၏ အကျိုးနှင့် ဗုဒ္ဓတ္ထစရိယ ဘုရားဖြစ်ရန် ပါရမီတို့ကို ဖြည့်ဆည်း ပေးခြင်းအကျိုးငှာ မြို့ရွာအသီးသီးသို့ လျှောက်၍ ဓာတ်ပန္ဓက် များကို ရိုက်နှက်တော် မူကောအခါ တစ်ချိန် တစ်ချိန်တွင် တော ရပ်မြို့ဝ် နွယ် ဂနိုင်နယ်၌ အာရုံလေ့ ကာမဂုဏ် အတွေ့တို့ကို ပယ်သတ်ဖယ်ရှားတော်မူ၍ ဘုရားဖြစ်ရန် ဆုကြီး ပန်ပီပီ သမထအလုပ်တို့ကိုသာ အားထုတ် ကြိုးစားတော်မူ၍ နေရှာပါသည်။

WWW.DHAMMARANSI.COM

ဤသို့လျှင် ထိုအရှင်သည် အတိတ်ကာလ နှစ်ပေါင်းများစွာက တစ်မြို့ဝင်တစ်မြို့ထွက် တစ်ရွာဝင်တစ်ရွာထွက် တစ်တောဝင် တစ်တောထွက် တစ်တောင်တက် တစ်တောင်ဆင်းဆိုသလို သာသနာဓာတ်ပန္ဓက်များကို ရိုက်နှက်ဆောင်ရွက်ရာ၌ အောင်မင်းခေါင် အရှင်၏ သိဒ္ဓိတန်ခိုးကို တစ်စုံတစ်ယောက်သောသူမျှ မသိရှိကြဘဲ အရှားကြီးဟူ၍ပင် ပြစ်မှားကြ ကဲ့ရဲ့ကြ ပြောင်လှောင်ကြပါသည်။

အောင်မင်းခေါင်အရှင်သည် တစ်ရွာမှတစ်ရွာကို ထွက်ခွါသောအချိန်များတွင် သိဒ္ဓိဗလ တစ်မျိုးမျိုးဖြင့် အံ့ဖွယ်တစ်ခုခုကို ပြ၍ပြ၍ ဟွက်အားတတ်သည်ဟု သိရှိရပါသည်။

အသာအသာမှောင်ရိပ်ကိုနင်းပါလို(မင်း)တိတ်တိတ်လာ

ဟု ဆိုင်းဆရာများ သီဆို ကီးမှုတ်ကြသော တတောင် သီချင်းအရ ဓာတ်ပန္ဓက်များကို ရိုက်နှက်ရန် လွှန်ခဲ့သော နှစ်များ၏ အချိန်တစ်ချိန်တွင် အောင်မင်းခေါင် အရှင်သည် အထက်ဗမာပြည် မဲ့ဇာရွှေလီနယ် မိုးမှောင်ကျတောင် သီတာချောင်၌ ကြွရောက် နေထိုင်သည် ဆိုကြောင်း။

ထိုအခါ အထက်မြစ်ညာမှ ရေမျောလာသော အလွှန်ကြီးမားသော ကျွန်းသစ်ကြီးတစ်ကုံးသည် အောင်မင်းခေါင် အရှင်၏ နေထိုင်ရာ ရွှေလီမြစ်ကွေ့တွင် ကန့်လန့်ကြီး တန့်လျက် နေသည်ဆိုကြောင်း။

ထိုအခါ ရွှေလီမြစ်အတွင်း၌ အစုံအဆန် သွားလာကြသော သင်္ဘောလေ့တောင်ဟို့သည် ထိုသစ်ကြီး တင်နေသော ကွေ့သို့ ရောက်ရှိကြသောအခါ သစ်ကြီးကို မရှောင်လွှဲနိုင်ကြ

WWW.DHAMMARANSI.COM

တဲ စီးဆင်းသော ရေအဟုန်ဖြင့် ဝင်ဆောက် တိုက်ခိုက် မိကြ
သဖြင့် ဖေါင်တွေပျက် လှေတွေမြုတ်နှင့် လှေသမား ဖောင်
သမားများမှာ များစွာ အတိ ဒုက္ခ ဆောက် နေကြသည် ဆို
ကြောင်း၊

ထိုသစ်ကြီးကား ထူးဆန်းသော သစ်ကြီးဟု ဆိုရပါမည်။
ပိုင်ရှင် ဖြစ်သော သစ်ကုမ္ပဏီမှ အမျိုးမျိုးသော စက်ကြီး
ယန္တယားတို့ဖြင့် ဆွဲချိတ် တွန်းချသော်လည်း မရဘဲ လက်
လျော့၍ နေရသော သစ်တုံးကြီးတစ်ခု ဖြစ်ပါသည်။

ဤသစ်ကြီး ပိတ်ဆို့မှုကြောင့် အစုံအဆန် လွှားလာကြ
သော လှေသမား ဖောင်သမားတို့မှာ ဒီသစ်ကြီးကြောင့်
ဒုက္ခပဲ ဒီသစ်ကြီးကြောင့် ဒုက္ခပဲဟု ညည်းတွားရှိသာ နေကြ
ရပါသည်။ ဤသစ်ကြီး ရွှေ့ရှားအောင်တော့ မည်သူတစ်ဦး
တစ်ယောက်မျှ မတတ်နိုင်ကြဘဲ သစ်ကြီးကို လှေသမား ဖောင်
သမားလူထုက လက်မြောက်ကြရတော့သည် ဆိုကြောင်း။

ထိုအခါ အောင်မင်းခေါင်အရှင်သည် ကြိမ်တစ်ချောင်းကို
ကိုင်လျှက် သစ်ကြီးပိတ်ဆို့၍နေရာ ရွှေလီမြစ်ကမ်းသို့ ဆောက်
လာသည် ဆိုကြောင်း။

အောင်မင်းခေါင်အရှင်သည် ကြိမ်လုံးကို ဝင့်ခါ သစ်ကြီး
ကို အမိန့်ပေးသည်မှာ- ဟေ့ သစ်ကြီး မင့်ကို လူထုအားလုံးက
မုန်းကုန်ကြပြီ လူထုအများက မင်းကို မကြည်ညိုကြတော့ဘူး
ဟု ပြောဆိုကာ ကြိမ်လုံးနှင့် နှစ်ခါ သုံးခါ တို့ လိုက် သော
အခါ သစ်ကြီးသည် ချက်ခြင်းပင် ရွှေလီကွေ့မှ ရှောကနဲ
မြစ်သည်လိုအဆောက် ထွက်ခွါသွားတော့သည် ဆိုကြောင်း။

WWW.DHAMMARANSI.COM

ထိုအခါ အောင်မင်းခေါင် အရှင်သည် သစ်ကြီးကို ခွစီး၍ ပါသွားပါသည်၊ မြစ်လယ်သို့ ရောက်သောအခါ ကမ်းနဖူးမှ လူထုအားလုံးသည် အံ့ဩစွာဖြင့် ကြည့်ရှုနေကြစဉ် အထက်ကို ဆန်လိုက်၊ အောက်ကို စုံလိုက်နှင့် ၂ကြိမ် ၃ကြိမ်မျှ ပြုလုပ်ပြီးလျှင် အောင်မင်းခေါင် အရှင်နှင့်အတူ သစ်ကြီးသည် ထောင်လျှက် မြစ်လယ်၌ နစ်မြုပ်သွားတော့သည် ဆိုကြောင်း။

ဤအခြင်းအရာ တို့သည် ကား-

ရွှေလီ မြစ်ဆိပ်တွင် ရေချိုး ရေခပ်ကြသော လူထုတို့ ရှေ့တွင်ဖြစ်၍ လူထုအားလုံး မြင်ကြရသော လက်တွေ့ အဖြစ် အပျက်များသာ ဖြစ်ပါသည်။

ထိုသို့ ဘိုးမင်းခေါင် အရှင်နှင့် သစ်တုံးကြီး နစ်မြုပ်၍ သွားပြီးသည့်နောက် တစ်လလောက်အကြာတွင် ရွှေလီရွာမှ လူတစ်ယောက်သည် မြစ်ကြီးနားသို့ ရောက်သွားသောအခါ မြစ်ကြီးနားမြို့၏အထက် မြစ်ကမ်းနဖူးပေါ်တွင် ထိုသစ်ကြီး တင်နေဘာကို မြင်ရခဲ့သည်ဆိုကြောင်း၊ ယခု အချိန်အထိပင် ထိုသစ်ကြီး ရှိသေးသည်ဟု ကျွန်ုပ်တို့ သိရှိရပါသည်။

(တဘောင် သီချင်းအရ မြင်းမြင်ပုံ)

မမလေး ဆူခိုးမယ်လို၊ လူဆိုးတွေနဲ့ မောင်တိုင်ပင်
မန်းမြို့တောင်ညောင်ပင်ကြီးမှာ မြင်းကိုယ်စီပြင်၊

ဟူသော တဘောင်သီချင်းအရ အောင်မင်းခေါင် အရှင်သည် မြင်းပြင်သော ဓာတ် အလုပ်ကို ပြုလုပ်တော်မူသည်မှာ အထက်ဗမာပြည် ထီးချိုင့်နယ် ညောင်ပင်သာရွာ အနီး တောအုပ်ကြီးတစ်ခုတွင် နောက်တော်ပါ တပည့်ကြီး

WWW.DHAMMARANSI.COM

ဦးပေါ်ဦးနှင့် မြင်းစီးခြင်း ဓာတ်ပန္နက်ကို ပြုလုပ်နေကြပါသည်။

မြင်းပြင်ပုံကတော့ ညောင်ပင်သာ ရွာမှာရှိတဲ့ မြင်းတွေကို ညတိုင်းညတိုင်းဦးပေါ်ဦးကို ခိုးရန်စေခိုင်းပါသည်။ ဦးပေါ်ဦး ခိုးယူလာသော မြင်းများကို အောင်မင်းခေါင်အရှင်သည် ဦးပေါ်ဦးနှင့်အတူ မြင်းစီး အတတ်ကို ဖြတ်လတ်စွာ အစီးကျင့် မြင်းရေး ပြနေကြသည် ဆိုကြောင်း။

ထိုအခါ မြင်းပျောက်သော လူထုသည် မြင်းများကို လိုက်လံ ရှာဖွေကြသော်လည်း မြင်းများကို မတွေ့ရဘဲ ဖြစ်နေကြသည်ဆိုကြောင်း။ တစ်နေ့၌ မြင်းရှာသောသူများသည် လမ်းမှား၍ တောနက်တစ်ခု အတွင်းသို့ ရောက်သွားကြသော အခါ-

အဘိုးကြီးနှစ်ယောက်သည် ၅၀-ကျော် ၆၀-မျှ ရှိသော မြင်းအုပ်ကြီးကို မြင်းကြောင်းရင်း မြင်းစီး လေ ကျင့်နေကြသည်ကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ကြသည်ဆိုကြောင်း။ ထိုအခါ မြင်းရှင်များသည် အံ့သြစွာဖြင့်ပြန်သွားကြပါသည်။ ထူးဆန်းသော အချက်တစ်ခုမှာ မြင်းများ ပျောက်နေစဉ် အချိန်မှာ ဘယ်အချိန်က ပျောက်သွားသည်ဟု မသိရသည့် အပြင် ပြန်ရောက်သော အချိန်တွင်လည်း မသိကြရချေ။ ချီတိုင်တွင် မြင်းကိုမြင်ရသောအခါမှသာ သိရှိကြပါသည်။

ထို့ကြောင့် မြင်းပျောက်သော လူထုသည် လိုက်မရှာကြတော့ဘဲ အောင်မင်းကြီး ဖမ်းသွားတယ် အချိန်ဘန်လျှင် ပြန်ရောက်မှာပဲဟု စိတ်ချကာ နေကြပါသည်။

WWW.DHAMMARANSI.COM

ဤ အခြင်းအရာတို့သည်ကား အောင်မင်းခေါင် အရှင်၏ ထူးခြားချက်များဟု သိမှတ်ထား စေလိုပါသည်။

အောင်မင်းခေါင် အရှင်သည် ထိုအရပ်မှ ဖဲ့ခွာ၍ ကချင် တောစ်တန်းသို့ ဇာဖန် ကြွသွားတော် မူပြန် ပါသည်။ ။ထို ကချင် တောစ်တန်းတွင် နေထိုင်စဉ်၊

တစ်ခါတစ်ခါတွင် တောတွင်းသင်္ဘဝါ ကျားကြီးများနှင့် သတ်ပုတ်ကစားလေ့ ရှိပါသည်။ တစ်ခါတစ်ခါတွင် ကြီးမား သော သစ်ပင်ကြီးများကို ဆွဲနှုတ်၍ ပြစေလေ့ရှိသည် ဆိုကြောင်း၊

ဤ အခြင်းအရာများကို အနီးအနား၌ ကချင် တောင်သူ လယ် သမားတို့ မြင်ရသောအခါ ၎င်းတို့ ကိုးကွယ်သော နတ်ကြီးဟု ထင်မှတ်ကြ၍ စားစရာ သောက်စရာ အဖြာဖြာတို့ ကိုလည်း ဓာဝ်မြောက် လှူဒါန်း ကြပါသည်။

မေး။ ။အဘယ့်ကြောင့် အလောင်းတော် အောင်မင်း ခေါင်သည် ကချင်တောင်သို့ ကြွသွားပါအံ့နည်း၊

ဖြေ။ ။နောင်သာသနာတစ်ဝက်မဲ့စေ့အောင် ချိန်တွင် ဤတောင်တန်း၌ သာသနာတော် ပင့်ထွန်းရန် သာသနာ့ ခေတ်ပန်းက် ရိုက်နှက် ထား နှင့်ရန် ရည်သန်၍ ကြွသွားတော်မူသည်ဟု သိမှတ်ရပါသည်။

(မှတ်ချက်)ယခုအခါ အောင်မင်းခေါင် အရှင်၏ ရိုက်နှက် ခဲ့သော ခေတ်များလိုက်၍ လာပေပြီ။ အကြောင်းသင့်ကား-

ယခုအခါ ကျွန်ုပ်၏ခေါင်းဆောင်ကြီး ဝန်ကြီးချုပ် (ဦးနု သည်) တောင်တန်း သာသနာပြုအဖွဲ့များကို ဖွဲ့စည်း၍ တောင် တန်းခေသမျာ်း၌ သာသနာ့အဆောက်အဦးဖြစ်သော စေတီ

WWW.DHAMMARANSI.COM

ပုထိုး တည်စေခြင်း ဗောဓိပင်ပျိုများကို စိုက်စေခြင်းစသော သာသနာပြု လုပ်ငန်းစဉ်များကို ချထားတော်မူပြီးလေပြီ။

(ထူးဆန်းသော အရာတစ်ခု)

ထိုကချင် တောင်တန်းမှတဖန် မိုးကောင်းနယ်သို့ ပြောင်းရွှေသွားပြန်သောအခါ ခရီးစခန်းတစ်ခုတွင် ပန်းသေး တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်တွင် ခေတ္တ ဝင်ရောက် နားနေတော်မူပါသည်။

ထိုအချိန်တွင် ဆိုင်ရှင် တရုတ်သည် ကြွက် တစ်ကောင်ကို ယူလာ၍ အောင်မင်းခေါင် အရှင်၏ရှေ့၌ သတ်ဖြတ်ရန် ပြုလုပ်နေဆဲဆဲတွင် အောင်မင်းခေါင်အရှင်က ဟေ့ပေါက်ဖေါ်မသတ်ပါနဲ့ကွာ လွှတ်လိုက်ပါဟု ပြောသော်လည်းတရုတ်သည် ဂရုမစိုက်ဘဲ ကြွက်လည်ကို ဓားနှင့် လီးဖြတ်ခါ အောင်မင်းခေါင် အရှင်၏ ရှေ့တွင် ပစ်ချလိုက်သည် ဆိုကြောင်း။

ထိုအခါ အောင်မင်းခေါင် အရှင်သည် ကိုယ်နှင့်ခေါင်းထခြားစီ ဖြစ်နေသည်ကို ကောက်ယူ၍ ပြန်ဆက် လိုက်သောအခါ ကြွက်သည် ပကတိ အရှင်ပြန်ဖြစ်၍ အတောင်နှစ်ဘက်ကို ခပ်လျက် ၂ခါ ၃ခါတွန်ပြီးလျှင် ကောင်းကင်သို့ ပြန်ဆက်ခါ တောအုပ်တစ်ခုသို့ ဝင်သွားပါသည်။

ဤသို့ အံ့ဩစရာ ထူးဆန်းသော အခြင်းအရာများကိုပြပြီးလျှင် အောင်မင်းခေါင် အရှင်သည် ချက်ခြင်းပင် ထွက်ခွာကွယ်ပျောက်သွားတော့သည် ဆိုကြောင်း။

WWW.DHAMMARANSI.COM

အောင်မင်းခေါင်အရှင်၏

မဟိဒ္ဓိဓာတ်တန်ခိုးကို အစိုးရပုံ

ဥဒါဟရဏ်တရပ်

အလောင်းတော် အောင်မင်းခေါင်သည် ၁၂၅၀-ပြည့်နှစ်ကစ၍ အားထုတ်လျက်ရှိသော သာသနာ့ဓာတ်ငုတ်ကို တိမ်မြုပ်မသွားစေရန် အတန်တန်သော ယတြာ ဓာတ်အလုပ်တို့ကို ပြုလုပ်ကြီးစားနေသည်မှာ လူသာမန်တို့ ပြုလုပ်ရန် မစွမ်းနိုင်သော အလုပ်ကြီးတစ်ခု ဖြစ်ပါသည်။

မှတ်တမ်းများအရ ဓာတ်စခန်းကျသော မြို့ရွာများ သို့သာသနာ့ဓာတ်ပန္နက်ကို ရိုက်နှက်ရန် သွားရသောအချိန်များတွင် တစ်ချိန်ချိန်တွင် သူရှားအသွင်ဆောင်၍ ဓာတ်စခန်းများကို ဖွင့်ရပါသည်။ တစ်ချိန်ချိန်တွင် သူငယ်ရောင်အသွင်ဆောင်၍ သာသနာ့ဓာတ်စခန်းကို ဖွင့်ရပါသည်။

ဤသို့လျှင် အောင်မင်းခေါင်အရှင်သည် အသွင်အမျိုးမျိုးကိုဖန်ဆင်း၍ သာသနာအလင်းရောင် ဓာတ်အားကို မပြတ်မနား ဖွင့်လိုက်သောအချိန်တွင် (ဂိုဏ်းတော်ကြီးကနှီးဆော်) ချက်ဟူသော ဓာတ်ဝင်သိအမိန့်စာကို တစ်ပြည်လုံးဖြန့်ဝေလိုက်သောအခါ ပမာပြည်ရှိ လူထုအားလုံးတို့သည် လိုက်နာကျင့်သုံးကြသည်မှာ ကျွန်ုပ်တို့၏ မျက်မှောက်၌ပင် အံဖွယ်တစ်ရပ်ဖြစ်ခဲ့ပါသည်။

WWW.DHAMMARANSI.COM

အဘယ်ကဲ့သို့ အံ့သြဖွယ်တရပ် ဖြစ်ခဲ့ပါသနည်း။

တိုဇိုဏ်းတော်ကြီးက နှိုးဆော်စာအရ ဗမာပြည်အတွင်းရှိ မြို့ကြီး (၈၀)ကျော်နှင့် ကျေးရွာပေါင်း (၄၀၀၀)ကျော်တို့တွင် ၉-တောင်ပြည့် စေတီတော်ကလေးများကို တစ်မြို့လျှင် တဆူကျ တစ်ရွာလျှင်တစ်ဆူကျ တည်ထားကိုယ်ကွယ်ကြသဖြင့် ဗမာပြည် တစ်ပြည်လုံးပင် လူတန်းစား မရွေး ဘုရားဒကာ ဘုရားဒါယိကာမတွေ ဖြစ်ခဲ့ကြောင်းမှာ လူတိုင်းပင် အသိ ဖြစ်၍ ဟုတ်မှန်ကြောင်းကို ဝန်ခံရမည် ဖြစ်ပါကြောင်း။

မေး။ ။ဤသို့လျှင် ဘုရားတည်ခြင်းဓာတ်ပန္နက်များကို အဘယ်ကြောင့် အောင်မင်းခေါင် အရှင်တရိုက်နှက်ရပါသနည်း။

ဖြေ။ ။ကုသလာဓမ္မာ သုခဝိပါကလက္ခဏာ-ဟူသော ဒေသနာတော်အတိုင်း၊ တိုင်းပြည် လူထုအား အလွန်တရာ သနားတော်မူသဖြင့် ဘုရားတကာတွေဖြစ်အောင် ကုသိုလ်ဓာတ်ကို ရိုက်နှက်ပေးခြင်းသာ ဖြစ်ပါသည်။

ကုသလာ၊ ဘုရားကလေးငယ်ငယ် (၉)တောင်ပြည့် တည်ရတဲ့ ကုသိုလ်ဟု ဆိုအပ်ကုန်သော ဓမ္မာ ဓာတ်သဘောတို့သည်၊ တိဟိကပေ့ဟိ၊ စစ်ဘေးစစ်ဒဏ် အမှန်ခံရလတံ့သော သတ္တန္တရကပ် ဆောဂါဘေးဆိုး အမျိုးမျိုး ကျဆောက်၍ သေရလတံ့သော ဆောဂန္တရကပ် အစာခေါင်းပါး ဆောဂါပွားရှ် အေရလတံ့သော ဒုဗ္ဘိက္ခန္တရကပ်ဟု ဆိုအပ်ကုန်သော ဤသုံးပါးသော ကပ်တို့မှ သုခဝိပါကလက္ခဏာ ကင်းစင်

WWW.DHAMMARANSI.COM

လွှင့်ပျေဒက် ဓကျရောက်ဘဲ ကောင်းကျိုးသုခ ဟူသမျှတို့ကို ရရှိခံစားခြင်းလက္ခဏာ ရှိကုန်၏။

ဤကဲ့သို့ကုသိုလ်ကိုပြုစေတာက အကြောင်းဓာတ်သဘော ပရမတ်သဘော ဖြစ်ပါသည်။

ကမ်သုံးပါးမှ လွှတ်တာက အကျိုးဓာတ်သဘော ပရဓာတ်သဘော ဖြစ်ပါသည်။

အောင်မင်းခေါင်အရှင်သည် တွေ့လတံ့သောကမ်သုံးပါးမှ ကင်းလွှတ်ကြစေရန် လူထုအား အလွန် သနားတော်မူသဖြင့် ဤလို (၉) တောင်ပြည့်စေတီများကို တည်ထား ဆည်းကပ်ကြရန် သာသနာ့ ဓာတ်ပန္နက်ကို ရိုက်နှက်ခြင်း ဖြစ်ပါသည်။ ဤသည်ကား ဓာတ်ပန္နက် ဒျထားပုံတို့ကို သိလွယ်ရုံ ဖော်ပြသော အဓိပ္ပာယ်စကားရပ် ဖြစ်ပါသည်။

အောင်မင်းခေါင် အရှင်သည် မြစ်ကြီးနားနယ် နမ္မခရ ချောင်း၌ သာသနာဓာတ်အလုပ်ကို ပြုလုပ် ကြိုးစားနေစဉ် မြစ်ကြီးနား မီးရထားကြီးသည် တစ်နေရာတွင် လမ်းချော်၍ ကျသွားပါသည်။ ထိုအခါ အောင်မင်းခေါင်အရှင်သည် တုတ်တိုကလေး တစ်ချောင်းဖြင့် နွားမောင်းသလို ရထားကြီးကို မောင်းလိုက်သဖြင့် မီးရထားကြီးသည် မူလသံလမ်းသို့ ရောက်၍ ထွက်သွားတော့သည်ဟု သိရှိရပါသည်။

ထိုမှတစ်ပါး ရထားလမ်းတံတားတစ်ခု ကြိုးပျက်နေတာကို ရထားဘက်ဆိုင်ရာ အရာရှိများ မသိရှိဘဲနေသဖြင့် လူထုအများ ချမ်းသာကြစေရန်ရည်သန်၍ ကြိုးပျက်နေသော တံတား၏ ရှေ့တည့်တည့် သံလမ်းပေါ်တွင် ခေါင်းတင်၍ အိပ်နေ

WWW.DHAMMARANSI.COM

သည်ဆိုကြောင်း၊ ထိုအချိန်တွင် မီးရထားကြီးသည် အားကုန်ခုတ်မောင်းလာရာ အောင်မင်းခေါင်အရှင်၏ အနီးသို့ ကျရောက်သောအခါ ခုတ်မောင်း၍မရလဲ တစ်ခါတည်း ရပ်တန့်၍နေသဖြင့် မီးရထားအရာရှိများ ဆင်း၍ ကြည့်ရှုကြရာ ကြိုးပျက်နေသော တံတား၏ ရှေ့တွင် အောင်မင်းခေါင်ကြီး အိပ်နေသည်ကို မြင်ကြရသဖြင့်—

လူထုအပေါင်းသည် အလွန်အံ့သြကြပြီးလျှင် အောင်မင်းခေါင်ကြီးကြောင့် တို့အသက်မသေတာဟု ဆူညံစွာအော်ဟစ်ပြောဆိုကြပါသည်။

ဤသည်ကား လူအပေါင်းများစွာတို့၏အသက်ကို အောင်မင်းခေါင်အရှင်က တန်ခိုးသတ္တိဖြင့် ကယ်ဆယ်ခြင်းဟု သိမှတ်ရပါမည်။

ဤသို့လျှင် အောင်းမင်းခေါင်အရှင်သည် ပါရမီဖြည့်ကျင့်၍နေထိုင်စဉ် တစ်ချိန်ချိန်တွင် မိမိပိုင်စိုးအော ဝိဇ္ဇာမယိဒ္ဓိ တန်ခိုးဖြင့် လူထုအပေါင်း၏ စိတ်ကို ဆွဲဆောင်၍ ကုသိုလ်တရားတို့ကို ပွားများအားထုတ်စေပါသည်။

အောင်မင်းခေါင်အရှင်သည် ၁၂၉၀-ပြည့်နှစ်မှ ၁၃၀၀-ပြည့်နှစ်အထိ ပါရမီဖြည့်ရန် ကျင့်စဉ်များကို ကျင့်သုံး၍ ဆယ်နှစ်တိတိ နမ္မခရုချောင်း၌ နေထိုင်ခဲ့ပါသည်။

(သိုက်တဘောင်အရ ထွက်ခွာကြွမြန်းတော်မူပုံ။)

၁။ သက္ကရာဇ်တွက်စစ်ခါ အကုန်မပြချင်ဘု၊

၂။ သုညငယ်နှစ်လီကျော်တော့၊

ပြည်တော်ကို ကလော်မယ့်ကိန်းတာက၊

WWW.DHAMMARANSI.COM

ဆိုသော်တဘောင်အရ တိုးတော်အောင်မင်းခေါင် အရှင်သည် ပြည်သူ လူထုအတွက် ယကြာ ဓာတ်ပန္ဒက်ကို ရိုက်နှက်ရန် ထိုအရပ်မှ ထွက်ခွာ ကြွမြန်းတော်မူရရှာပါတယ်။

ထိုသိုက်တဘောင်၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ သုညနှစ်လုံးပေါ်သောနှစ်များ၏ နောက်ဆောက်ဆဲဖြစ်သော နှစ်များသည် သက္ကဝါလူထုအပေါင်းအား ဘေးဒုက္ခ ကျဆောက်တတ်ခြင်း၊ ပြည်တွင်းရေးများ ဆူပူသောင်းကျန်းတတ်ခြင်း၊ ဤသို့စသောဒုက္ခများ ကျဆောက် တတ်သည်ဟု အဓိပ္ပာယ် သိမှတ်ရပါသည်။

၁၃၀၀-ပြည့်နှစ်အား သုညနှစ်လုံး အဆုံးရှိသော နှစ်ဖြစ်ပါသည်။ ၁၃၀၀-ပြည့် နှစ်၏နောက် ၁၃၀၁-ခုနှစ်မှ ယခုစာရေးနေဆဲ ၁၃၁၃-ခုနှစ်အထိ နှစ်များသည် သုညနှစ်လုံးမှ ကျော်လွန်သော နှစ်များဟု ဆိုလိုပါသည်။ ထိုနှစ်များသည် တိုင်းပြည် ကလော်မည့်ကိန်းတွင် ပါဝင်နေသော နှစ်များဟု အဓိပ္ပာယ်ကို သိမှတ်စေလိုပါသည်။

မေး။ ။ထိုသိုက်စာအဆို မှန်ပါသလား၊

ဖြေ။ ။မှန်နေပါပြီ၊

ကျွန်ုပ်တို့သည် ဤသိုက်စာ အဆို၏ မှန်ကန်နေခြင်းကို အနည်းငယ် ဖော်ပြရမည် ဆိုပါလျှင် ၁၃၀၁-ခုကစ၍ ယခုစာရေးနေဆဲအချိန်အထိ ၁၄-နှစ်အတွင်း ဗမာပြည်၌ စစ်ကြီးပြစ်၍ ဝေနေယျ လူထုများ သေကြေ ပျက်စီး ဒုံကြရခြင်း၊ စစ်ကြီး ပြီးသည့်နောက် ပြည်တော်ကို ကလော်မဲ့ကိန်း ဆိုက်ဆောက်နေပုံမှာ ဆောင်စုံ သူပုန်တို့သည် ကနေ့ထိ လူသတ်ပွဲ

WWW.DHAMMARANSI.COM

ကြီးကို ဆင်နွဲလျက်နေကြသည်တို့မှာ နေ့စဉ်သတင်းစာများကို ဖတ်ရှုခြင်း အားမြင့် သိနိုင် ကြပါသည်။ ရထားလမ်းဖျက် တံတားတွေကိုချီး၊ ဂျီးဖြူပိုက်ကို ခဏခဏဖေါက် ဆိုသော သတင်းများကိုလည်း အသင်တို့ ကိုယ်တိုင် သိရှိပြီး ဖြစ်ကြပါသည်။

သိုက်စာတွင် (ပြည်တော်ကို ကလော်မဲ့ ကိန်းဟာက) ဟု ဆိုသောစကားသည် ဤကဲ့သို့သော မကောင်းမှုများကို ပြုလုပ်ကြတာကိုဆိုသောစကားဟု အဓိပ္ပာယ်ကို တိတိကျကျမှတ်သား စေလို ပါသည်။

၁။ ဤသိုက်စကား မှန်ပါသလား။

၁။ မှန်နေပါသည်။

ဤဆိုးဝါးသော သတ္တန္တရကပ်ကြီး ဆိုက်ရောက်လတံ့သည်ကို မြင်တော်မူ၍ ဓာတ်ယတြာများခြေရန် အောင်မင်းခေါင် အရှင်သည် ၁၃၀၀-ပြည့်နှစ်တွင် နမ္မဒရုချောင်းမှ ထွက်ခွာ၍ တစ်ရွာဝင်တစ်ရွာထွက် ခြေလျင်လျောက်လျက် ပုပ္ပားတောင်မြတ် တောင်ကလပ်သို့အရောက် ကြွမြန်းတော်မူရရှာပါသည်။

ဝိဇ္ဇာမယ အတတ်ကိုပြ၍

လူထုအား ကုသိုလ်တရားကို ပွားများစေခြင်း

အောင်မင်းခေါင် အရှင်သည် ပုပ္ပားတောင်မြတ် တောင်ကလပ်သို့ ကြွမြန်းတော်မူ[illegible] တောင်ခြေတွင်ရှိသော ဘုန်းတော်ကြီး၏ကျောင်းတွင် [illegible]ဝင်ရောက် တည်ခိုနေပါသည်။ ထို့အခါ ရွာသူရွာသားများတို့သည်အောင်မင်းခေါင်အရှင်အား

WWW.DHAMMARANSI.COM

အမြင်မှားကြ၍ အရူးကြီး အရူးကြီးဟု ပြစ်မှား ပြောဆိုကြ သည် ဆိုကြောင်း။

ဤသို့ပြစ်မှားကြသောအခါ အောင်မင်းခေါင် အရှင်သည် ကျောင်းဝင်းအတွင်းရှိ မော်တော်ကား ပျက်ကြီးကို စက်နှိုး၍ ကျောက်ပန်းတောင်းသို့ အသွားအပြန် မောင်းနှင်သွားတော့ သည် ဆိုကြောင်း။

ထိုအခါ ပြစ်မှားသော ရွာသူ ရွာသားတို့သည် ထိတ်လန့် ကြပြီးလျှင် ဝန်ချတောင်းပန်၍ ကန်တော့ကြရလေတော့သည်။ ဤကဲ့သို့ ဣဒ္ဓိဝိခ တန်ခိုးကို ပြရခြင်းမှာ ကရုဏာရှေ့ထား၍ လူထုအများ ကုသိုလ် ပွားများ ကြစေရန်အတွက် ရည်ရွယ်၍ ပြသခြင်းသာ ပြစ်ပါသည်။

ထိုအချိန်က စ၍ အောင်မင်းခေါင် အရှင်၏ ကျော်ဇော သတင်းသည်တသင်းသင်းပြန့်နှံ့ကျော်ကြားလာပါတော့သည်။ ယင်းသို့ ထင်ရှား ကျော်ကြားသော ဂုဏ်သတင်းအရ ဗျူရှိ ကရက်အစိုးရ၏ ဝန်ထမ်းဖြစ်ကြသော ကျောက်ပန်းတောင်း မြို့ရှိ ပုလိပ်အဖွဲ့သည် မကြာမကြာ သွားရောက် စစ်မေးကြ သည် ဆိုကြောင်း။

ဤသို့သော အနှောင့် အယှက်များမှ ကင်းလွတ် စေရန် တစ်နေ့သဉ်း အောင်မင်းခေါင် အရှင်သည် ကျောက်ပန်း တောင်း ဂါတ်၏ရှေ့တွင် ဦးထုပ်ကို ပက်လက်ဆောင်း၍ ထိုင် နေသည် ဆိုကြောင်း။

ထိုအခါ ပုလိပ်တို့၏ မယားများသည် ထမိကိုခါးတောင်း ကြိုက်လျက် ဝါးလုံးကိုမြင်းစီး၍ ထွက်လာကြပြီးလျှင်-

WWW.DHAMMARANSI.COM

အောင်မင်းခေါင်၏ရှေ့တွင် မြင်းယိမ်း ကကြတော့သည်။ လူထုလည်း အံ့ဩစွာဖြင့် ဝိုင်းအုံ ကြည့်နေကြပါသည်။ နာရီဝက် အချိန်လောက် ကြာသောအခါ ဟင်ဟုဆို၍ ဦးထုပ်ကို အတဲ့ ပြန်ဆောင်းလိုက်လျှင် ယိမ်းကသော မိန်းမများသည် အကဲရပ်၍ သတိရလာကြသောအခါ ရှက်ကိုးရှက်ကန်းဖြစ်၍ အိမ်ကိုပြန်သွားကြပါသည်။ အောင်မင်းခေါင်အရှင်လည်း ထိုခဏမှာပင် ဆွက်ခွာကွယ်ပျောက်သွားတော့သည် ဆိုကြောင်း။

ဤသို့ ပြုလုပ်ပြီးသည့်နောက် အချိန်များတွင် ပုလိပ်အရာရှိတို့သည် စစ်ဆေးခြင်း၊ မေးမြန်းခြင်း မပြုကြတော့ဟု သိရှိရပါသည်။ ဤ အခြင်းအရာတို့ကို ထောက်ထား၍ အောင်မင်းခေါင် အရှင်သည် ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်ကြောင်းကောင်းစွာ သိမှတ်အပ်ပါသည်။

(ပုပ္ပားတောင်မြတ် တောင်ကလပ်)

မေး။ ။အောင်မင်းခေါင် အရှင်သည် အတယ်ကြောင့် ပုစ္စါးတောင်ကလပ်တွင်နေထိုင်တော်မူပါသနည်း

ဖြေ။ ။ဓာတ်ပန္နက် ချနှက်ရန် ကိန်းခန်းအရ နေထိုင်တော်မူခြင်း ဖြစ်ပါသည်။

မေး။ ။ပုပ္ပားတောင် ကလပ်၌ ၁၃၀၀-ခုနှစ်ကစ၍ ၁၃၁၄-ခုနှစ်အထိ ၁၄-နှစ်ပတ်လုံး နေတော်မူသော အခါ[illegible]းတွင် အောင်မင်းခေါင် အရှင်သည် ဘာတွေကို ကျင့်ကြံ သုံးသပ်၍ နေတော်မူခဲ့ပါသနည်း။

WWW.DHAMMARANSI.COM

ဖြေ။ ။တောင်ကလပ်တွင် (၁၄) နှစ်ပတ်လုံး သမထ ကမ္မဋ္ဌာန်းများကို ကျင့်ကြံအားထုတ်၍ နေထိုင်ခဲ့ ပါသည်။ ထွက်ရပ်ပေါက် မကြွမြန်းမှီ(ကမ္ဘာလုံး) စေတီတော်ကလေး တစ်ဆူကို ကောင်ကလပ်ပေါ် တွင် နောက်ဆုံး တည်ထားခဲ့တော်မူပါသည်။

(ထီးတော်လဲရောက်-အောင်မင်းခေါင်လဲပျောက်)

ထိုကမ္ဘာလုံး စေတီတော်အား ကပ်လှုရန် ထီးတော်သည် အောင်မင်းခေါင်အရှင် ထွက်ရပ်လမ်းသို့ မကြွမြန်းမှီ နီးကပ် သောအချိန်တွင် တောင်ကလပ်သို့ ရောက်ရှိ လာပါသည်။ အောင်မင်းခေါင်အရှင်ကား ကိုယ်တိုင် ထီးတစ်ပွဲပြုလုပ်တော် မမူဘဲ ထွက်ရပ်လမ်းသို့ ကြွမြန်းတော်မူပါသည်။

မေး။ ။တောင်ကလပ်တွင် အဘယ်ကြောင့် ကမ္ဘာလုံး စေတီကို တည်ထားတော်မူပါသလဲ။

ဖြေ။ ။မုန်လုံးစက္ကူကပ်လှို့ ကြွာကလပ်မှာ ဆွမ်းတော် တင် ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လှို့ ပြေး ဂျာအေး။

ဟူသော တဘောင် သီချင်းအရ ဓာတ်ပန္နက် ကြဿဖြင့် တည်ထားစေတော်မူခဲ့ပါသည်။

ထိုတဘောင်သီချင်းအရ အဓိပ္ပာယ်ကို ဖော်ပြရမည် ဆိုပါ လျှင် ရှင်းရှင်းကလေးပင် သိနိုင်ပါသည်။ တဘောင် သီချင်းဌ် (ကြွာကလပ်)ဆိုသည်မှာ ပုပ္ပားတောင်မြတ် တောင်ကလပ်ကို ဆိုသည်ဟု သိမှတ်ရပါမည်။

WWW.DHAMMARANSI.COM

(ဆုမ်းတော်တင်) ဆိုသည်မှာ ယတြာခတ်ပန္နက်အရ ကပ်ကြီးက မကျော်ထွက်နိုင်ကြရန် တောင်ကလပ်တွင် ကမ္ဘာဇေတီ ကမ္ဘာလုံးစေတီများ တည်ထား၍ လူထုအများ ကိုးကွယ်ဆီးကပ်ကြရန် ပြောကြားသော တဘောင်စကားရပ်ဟု သိမှတ်ရပါမည်။ (မုန့်လုံး စက္ကူကပ်လို) ဆိုသည်မှာ ပကတိမုန့်လုံးကို ယူဆလိုက ယူဆနိုင်ပါသည်။ ဤမုန့်ဖြင့် ဆုမ်းတင်ရမည်ဟု ဆိုလိုပါသည်။

တစ်နည်းအားဖြင့် ဝေဖန်ရမည်ဆိုပါမူ ဤစကားကို ဥပမာ စကားဟု သိစေလိုပါသည်။ တောင်ကလပ်ပေါ်မှာ စေတီကလေးကို (မုန့်လုံးလို) လုံးလုံးကလေး တည်ထားရန်ကို ညွှန်ပြသော (ဥပမာဒီပက) စကားလို နေထိုင်စားသောက်နည်း အားဖြင့် ဆောင်၍ သိမှတ်ရန်ကို ဖော်ပြသောစကားဟု မှတ်သားကြရန် ဖြစ်ပါသည်။ ဆိုလိုရင်း အဓိပ္ပာယ်မှာ (မုန့်လုံးလို) (မုန့်လုံးကဲ့သို့) လုံးလုံးကလေးကမ္ဘာလုံးစေတီဟု ဝေဖန်ပန္နက်အရ မှတ်ချက်ချ၍ တည်ထား ကိုးကွယ်ကြပါဟု ပြောသောစကား ဖြစ်ပါသည်။

ယိုတဘောင်စကားအရ ဟုတ်မှန် တိုက်ဆိုင်နေပုံကို ကျွန်ုပ်က အနည်းငယ် ဝေဖန် ဖော်ပြပါဦး။ ။အောင်မင်းခေါင် အရှင်သည် တောင်ကလပ်မှာ ဘုရားတည်၍ လူထုအများကို ကိုးကွယ်စေတာ တာအကျိုးရှိပါသလဲ။

(ပလွင်ပေါ်က မျောက်ကလေး ခေါင်းတယ်လှုပ်ပြီး)

ဟူသော တဘောင်အရ မျောက်ကလေးသည် ပလွင်ပေါ်က ဆင်းပြေးရသော အကျိုးရှိပါသည်။ ။ ၁၂၄၇-ခုနှစ်တွင်

WWW.DHAMMARANSI.COM

ဗမာတို့မှာ ထီးကျီးစည်းပေါက် ဗမာ့ပလ္လင်ကွယ်ပျောက်ခဲ့ပါသည်။ ဗမာ့ပလ္လင်ပေါ်တွင် အင်္ဂလိပ်များ တက်ဆောက် ထိုင်နေကြပါသည်။ ဗမာတို့သည် အင်္ဂလိပ်တို့ကို မျောက်ဟုခေါ်ဝေါ်ကြပါသည်။ ထိုမျောက်တို့သည် ၁၃၀၄-ခုနှစ်တွင် ကမ္ဘာ စစ်ကြီးဖြစ်သောအခါ ဗမာ့ပလ္လင်မှ ပထမတစ်ကြိမ် ခုန်ဆင်းထွက်ပြေးကြရပါသည်။ ဤရာဇဝင်ကား၊ သင်တို့၏ မျက်မြင်ပင် ဖြစ်ပါသည်။

ဒုတိယအကြိမ် ၁၃၀၇-ခုနှစ်တွင် တစ်ဖန် ဗမာပြည်သို့ ဝင်လာပြန်၍ ဗမာ့ပလ္လင်ကို တစ်ဖန်ပြန်၍ ထိုင်ကြပြန်ပါသည်။ နောက်များမကြာမီ ဗမာတို့က ပလ္လင်ကို ပြန်တောင်းသဖြင့် လွှတ်လပ်ရေးပေးပြီးလျှင် ဒုတိယအကြိမ် ဗမာ့ပလ္လင်မှ ဆင်းပြေး ရပြန်ပါသည်။

၁။ ဤတတောင်အရ ဟုတ်မှန်ပါသလား။

၂။ ဟုတ်မှန်ခဲ့ပါပြီ။

ဤသည်ကား (ပလ္လင်ပေါ်ကမျောက်ကလေး ဆင်းတယ်လို့ပြေး) ဟူသော တတောင်သီချင်း၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဝပ်လွယ်လွယ် သိမှတ်ကြပါရန်ဝေဖန်ဖော်ပြသော စကားရပ်များဖြစ်ပါသည်။

အောင်မင်းခေါင်အရှင်သည် ၁၃၀၀-ပြည့်နှစ်နောက် ဖြစ်ပေါ်လတံ့သော အနာဂါတ် ဖြစ်စဉ်များကို ကြိုတင်သိမြင်တော်မူခြင်းကြောင့် ပုပ္ပားတောင်မြတ် တောင်ကလပ်မှနေပြီး

WWW.DHAMMARANSI.COM

ကလပ်ပေါ်တွင် ဘုရားတည်စေ၍ ဓာတ်ပန္ဒက် ကိန်းခန်းအရ ကလပ်ပေါ်မှာ ဘုရားတည်စေ၍ ယတြာအနေအားဖြင့် လူထုအား ကိုးကွယ်စေသည်ဟု သိမှတ် ရပါသည်။

ကိုးကွယ်ကြ ဆွမ်းတော် တင်ကြသဖြင့် မျောက်ကလေးကို ပလ္လင်ပေါ်ကထွက်ပြေးအောင် ယတြာအနေအားဖြင့် ပြုလုပ်ဆောင်ရွက်တော်မူသည်ဟု အောင်မင်းခေါင်၏ ကျေးဇူးကို ကျွန်ုပ်တို့က ချီးကျူးကြရမည် ဖြစ်ပါကြောင်း။

မေး။ ။ဤသို့အောင်မင်းခေါင်အရှင်၏ ကျင့်စဉ်လမ်းများကို ဖြေကြားသဖြင့် သိရှိရပါပြီ။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော် မူပြီးသည့်နောက် အဆင့်ဆင့် သာသနာကို စောင့်ရှောက်ပြုစုကြသော သာသနာပြု ပုဂ္ဂိုလ်ထူးတို့၏အစဉ်ကို အကျဉ်းအားဖြင့်သိလိုပါသည်။

ဖြေ။ ။မြတ်စွာဘုရား ပရိနိဗ္ဗာန် စံစံတော် မူပြီးသည့်နောက် သုံးလမြောက် လွန်သောအချိန်တွင် အရှင်မဟာကဿပ ရဟန္တာ မြတ်ကြီး ကြီးမှူး၍ ရာဇဂြိုဟ် ပြည့်ရှင် ဘုရင် အဇာတသတ် မင်းကြီးသည် သင်္ဂါယနာတင် ပွဲကြီးကို ဆင်နွဲ ကျင်းပ၍ ပထမအကြိမ် သာသနာတော်ကို ပြုစုတော်မူခဲ့ပါသည်။

ထိုနောက်တစ်ဖန် ဘုရားရှင်ပရိနိဗ္ဗာန်စံစင်တော်မူပြီးသည့်နောက် သာသနာသက္ကရာဇ် အနှစ် ၁၀၂-နှစ် မြောက်ဌ်ကား အာသောကမင်း လက်ထက် အရှင်သဗ္ဗကာမီ အရှင်ယသ အ

WWW.DHAMMARANSI.COM

မှူးရှိသော ရဟန္တာ ၇၀၀-တို့ ဒုတိယ သင်္ဂါယနာတင်၍ သာသနာပြုကြပါသည်။

ထို့နောက်တစ်ဖန် သာသနာသက္ကရာဇ် နှစ်ဖေါင်း ၂၃၅ နှစ်မြောက်မှာ ပါဋ္ဌလိပုတ်ပြည့်ရှင် ဘုရင် ဓမ္မာသောကမင်း၏ လက်ထက် ရှင်မောဂ္ဂလိပုတ္တတိဿ မထေရိကြီးမှူး၍ ပဋ္ဌိသမ္ဘိဒါပတ္တတေဝိဇ္ဇာရဟန္တာတစ်ထောင်တို့စုပေါင်းရွတ်ခါ တတိယ သင်္ဂါယနာတင်၍ သာသနာပြုတော်မူခဲ့ကြပါသည်။

ဓမ္မာသောကမင်းကြီးသည်လည်း ၈၄၀၀၀-ရှစ်သောင်း ၄-ထောင်သော ဓာတ်ပေါင်းစုစေတီတော်များကို တည်ထားကိုးကွယ်၍ သာသနာတော်ကို ပြုစုတော်မူခဲ့ပါသည်။

ထိုသာသနာသက္ကရာဇ် ၂၃၅-၂၃၆ ခုနှစ်မှာပဝိ ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ အမိန့်တော်အရ ရှင်သောဏ ရှင်ဥတ္တရစသော ငါးဦးသော ရဟန္တာအရှင်မြတ် တို့သည် ကျွန်ုပ်တို့၏ သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်သို့ သာသနာပြုကြွရောက်တော်မူကြပါသည်။

ဤသည်တို့ကိုထောက်၍ ကျွန်ုပ်တို့ ဗမာပြည်သို့ သာသနာရောက်သည်မှာ သထုံပြည်က အစဖြစ်ကြောင်းကို သိရှိရပါသည်။

ထိုနောက်တစ်ဖန်

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် သာသနာသက္ကရာဇ် ၄၅၄-ခုနှစ်မြောက်တွင် သိဟိုဠ်ကျွန်း၌ ၀၄၀ မဏိဘုရင် အုပ်စိုးတော်မူပါသည်။ ထိုမင်းလက်ထက်တော်တွင် ပိဋ

WWW.DHAMMARANSI.COM

ကတ် ၃-ပုံဆောင် ရဟန္တာ ၅၀၀-တို့သည် စတုတ္ထအကြိမ် ပိဋ္ဌ
ကတ်တော်များကို စုပေါင်းရွတ်ဆိုကာ ပေထက်အက္ခရာ သင်
သကရိုက်ဘာသာဖြင့် တင်၍ စတုတ္ထ သင်္ဂါယနာတင် ပွဲကို
ဆင်နွဲကျင်းပ သာသနာပြတော်မူကြပါသည်။

သာသနာသက္ကရာဇ် (၉၀၄)ခုနှစ် သီဟိုဠ်ကျွန်း ဗုဒ္ဓဒါသ
မင်းလက်ထက် ပိဋ္ဌကတ်ကျမ်းတတ် မတေရ်မြတ် ငါးပါးတို့
သည် သင်္သကရိုက်ဘာသာဖြင့် ရှိသော ပိဋ္ဌကတ် ၃-ပုံကို
သီဟိုဠ်ဘာသာဖြင့် တစ်ဆင့် ရေးကူးကြပြန်ပါသည်။

ထိုသို့ ၀ဋ္ဌဂါမဏိမင်းလက်ထက် စတုတ္ထ သင်္ဂါယနာ ပေ
ထက်အက္ခရာ တင်ပြီးသည့်နောက် သီဟိုဠ်ကျွန်းတွင် စစ်ပွဲကြီး
ဖြစ်၍ တိုင်းသူပြည်သားတို့ ငတ်မွတ်ခေါင်းပါး အစာရှား
သဖြင့် လူဆိုးတို့သည် ရဟန္တာ သံဃာတော်များကိုပင် သတ်
ဖြတ်နှိပ်စက် လုယက်စားသောက် ဒုဗ္ဗိက္ခန္တရကပ်ဆိုးကြီး ကျ
ရောက်ခဲ့ပါသည်။

(သိကြားကူခြင်း)

ဤသို့ သာသနာတော်၏ အေးရန်အန္တရာယ်တို့မှ လွတ်
မြောက်ရန် သိကြားမင်းသည် ဖောင်တော်ကိုဖန်ဆင်း၍ အရိ
ယာ သံဃာတော် အရှင်ကောင်း အရှင်မြတ်များကို ပင့်၍
ဇမ္ဗူဒိပ်ကျွန်းသို့အရောက် ပို့လိုက်ရပါသည်။

(မှတ်ချက်) ဤသည်တို့ကို ထောက်ထား၍ ဘုရားရှင်၏ သာ
သနာတော်ကို ပြုကြရာ၌ သိကြားကူညီကြောင်း
ကို အမှန်ဒီဋ္ဌ သိအပ်ကြပါသည်။

WWW.DHAMMARANSI.COM

ဘုရားရှင်သည် မလ္လာမင်းတို့၏ ဥယျာဉ်တော်ဝယ် ပရိနိဗ္ဗာန်မပြုမီ ညဉ့်သန်းခေါင်အချိန်တွင် ဝတ်ပြုရန်လာသော သိကြားကို မြတ်စွာဘုရားက မိန့်တော်မူသည်မှာ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသည့်နောက် သီဟိုဠ်ကျွန်းဝယ် သာသနာတော် ထွန်းလင်းလတံ့။ ထိုအခါ သင်သည် စောင့်ရှောက်ရစ်လော့ဟု မြတ်စွာဘုရားက သိကြားကို မိန့်တော်မူခဲ့ပါသည်။ ထို့ကြောင့် သာသနာကို သိကြားလဲ ကူညီစောင့်ရှောက်ကြောင်းကို သိမှတ်ထားစေပါသည်။

(သထုံပြည်သို့ ပိဋကတ်တော်များ ရောက်ခြင်း)

သုံးလောကဆီမီး ဘုန်းတော်ကြီးသော ကျွန်ုပ်တို့၏ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် သာသနာသက္ကရာဇ် အနှစ် (၉၄၃) ခုနှစ် ရောက်သောအခါ....

ကျွန်ုပ်တို့၏ ဗမာပြည် ရာမညတိုင်း သထုံပြည်၌ ဘုန်းရှင် ကံရှင် ဉာဏ်ရှင်ဖြစ်သော ရဟန်းအော်တစ်ပါး ထွန်းကားပေါ်ထွက်လာသည်။

ဘုရားရှင်၏ ဒေသနာအစဉ်ကိုဉာဏ်အမြင်ကျယ်ဝန်းစွာဖြင့် ထက်မြက်စူးရှစွာ ဝေဖန်ပိုင်းခြားရှ် သိစွမ်းနိုင်သော ဉာဏ်အမြင်ရှိခြင်းကြောင့် ဗုဒ္ဓဃောသလို့ ပြည်သူလူထုက ကြေးကြော်သမုတ်၍ ခေါ်ဝေါ်ကြပါသည်။

ထိုရဟန်းတော်သည် ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် သာသနာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် သထုံပြည်သို့ ကြွရောက်လာသော အရှင်သောဏ၊ အရှင်ဥတ္တရ ရဟန္တာ

WWW.DHAMMARANSI.COM

ထို၏ အနှယ်အဆက်မှ ဆင်းသက်လာသော သာသနာပြု ရဟန်းတော်တစ်ပါးဟု သိရှိရပါသည်။

ထိုအရှင် ဗုဒ္ဓဃောသဆရာတော်သည် ဗမာပြည်လူထုအား သာသနာပြုရန်အတွက် သာသနာသက္ကရာဇ် (၉၄၃) ခုနှစ်တွင် ပိဋကတ်တော်များကိုကူးယူရန် သထုံပြည်မှ သင်္ဘောခရီးဖြင့် သီဟိုဠ်ကျွန်းသို့ ထွက်ခွာကြွသွားတော်မူပါသည်။

(ပေထက်အက္ခရာမူနှစ်မျိုး)

ထိုအခါ သီဟိုဠ်ကျွန်းတွင် ပိဋကတ် ၃-မုံသည် ပေမူနှစ်မူ ရှိသည်ဟု သိရပါသည်။ ဝဋ္ဌဂါမဏိမင်း လက်ထက်တွင် သင်္ဂါယနာတင်သော ပေမူမှာ သင်သကရိုက် ဘာသာနှင့် ပေထက်အက္ခရာ တင်ထားသောမူများ ဖြစ်ပါသည်။

ဗုဒ္ဓဒါသမစ်း လက်ထက်တွင် ပေထက်အက္ခရာ တင်သော ပိဋကတ်သုံးပုံမူသည် သီဟိုဠ်ဘာသာနှင့် တင်ထားသောမူ ဖြစ်ပါသည်။

ထိုမူနှစ်မျိုးတို့တွင် အဘယ်မူကို အားကိုး၍ အဘယ် ဘာသာဖြင့် အရှင် ဗုဒ္ဓဃောသသည် ပိဋကတ်တော်များကို သထုံပြည်သို့ ရေးကူး ယူဆောင်ခဲ့ပါသနည်း။

ဤမေးခွန်း၏ အဖြေမှာ

အရှင်ဗုဒ္ဓဃောသသည် ဗုဒ္ဓဒါသမစ်းလက်ထက်က သီဟိုဠ် ဘာသာဖြင့် ပေထက်အက္ခရာ တင်ထားသော ပိဋကတ်ပေမူများကိုသာ မူထား၍ မြန်မာအက္ခရာ မာဂဓဘာသာဖြင့်သာ ကူးယူ၍ ပိဋကတ်တော်များကို သုဝဏ္ဏဘူမှ သထုံပြည်သို့ ယူဆောင်လာခဲ့ပါသည်။

WWW.DHAMMARANSI.COM

ပိဋကတ်သုံးပုံ၏ အဖွင့် ဗုဒ္ဓမတည်ဘုရားရှင်၏အဆိုစောင်ကြ အဌကထာကျမ်းကြီးများကိုလည်း ရေးသားယူဆောင်ခဲ့ပါသည်။ ဤသည်လျှင် ဘုရားရှင်၏ ဒေသနာအစဉ်ဖြာသော ပိဋကတ်တော်များကို ဗုဒ္ဓစောသ အရှင်သည် သထုံပြည်သို့ ဆောင်ယူလာပုံကို အတိုချုပ်အားဖြင့် သိမှတ်ရန် အဖြေဖြစ်ပါသည်။

ဤသို့အားဖြင့် ဘုရားရှင်၏ သာသနာတော်သည် အောက်ဗမာပြည် ရာမညတိုင်း သထုံပြည်၌ နှစ်ပေါင်းများစွာ သာသနာ ၃-ရပ်စလုံး နေလ အရောင်ကဲ့သို့ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပ ခဲ့သည် များကိုလည်း ဤ ဆိုခဲ့ပြီးသော စကားအစဉ်တို့ကို ဖတ်ရှုသောအားဖြင့် သိရှိနိုင်ပါသည်။

(သာသနာအညာ ပုဂံဆန်ပုံ)

မေး။ ။သထုံပြည်တွင် သာသနာ တည်ထွန်းပြီးသည့်နောက် ဘယ်အရပ်သို့ သာသနာ ရောက်ရှိသွားပါသနည်း။

ဖြေ။ ။ဤအမေးအဖြေကို အကျဉ်းချုပ်အားဖြင့် ဖြေကြားရမည် ဆိုပါလျှင်-

ကောဇာသက္ကရာဇ် ၄၁၉-ခုနှစ် ဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် သာသနာတော်နှစ် ၁၆၀၁-ခုနှစ်သို့ ကျရောက်သောအချိန်တွင် ပေါက်ပြည်တွင် ဘုရင် အနော်ရထာမင်းစောသည်။

WWW.DHAMMARANSI.COM

သုံဝဏ္ဏဘုမ္မိ သထုံပြည့်ရှင် ဘုရင် မနူဟာမင်းကြီး အထံ တော်သို့ စာတမန် စေလွှတ်၍ လိုအပ်သော အချက်များတို တောင်းဆိုလိုက်သည် ဆိုကြောင်း။

တောင်းဆိုချက် အကြောင်းများမှာ အကြည်တော် မဟာ မင်းတရားကြီး အကြည်တော်၏ နိုင်ငံတော် အတွင်းဝယ် သာသနာတော် ပွင့်လင်းကြောင်းကို ကျွန်ုပ်ကြားရသဖြင့် အလွန်ပင် ဝမ်းမြောက်ပါသည်။

ကျွန်ုပ်စိုးပိုင်တဲ့ ပေါက္ကံပြည်ကြီးတွင် ဘုရားရှင်၏ သာသနာတော်နေဝန်း မထွန်းလင်းသေးပါသဖြင့် အကြည်တော်တို့ ကိုးကွယ်ဆည်းကပ်သော သံသာတော်များနှင့် ပိဋကတ်တော်များကို ကျွန်ုပ်နှင့် တကွ ပြည်သူအများတို့ နတ်ရွာ နိဗ္ဗာန် သုံးတန်သော ချမ်း သာကို ခံစားကြရန် အတွက် ကျွန်ုပ်ထံသို့ ပို့ဆက်ကြပါရန် စာတမန် စေလွှတ်လိုက်ပါသည်ဟု အနော်ရထာမင်းစောက မနူဟာ ဘုရင်အထံသို့ စာချွန်တော် ပို့လိုက်ပါသည်။

ထိုအခါ သထုံပြည့်ရှင် ဘုရင် မနူဟာမင်းကား အာခံတွင်းမှ မီးဝင်းဝင်းတောက်သော ဘုန်းရှင်ကံရှင် သာသနာပြု ဘုရင် တစ်ပါးဖြစ်၍ မာနတော် စိတ်ထားနှင့် စာချွန်တော် ရေးသား၍ ပေါက္ကံပြည့်ရှင် ဘုရင်အနော်ရထာ မင်းစောထံသို့ ပို့စေတော်မူလိုက်သည်မှာ....

အဆွေတော် အနော်ရထာဘုရင်မင်းတရား၊ အဆွေတော် တောင်းဆိုသော ဘုရားရှင်၏ နှုတ်ခမ်တော် ပိဋကတ် သုံးပုံတို့ သည် ဘုန်းရှင် ကံရှင် ပါရမီရှင်ဖြစ်တဲ့ ကျွန်ုပ် အဖိသာ ကို

WWW.DHAMMARANSI.COM

ကွယ်ရန် ဖြစ်ပါသည်။ သာသနာနေဝန်း မထွန်းလင်းသော နိုင်ငံသားတို့ကို ကိုးကွယ်ရန် မဟုတ်ပါဟု ရာဇမာန်စီထ်ထား ဖြင့် မချေမင်း အနော် ရထာ မင်းစောအတံသို့ စာချွန်တော် ပြန်လှိုပ်ရှိလိုက်ပါသည်။

(မှတ်ချက်) ထိုအချိန်ကား ပေါက်ပြည်တွင်အရည်းကြီးရှိမ်း ဆရာတို့ ဟောချက်ပြောချက်များကို နာခံလိုက်နာ၍ လူထုအများကျင့်သုံးနေရသောအချိန်ဖြစ်ပါကြောင်း။

ထိုအခါ အနော်ရထာမင်းစောသည် ငါကဲ့သို့သောဘုရင်ကို မလေး မစား စာချွန်တော် ရေး သား ရသလာ ဟု မင်းတို့ အမျက် ချောင်းချောင်း တွက်လျက်....

ရာမည်တိုင်း တလိုင်းတို့၏စံရာ သုဝဏ္ဏရွှေဘုံ သထုံပြည် ကြီးကို တိုက်ခိုက်တော်မူရန် စစ်အမိန့် ကြေညာ၍ အောက် ပြည်ရန်ကုန် သထုံ ဇင်းကျိုက် အထိ လာရောက်၍ ၉ သန်းမျ သော စစ်သည်တော် အင်အားနှင့် မန္တဟာမင်းအား စစ်ပွဲကြီး တစ်ပွဲ ဆင်နွဲ တိုက်ခိုက်တော်မူပါသည်။

(အရှုံး အနိုင်)

ဤစစ်ပွဲကြီးတွင် အနော်ရထာ မင်းစောက အနိုင်ရရှိသွား ပါသည်။

၁။ မန္တဟာဘုရင်နှင့် မိဖုရား သားတော် သမီးတော်များ ကို ပေါက်ပြည်သို့ ယူဆောင် သွားပါသည်။

၂။ ပိဋ္ဌကတ် ၃-ပုံနှင့် အရိယာ သံဃာတော် ဆရာတော် တို့ကိုလဲ ပင့်ဆောင် သွားပါသည်။

သံဃာတော်တို့၏ အနွယ်ကား သာသနာသက္ကရာဇ် ၂၃၅

WWW.DHAMMARANSI.COM

ခုနှစ်က သာသနာပြု သထုံပြည်သို့ ကြွရောက်တော် မူကြသော အရှင်သောဏ အရှင်ဥတ္တရ ရဟန္တာ အရှင် မြတ်တို့၏ အနွယ် အဆက်ဖြစ်သော သံဃာတော်များ ဖြစ်ကြပါသည်။

ဤစစ်ပွဲကြီး၏ ရည်ရွယ်ချက်များကိုလည်း ဝေဖန်သုံးသပ်သင့်သည်ကို ကျွန်ုပ်က အနည်းငယ် ဖော်ပြလိုပါသည်။

၁။ အနော်ရထာမင်းစောသည် ဘာကိုလို၍ စစ်ပွဲကြီးကို ဆင်နွဲ တိုက်ခိုက်ပါသနည်း။

၂။ သထုံပြည်နယ်တွင်ရှိသော သစ်တောကြီးကို လိုချင်လို့ တိုက်ပါသလား။

၃။ သို့တည်းမဟုတ် မုတ္တမ ၃၂ မြို့နယ်တွေမှာရှိတဲ့ သတ္တုတွေကို လိုချင်လို့ တိုက်ပါသလား။

၄။ သို့တည်းမဟုတ် အင်ပါယာ ကျယ်ပြန့်အောင် နယ်ချဲ့ဝါဒကို လိုလား၍ တိုက်ပါသလား။

ဤမေးခွန်း၏ အဖြေမှန်ကို ကျွန်ုပ်က ဝေဖန်ပြရမည်ဆိုပါလျှင်—

၁။ သစ်တောကြီးကို လိုချင်လို့လဲ မဟုတ်ပါ။

၂။ သတ္တုတွေကို လိုချင်လို့လဲ မဟုတ်ပါ။

၃။ စီးပွားရေး မျက်စိဖြင့် အင်ပါယာ နယ်ချဲ့လိုလို့လဲ မဟုတ်ပါ။

သာသနာတော်ကို ပြုစုလိုသော ဆန္ဒဖြင့် ဗုဒ္ဓဝါဒကိုဖြန့်ချီဟောပြောနိုင်တဲ့ သံဃာတော်များကို အလိုရှိပါသည်။

ပိဋကတ်တော်များကိုလဲ အလိုရှိပါသည်။ စွယ်တော်ဓာတ်တော်များကိုလဲ ကိုးကွယ်ရန် အလိုရှိပါသည်။

WWW.DHAMMARANSI.COM

ထို လိုလားသော အချက်များကို တောင်းဆို၍ မရခြင်းကြောင့် အနော်ရထာမင်းစောသည် သထုံပြည်ကို စစ်ပွဲကြီးဆင်နွဲလို့ တိုက်ခိုက်သည်ဟု ရာဇဝင်အဆိုများကို ပဏ္ဍိ အနေအားဖြင့် ကျမ်းညှိ၍ သိရမည်ဖြစ်ပါသည်။

အနော်ရထာမင်းစောသည် ဘုန်းကံကြီးမား ရင့်ကျက်ပြီးသော သမ္မာသမ္ဗောဓိ ဘုရားဆုပန် အလောင်းရာဇာဟု ရာဇဝင်သမိုင်းများတွင် အဆိုရှိပါကြောင်း။

ထို သထုံပြည်မှ ပင့်ဆောင်လာသော သံဃာတော်များသည်လည်း မင်းနှင့်တကွ ပြည်သူ အပေါင်းတို့အား ဗုဒ္ဓဝါဒကို ဖြန့်ချီဟောကြား၍ သာသနာတော်ကို ပြုစုတော်မူကြပါသည်။

ဤသည်ကား သထုံပြည်မှ ပေါက်ကွဲပြည်သို့ သာသနာတော် ရောက်ပုံကို အကျဉ်းအားဖြင့် သိမှန်ရန်ဖြစ်ပါသည်။

ရတနာပူရသို့

သာသနာဆန်တက်သွားပုံ

ကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သာသနာသက္ကရာဇ် ၁၉၀၈-ခုနှစ်၊ ကောဇာသက္ကရာဇ် ၇၂၇-ခုနှစ်သို့ ရောက်သောအချိန်တွင်—

သတိုးမင်းဖျားသည် ရတနာပူရ အဝင်နေပြည်တော်ကြီးကို တည်ထောင် ဖန်ဆင်းတော်မူခဲ့ပါသည်။ ထိုမင်းလက်ထက်တွင် သီဟိုဠ် သထုံ ပုဂံပြည်သူများမှ သာသနာတော် အဆက်သည် ဆန်တက်၍ နေရောင် လရောင်ကဲ့သို့ ထွန်းလင်းတောက်ပြောင်ခဲ့ပါသည်။

WWW.DHAMMARANSI.COM

ထို ရထနာပူရ နေပြည်တော်၌ သာသနာတည်ထွန်းသော နှစ်ပေါင်းမှ သတိုးမင်းဖွား ဘုရင်ကစ၍ မင်းပေါင်းသုံး ကျိပ် ၃-ယောက်တို့ အုပ်စိုးခဲ့သော နှစ်ပေါင်း သာသနာ သက္ကရာဇ် ၂၂၁၆-ခုနှစ်ကောဇာသက္ကရာဇ် ၁၁၃၄-ခုနှစ်တို့ဖြစ် အောင် မြတ်စွာဘုရား၏ သာသနာတော်သည် တည်တံ့ခိုင်းပါသည်။

ယျိသည်ကား အင်းဝခေတ်နှင့် ပုဂံခေတ်တစ်ဝိုက် သာသနာ ဆက်စပ်တည်ထွန်းသူးပုံကို အကျဉ်းအားဖြင့် ဖော်ပြသော စာရေးရပ်မျှသာ ဖြစ်ပါသတည်း။

မင်းသားဇေယျပဲခူးနှင့် ပုဏ္ဏားတည်၍
သာသနာတွန်းလင်းလာပုံ

ရာမညတိုင်းမွန်းလွှင်းပြည့်စုံ၊ သထုံပြည်ကြီး၌ ဘုရားရှင်၏ သာသနာတော်သာ တည်ထွန်းခဲ့သည် မဟုတ်ပါ။ မြတ်စွာဘုရား၏ ဂုဏ်ချေးခံသော သွားတော် ဓာတ်တော်တို့သည်လည်း ကိန်းဝပ် စံတော်မူပါသေးသည်ဟု မှတ်ရသိအပ်ပါ၏။

အကြောင်းဆောက်ကား ကျွန်ုပ်တို့၏ မုဒ္ဒဂုဏ်တော် မြတ်ဘုရား သည် ခွန်နှစ်ဝါမြောက်တွင် မယ်ဇော် မိန်တော်သားတို့ အမှူး ထား၍ ၃-လပတ်လုံး သာဝတ်သာ နှတ်ပြည်၌ အဘိဓမ္မာ တရားကို ဟောကြားတော်မူခဲ့ပြီးတဲ့နောက်....

ခွန်စ်ဝါမြောက် ဝါကာလ
အမျှား ဝေနေယျတို့အား ဟောပြီးသောအခါ၌ သင်္ဃာ ၄-ပါး တည်းဟူသော အပ္ပိုက်ဆေးတို့ တိုက်ကြွေးတော်မူလိုအဖြင့်....

WWW.DHAMMARANSI.COM

ဒေသစာရီ ကြွချီကော်မူသောအခါ မီတ္ထီလာပြည်သို့ ရှင်တော်မြတ်ဘုရား ရောက်သွားတော် မူပါသည်။ ထိုအခါ ရှင်တော်ဘုရား၏တပြည့် ရှင်ဂဝံဂတိရဟန္တာအရှင်မြတ်လည်း နောက်တော်က ပါရှိပါသည်။

ရှင်ဂဝံပတိသည် ဒီဗွစက္ခု အဘိညာဉ်ကို ဝင်စား၍ လောကဓာတ်ကို ကြည့်တော်မူသောအခါ ရှေးဘဝက ဆွေမျိုးတော်စင်ခဲ့ဘူးသော ဆွေတော် မျိုးတော်တို့သည် သထုံပြည်၌ရှိသည်ကို ဒီဗွစက္ခု အဘိညာဉ်ဖြင့် မြင်တော်မူ၍ သနားတော်မူသဖြင့် ကောင်းကင်ခရီးဖြင့် မီတ္ထီလာပြည်မှ သထုံပြည်သို့ ကြွသွားတော်မူပါသည်။

ထိုအခါ သထုံပြည်၌ မဟာသီရိမာသောက ဘုရင် မင်းပြုသောအချိန် ဖြစ်ပါသည်။ ဂဝံပတိရဟန္တာ အရှင်မြတ်သည် မင်းနှင့်တကွ လူထုပရိသတ်တို့အား မဂ်ပေါက် ဖိုလ်ဝင် ဒေသနာသဘင်ကို ဆင်ယင်ကျင်းပ၍ ဗုဒ္ဓဝါဒ တရားတော်များကို ဟောကြားဆုံးမတော်မူပါသည်။

ဤသို့ မဂ္ဂသစ္စာဟုဆိုအပ်သော မဇ္ဈိမပဋိပဒါလမ်းဖြင့် ကျင့်ကြံအားထုတ်ကြသူတိုင်း ဒုက္ခ၏ဆုံးရာ သမုဒ္ဒယ၏ကုန်ရာအမှန် ပြည်နိဗ္ဗာန်သို့ မုချဇောန်အမှန် သင်တို့သည် ရောက်ကြကုန်လတံ့ဟု အရှင်ဂဝံပတိ မထေရ်မြတ်က ဟောကြားတော် မူလိုက်သောအခါတွင်....

မင်းနှင့်တကွ လူထုပရိသတ်သည် အလွန်တရာ ကြည်ညို သဒ္ဓါပေါက်ကြရှာသဖြင့် မဟာသီရိမာ သောကမင်းကြီးက လျှောက်ထား တောင်းပန်တော်မူပါသည်။

WWW.DHAMMARANSI.COM

ဘယ်လို တောင်းပန်လျှောက်ထားပါသလဲ

တပည့်တော်တို့သည် တရားဟောဝါကို နာကြားရသဖြင့် မွေ့တရစ်ဂစ္ဆာမီ တရားတော်ကိုလဲ ကိုးကွယ်ရာဟု ဆည်းကပ်ရပါပြီဘုရား။ သံဃာတော်ကိုလဲဖူးမြင်ရပြီဖြစ်၍ (သံဃံသရဏံဂစ္ဆာမိ) သံဃာတော်ကိုလဲ ကိုးကွယ်ရာဟု ဆည်းကပ်ရပါပြီဘုရား။

မြတ်စွာဘုရားကို မဖူးရသေးသဖြင့် ဖူးမြင်လိုပါသည်၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဘုရားကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်လိုပါသည်၊ ဘုရားရှင်ကို သတုံပြည့်သို့ ကြွရောက်တော်မူရန် ပင့်ဖိတ်ပေးတော်မူပါဟု မဟာသိရိမာ သောကမင်းကြီးက လျှောက်ထား တောင်းပန်ပါသည်။

ထိုအခါ ဂဝံပတိအရှင်က ကောင်းပြီဟု ဝန်ခံပြီး လျှင် ကောင်းကင်ခရီးဖြင့် မိတ္ထီလာပြည်သို့ ဘုရားကိုပင့်ရန် ကြွသွားတော်မူပါသည်။

ရှင်တော် မြတ်ဘုရား ရာမညတိုင်း သတုံပြည့်သားတို့က ရှင်တော်မြတ်ဘုရားကို ဖူးမြင်လိုကြပါသည်။ ရှင်တော်မြတ်ဘုရားသည် ကြွတော်မူရန် တောင်းပန်လျှောက်ထားပါသည်ဟု အရှင်ဂဝံပတိက လျှောက်ထားသောအခါ သုံးလောကဆီမီး ဘုန်းတော်ကြီးသော ရှင်တော်မြတ်ဘုရားသည် နှစ်သောင်းမျှလောက်သော သံဃာတော်အပေါင်းခြံရံ၍ ကောင်းကင်ခရီးဖြင့် ဘုံဝန်းသတုံပြည်ကြီးသို့ ကြွခြီတော်မူ၍ အင်္ဂအရပ်တွင် တည်ရှိသော ဇူနဒနဦးတောင်ထိပ်သို့ သက်ဆင်း၍ သီတင်းသုံး နေတော်မူခဲ့ပါသည်။

WWW.DHAMMARANSI.COM

ဤသို့လျှင် ဘုရားရှင် ကြွလာတော်မူသည်ကို ဘုရားရှင်နှင့် ဘက္ခုပြည်သူတို့ သိရှိကြသောအခါ ဝမ်းမြောက်သဒ္ဓါကြည်ညိုစွာဖြင့် ဘုရားရှင်အား ဆည်းကပ် ပူဇော်ကြပါသည်။

ဘုရားနှင့်တကွ သံဃာကော် မြတ်တို့အား ဆွမ်းစသော လှူဒါန်းဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ကြပါသည်။

မြတ်စွာဘုရားသည် မင်းနှင့်တကွသော လူထုအား တရားရေအား အမြိုက်ဆေးကို တိုက်ကျွေးတော်မူသောအခါ သရဏာဂုံ သီလကို ဆောက်တည်ကြသော ဘုဉ်ဘာသာ နှိုင်ငံသူနှိုင်ငံသားတို့ တစ်ပြည်လုံး ဖြစ်သွားတယ်လို့ ဆိုရပါမည်။

ထိုအခခါကုန်းနတောင်၌ရှိသော ရသေ့ခြောက်ဦးတို့သည် ဘုရားရှင်အား အလွန်တရာ ကျည်ညိုကြသဖြင့် နောင်သောအခါ ကိုယ်တော်စား ကိုးကွယ်ဖို့ရန် ချီးမြှောက် ပေးသနားတော်မူပါဟု လျှောက်ထားတောင်းပန်ကြသဖြင့် သုံးလောကထွဋ္ဌိထား ရှင်ဆော် မြတ်ဘုရားက ဦးခေါင်းတော်ကို လက်တော်ဖြင့် သုံးသပ်၍ ခြောက်ဆူသော ဆံတော် ခေတ်တို့ကို တစ်ယောက်လျှင် ဆံတော်ခေတ် တစ်ဆူစီ ရှင်တော်မြတ်ဘုရားက ပေးသနားတော်မူခဲ့ပါသည်။

ဤသို့ ပြသော် တစ်ယောက်လျှင် ဆံတော်ခေတ် တစ်ဆူစီ ပေးသနားတော်မူသောအခါ မဟာသီရိမာသောဇမင်းကြီးက တကာတော်ကိုးပည်း နောင်သောအခါ ကိုယ်စားတော်အဖြစ် ကိုးကွယ်တော်မူရန် ဆံတော်ခေတ် တစ်ဆူကို ပေးသနားတော်မူပါဘုရားဟု လျှောက်ထားသောအခါ ရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူသည်မှာ—

WWW.DHAMMARANSI.COM

ဒါယကာမင်းကြီး ယခုအခါ သင်မင်းကြီးအား ငါဘုရား၏ ဓာတ်ထော်များကို ပေးရန်မလိုသေး။ ဤနှစ်မှ နောက် ၃၇-ဝါမြောက်သောနှစ်၌ ငါဘုရား၏သွားတော်ဓာတ် ၃၃ ဆူတို့ကို သင်သည် ကိုးကွယ်ပူဇော်ရလတံ့ဟု သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားက ဗျာဒိပ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

အထူးသတိပြုတော်မူကြရန်မှာ

ဤဘုရားရှင်၏ ဗျာဒိပ်တော်စကားများကိုလည်း ဗျာဒိပ်တော် သိုက်အနေအားဖြင့် မှတ်ဆားထားကြရပါမည်။

ရှင်တော်မြတ်ဘုရားသည် ဤရာမညတိုင်း၌ နောင်သောအခါ ငါဘုရား၏ သာသနာတော်သည် တည်ထွန်းတော်မူလတံ့ဟု မြင်တော်မူ၍ ထိုဌာနနေတောင်တွင် နေရာ ၃၃နေရာတို့၌ ဖလသမာပတ်ကို ဝင်စားတော်မူ၍ ဖလသမာပတ်မှ ထတော်မူပြီးလျှင် ၃၃ ခုသော ဌာနတို့တွင် သီတင်းသုံးနေထိုင်တော်မူခဲ့ပါသည်။

ဤကဲ့သို့ ဘုရားရှင် ဖလသမာပတ်ကို ဝင်စား၍ သီတင်းသုံးနေတော်မူခြင်းသည် နောင်အနာဂါတ် သာသနာအတွက် သာသနာဓာတ်တိုင် ပန္နက်ရိုက်နှက် ထားတော်မူခဲ့သည် ဟူ၍လည်း ဆိုနိုင်ပါကြောင်း။

ဤသို့လျှင် သုံးလောကထွဋ်တင် ဘုရားရှင် ကိုယ်တော်မြတ်သည် ခြောက်ဦးသော ရသေ့တို့အား ခြောက်ဆူသော ဆံတော် ဓာတ်မြတ်တို့ကို ပေးအပ်တော် မူခဲ့ပြီးသည့်နောက် မဋ္ဌိမ ဒေသသို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပါသည်။

WWW.DHAMMARANSI.COM

မော်ဓောရှင် စေတီတော်အား
သွားတော်ဓာတ်များတည်ပုံ

ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ အောင်သူတဏာတို့၏ ထိပ်သီး ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဘိုးတော်အဥန မင်းကြီး ဖြိုခွင်း သက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့်အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ ဥယျာဉ်တော်ဝယ် ခင်းထားအပ်သော ညောင်းစောင်းတော်၌ ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးတွင် အရှင် ဂဝံပတိအား ဗျာဒိပ်စကား မိန့်ကြားတော်မူခဲ့သည်မှာ...

ချစ်သား ဂဝံပတိ၊ ငါဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက် အလောင်းတော် ထင်းပုံတက်သို့ ရောက်သောအခါ ငါဘုရား၏ သွားတော်ဓာတ် ၃၃-ဆူကို ယူဆောင်၍ ရာမည်တိုင်း ခွန်းလှိုင်းပြည့်စုံ သထုံဘုရင် မဟာသီရိမာသောကမင်းအား ငါ၏ကိုယ်စား ကိုးကွယ်ကြရန် သင်ချစ်သားသည် သထုံသို့ သွားတော် ၃၃-ဆူကို ပို့ဆောင်ရမည်ဟု ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးတွင် အရှင်ဂဝံပတိအား ဗျာဒိပ်စကားမိန့်ကြားတော်မူခဲ့ပါသည်။

ဤသို့ ဂဝံပတိမထေရ်အား ဗျာဒိပ်စကား မိန့်ကြားတော်မူပြီးသည့်နောက် ဘုရားရှင်ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဗျာဒိပ်တော်ကို မပျက်စစဘဲ သွားတော်ဓာတ် ၃၃-ဆူကို ထင်းပုံတက်မှ ယူဆောင်တော်မူ၍ သထုံပြည်၌ မှဟာသီရိမာသောကမင်းအား ပူဇော်တော်မူရန် ပေးအပ်တော်မူလိုက်ပါသည်။

WWW.DHAMMARANSI.COM

ထိုအခါ မဟာသီရိမာ သောကမင်းသည် အလွန်တရာ စမ်း
မြောက်တော်မူ၍ ဣန္ဒခနုတောင်ပေါ်တွင် ဘုရားရှင် ကြွလာ
တော်မူစဉ်က ဖလသမာပတ်ဝင်စား၍ သီးတင်းသုံး ထိုင်နေ
တော်မူခဲ့သောနေရာ ၃၃-ဌာနကို အရှင်ဂဝံပတိမထေရိအား
ညွှန်ပြစေတော်မူပြီးလျှင် ၃၃ ခုသောဌာပနာတို့၌ သွားတော်
ဓာတ်များကို တစ်ဆူစီ ဌာပနာ၍ ကျောက်စေတီတော်ငယ်
၃၃ ဆူ တည်ထားတော်မူကြပါသည်။ ထိုစေတီတော်များကို
မင်းနှင့်တကွ ရာမညတိုင်း တစ်တိုင်းလုံးပင် လူထုအများ ကိုး
ကွယ် ဆည်းကပ် ပူဇော်ကြပါသည်။

မဟာသီရိမာ သောကမင်းက အစပြု၍ သထုံပြည်၌
မင်းအဆက်ဆက်ပင် ဤစေတီတော်များကို ကိုးကွယ် ပူဇော်
ကြပါသည်။

ဤအကြောင်းများကို ထောက်ထား၍ လွန်ခဲ့သော နှစ်
ပေါင်း ၂၃၀၀-လောက်ကပင် သထုံပြည်သည် ဗုဒ္ဓဝါဒကို
ယုံကြည်သုံးသပ်သော ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ကြောင်းကို သိမှတ်
အပ်ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော် မူပြီးသည့်နောက်
သာသနာ သက္ကရာဇ် (၂၃၆) ခုနှစ် တတိယသင်္ဂါယနာတင်ပြီး
သောအခါ ရှင်မဟာမောဂ္ဂလိပုတ္တသမထေရ် စေလွှတ်တော်
မူသော အရှင်သောဏ အရှင်ဥတ္တရ မထေရ်မြတ်တို့သည်
သထုံပြည်သို့ ကြွရောက်တော်မူသော အချိန်တွင် သထုံပြည်၌
သီရိမာသောကမင်း မင်းပြုတော်မူပါသည်။

WWW.DHAMMARANSI.COM

ထိုအခါ အရှင်သောဏ အရှင်ဥတ္တရ မထေရ်တို့သည် သထုပြည်၌ ဘီလူးဘေးရန်ကို ပါယ်ဖျောက်တော် မူပြီးလျှင် ဘုရင်မင်းမြတ်နှင့်တကွ တိုင်းပြည်လူထုအပေါင်းအား ဒြဟ္ဓဇာလ သုတ္တန်ကို ဟောကြားတော်မူသည်ဟု သိရှိရပါသည်။

ဒြဟ္ဓဇာလ သုတ္တန်ကို ဟောတော်မူပြီးသည်၏ အဆုံး၌ လူထုပရိသတ်အပေါင်း ခြောက်သောင်း အကျွတ်တရား ရကြကုန်သည်ဟု သိရှိရပါသည်။

မင်းမှုထမ်း ယောကျ်ားပေါင်း ၃၅၀၀၊ မင်းမိန်းမပေါင်း ၁၅၀၀ တို့သည် သာသနာတော်အတွင်းသို့ ဝင်၍ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ပြုလုပ်ကြပါသည်။

ထိုအခါ သီရိမာသောက မင်းက လျှောက်ထားသည်မှာ အရှင်ဘုရားတို့ ယခုအခါ အကျန်ပ်တို့သည် တရားတော်ကိုလဲ နာရပါပြီ၊ သံဃာတော်များကိုလဲ ဖူးမြင် ပူဇော်ရပါကုန်ပြီ သရီရ ဓာတ်တော်တို့ကိုကား မကိုးကွယ်ရ သေးပါ။

ဒကာတော်နှင့် သတ္တဝါများ ကိုးကွယ်ကြရန် ဆောင်ကြဉ်းတော်မူပါဟု လျှောက်ထားသောအခါ သက္ကရာဇ် ၁၄၈ ခုနှစ်က ဝင်ပတီ ရဟန္တာနှင့် မဟာသီရိမာ သောကမင်းတို့ ဣန္ဒနေတောင်၌ တည်ထားတော် မူခဲ့သော သွားတော်ဓာတ် ၃၃ ဆူတို့၏ တည်ထားသော စေတီတော်များသည် နှစ်ပေါင်း ၂၃၆-နှစ် တိုင်အောင် နှစ်ကာလကြာမြင့်သဖြင့် သစ်ပင် ချုံနွယ်များ ဖုံးပိတ် ကာကွယ် သောကြောင့် ထိုမင်း၏ လက်ထင်တွင် ထိုစေထီတော် ၃၃-ဆူတို့သည် ပူဇော်သက္ကာရ ကင်းကွာ၍ ကွယ်ပျောက်သကဲ့သို့ ရှိနေရပါသည်။

WWW.DHAMMARANSI.COM

ထိုအခါ အရှင်သောက အရှင် ဥတ္တရ မထေရ်မြတ်တို့သည် ထိုသွားတော်ဓာတ် ၃၃-ဆူတို့၏ ကိန်းဝပ်ရာ ၃၃-ခုသော ကျောက်စေတီများကို ညွှန်ပြ၍ တူးဖေါ်စေပါသည်။

သထုံဘုရင် သီရိမာသောက ဘုရင်သည် မထေရ်မြတ်၏ အမိန့်တော်အတိုင်း တူးဖေါ်စေပြီးလျှင် ရွှေကြုတ် ၃၃ ခုတွင် သွားတော်ဓာတ် ၃၃ဆူကို ထည့်တော်မူ၍ ထိုမှတဖန် ရွှေဖျင်းအိုး ၃၃ခုတွင် တစ်ခုစီ ရွှေကြုတ်ကို ထည့်သွင်းတော်မူပြီးလျှင် ဣန္ဒနေ တောင်ဝှမ်း၌ ဌာပနာတိုက် ၃၃ တိုက်ကို ဆောက်လုပ်စေ၍ ထိုဌာပနာတိုက်တို့၌ ထည့်သွင်း ပြီးသော အခါ။

သီရိမာသောကမင်းသည် သစ္စာဓိဌာန် ပြုတော်မူပါသည်။ အဘယ်ကဲ့သို့ သစ္စာဓိဌာန် ပြုတော်မူသနည်း။

၁။ မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးငှာလောက သုံးပါး၌ ပွင့်တော်မူရသည် အမှန်ဖြစ်ပါအံ့။

၂။ ဤသွားတော်ဓာတ်တို့သည် ဘုရားရှင်၏ သွားတော်ဓာတ် အမှန်အစစ် ကေံဖြစ်ငြားအံ့။

ဤသွားတော် ဓာတ်တို့သည် ရွှေဖျင်းနှင့်တကွ ကောင်းကင်သို့တက်၍ ကိုးကွယ် ထိုက်သော သတ္တဝါ စေနေယျများ ရှိရာ အရပ်၌ ကျဆင်း ကိန်းဝပ်တော် မူပါစေ သတည်း ဟု အဓိဌာန် သစ္စာပြုတော်မူပါသည်။

ထိုအခါ ရွှေဖျင်းနှင့်တကွ သွားတော်ဓာတ် ၃၃ ဆူတို့သည် ဌာပနာတိုက် ၃၃ တိုက်မှ ကောင်းကင်သို့ ပျံတက်တော်မူပြီးလျှင် ထုမည်တိုင်းတွင် အပါအဝင်ဖြစ်သော ကံသာ

WWW.DHAMMARANSI.COM

ဝတီ ၁၁မြို့၊ ပုသိမ် ၁၁မြို့၊ မုတ္တမ ၁၁မြို့အားဖြင့် ၃၃ခုသော ဌာနတို့၌ သက်ဆင်း ကိန်းဝပ်တော် မူကြပါသည်။

ဤသို့သောဘုရင်မျိုးကိုသာ သာသနာပြု ဘုရင်မျိုးဟု ဆိုရပါသည်။ ဗမာတွေတောင့်တသော ဘုရင်များကား ဤဘုရင်မျိုးကို ဆိုလိုပါသည်။ ထိုအချိန်သည် ကောလီဓာတ်ဆန်းသော အချိန်ဖြစ်တန်ရာသည်ဟု သိမှတ်ရပါမည်။

ဤသိုလျှင် ၃၃ ခုသော ဌာနများသို့ ဓာတ်တော်များ ကြွရောက်တော်မူသောအခါ သတ္တဝါအများ နတ်ရွာလားကြရန် အတွက် ဓာတ်တော်များကို ဌာပနာ၍ စေတီတော်များကို တည်ထား ကိုးကွယ်တော်မူဝေပါသည်။

ထိုစေတီတော်များတည်ရာ ဌာန ၃၃-ဌာနတို့တွင် ဟံသာဝတီမြို့၏ အနောက်တောင် အရပ်တွင် ရွှေဖျင်းအို၊ တစ်လုံးကျရောက် သက်ဆင်းတော် မူပါသည်။ ထိုဌာန၌ သွားတော်ခဲ ဓာတိတစ်ဆူကို ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထားတော် မူကြပါသည်၊ ထိုစေတီတော်သည်ကား ရှေးအခေါ်အားဖြင့် မုဓဝါစေတီတော်ဟုခေါ်ကြပါသည်။ ယခုအခါ ရွှေမော်ဓော စေတီတော်ဟု ထင်ရှားကျော်စောလျက် ရှိပါသည်။

မော်ဓောရှင် စေတီတော်၌ ဆံတော်ဓာတ် ၂ ဆူ
သွားတော်ဓာတ် ၁ ဆူ စွယ်တော်ဓာတ် ၁ ဆူ ကိန်းဝပ်ပုံ

ရှင်တော် မြတ် ဘုရား သည် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော် မူစဉ် ဒုံဇိုင်းတူမြို့သား စူဋ္ဌ သာလ မဟာသာလ

WWW.DHAMMARANSI.COM

ကုန်သည် ညီနောင် ၂ ယောက်တို့သည်။ ဆံတော်ဓာတ် နှစ်ဆူကို ဟာသက္ကရာဇ် (၁၀၉) နှစ်က ပင့်ဆောင်လာခဲ့ပါသည်။

ထိုကုန်သည် ညီနောင် ပင့်ဆောင်လာသော ဆံတော်ဓာတ် နှစ်ဆူကို သထုံဘုရင် သီဟာသူစောမင်းလွန်း ကြီးကျယ်သော ပူဇော်ခြင်းတို့ဖြင့်ပူဇော်၍ သုဒ္ဓဿနတောင် ဇေတောင်တွင် မဟာသက္ကရာဇ် (၁၁၅) ခုနှစ် တန်ခူးလဆန်း တစ်ရက် စနေနေ့တွင် ဌာပနာတိုက်နှင့် တကွ မော်ဓောရွာ စေတီတော်ကြီးကို တည်ပြီးခဲ့ပါသည်။

ထိုစဉ်အခါ ပထမ တည်ထားသော ဉာဏ်တော်မှာ အတောင် ၅၀-သာမြင့်ပါသည်။ လုံးပတ်တော်မှာ ၂၅၀ သာ ရှိပါသည်။

ဤသည်ကား မော်ဓောရွာ စေတီတော်အား မြတ်စွာဘုရား၏ ဆံတော်ဓာတ် နှစ်ဆူကို ပထမ ဌာပနာ၍ တည်ထားခြင်း ဖြစ်ပါသည်။

သာသနာ သက္ကရာဇ် ၁၂၂၆ ခု ကောဇာသက္ကရာဇ် ၃၄၃ ခုနှစ်တွင် ဟံသာဝတီ ပဲခူးမြို့၌ အနောရထမင်း မင်းပြုတော်မူပါသည်။ ထိုအခါ သထုံဘုရင် သီရိမာသောဇာမင်း အထံမှ ရွှေကြွတ်နှင့် တကွ ကောင်းကင်မှ ကြွဆင်း လာသော သွားတော်ဓာတ် တစ်ဆူကို သုဒ္ဓဿန ကုန်းတော်၏ အရှေ့မြောက် တန်ဆောင်တောင်မှ အတောင် ၄၀ တူး ပေါက်၍ သွားတော်ဓာတ်ကို ဌာပနာ၍ မော်ဓောရွာ စေတီတော်အား အသစ်တဖန် မွမ်းမံ တည်ထားတော် မူပြန်ပါသည်။ ဉာဏ်

WWW.DHAMMARANSI.COM

တော်ကို မူလဉာဏ်တော်မှ(၂၂)တောင် တိုးမြှင့်၍ တည်ထား သမြှင့် ဉာဏ်တော်(၁၂၆)တောင် မြှင့်သွားပါသည်။

ဤသည်ကား မော်ဓောရှင်စေတီတော်၌ ဒုတိယအကြိမ် မြတ်စွာဘုရား၏ သွားတော်ခာတ် ကိန်းဝပ်တော်မူသည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(တတိယစွယ်တော်)

သာသနာ ၁၉၂၇ ခုနှစ် ကောဇာသက္ကရာဇ် (၇၄၅)ခုနှစ်တွင် ပဲခူး တံသာဝတီ၌ ရာဇာဓိရာဇ်ဘုရင် မင်းပြုပါသည်။

ထိုအခါ ရာဇာဓိရာဇ်ဘုရင်သည် သီဟိုဠ်ကျွန်းမှ စွယ်တော်ကို ပင့်ဆောင်လာ၍ သုဒဿနတောင်ကုန်း၏ အင်္ဂါထောင့်မှ ဌာပနာတိုက် တူးဖောက်၍ ဘုရားရှင်၏ စွယ်တော်ခာတ်မြတ်ကိုဌာပနာ၌ တတိယအကြိမ် ထပ်မံတည်ထားတော် မူပြန်ပါသည်။ ဉာဏ်တော်ကို (၁၃)တောင်တိုး၍ တည်တော်မူသဖြင့် ထိုအချိန်တွင် မော်ဓောရှင် စေတီ၏ ဉာဏ်တော်သည် (အတောင် ၁၆၅ တောင် မြှင့်သွားပါသည်။)

ဤသည်ကား တတိယအကြိမ် မော်ဓောရှင် စေတီတော်ကြီး၌ ဘုရားရှင်၏ စွယ်တော်ခာတ် ကိန်းဝပ်သည်ကို ဖော်ပြသော စကားရပ် ဖြစ်ပါသည်။

ဤသည်ကား ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ရာမညတိုင်း တလိုင်းသုံးရပ်ကို အုပ်စိုးတော်မူခဲ့သော သာသနာပြုစဉ် ဘုရင်အဆက်ဆက်ကို အကျဉ်းအားဖြင့် ဖော်ပြသော စကားရပ် ဖြစ်ပါသည်။

(မှတ်ချက်) ယခုအခါ ထိုရွှေမော်ဓော စေတီတော်ကြီး

WWW.DHAMMARANSI.COM

သည် ဝမ်းနည်းဖွယ်ရာ ၁၉၃၀ ခုနှစ် ခေလ ၅ ရက်နေ့ ညဂ နာရီအချိန်တွင် မြေငလျင်ထွန်လှုပ်သဖြင့် ထီးတော်ကြီး မြေသိုခ၍ ပြိုကျတော်မူရှာသည်။ ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာများ အတွက် အထူးဝမ်းနည်းဖွယ်တစ်ရပ် ဖြစ်ပါသည်။

ထိုစေတီတော်ကြီး မြေမှာခ၍ ပြိုကျသော နှစ်ပေါင်းကား ၂၂ နှစ်ကျော်လာပြီဖြစ်သော်လည်းမည်သူတစ်ဦးတစ်ယောက် ကမှ ပြီးမြောက်အောင် မဆောင်ရွက်ခဲ့နိုင်ပါကြောင်း။

ကျွန်ုပ်တို့၏ ထွက်ရပ်ပေါက် ခေါင်းဆောင် အောင်မင်းခေါင်အရှင်သည် ထွက်ရပ်စခန်းသို့ မကြွမြန်းမီ မော်ခေါရှင် စေတီတော်ကြီးအား ပြုပြင်လိုသော သမာဆန္ဒအားကြီးတော်မူကြောင်းကို အပေါင်းသော တပည့်အများတို့အား မိန့်ကြားတော် မူခဲ့သည်ဟု ကျွန်ုပ်တို့ လိရှိရပါသည်။

သထုံသာသနာနှင့် ရွှေမော်ဓော

မြတ်စွာဘုရား၏ သာသနာတော်သည် သထုံမြို့၌ သာသနာတည်စ သီရိမာသောကမင်းကစ၍ မနုဟာမင်းတိုင်အောင် သာသနာနှစ်ပေါင်း ၁၃၆၂ နှစ်တိုင်တိုင် ထွန်းလင်းတောက်မခဲ့ပါသည်။

အနော်ရထာ မင်းစောသည် မနုဟာမင်းကို ပုဂံပြည်သို့ ယူဆောင်သွားပြီးသည့်နောက် သထုံပြည်၌ မင်းအဆက်ပြတ်သွားခဲ့ပါသည်။

သထုံပြည် မင်းမျိုးမင်းနွယ်ဖြစ်သော မင်းတစ်ပါးသည် ထံသာဝတီတွင် မင်းပြု၍ ရာမညတိုင်းတစ်တိုင်းလုံးပင် စိုးအုပ်တော်မူခဲ့ပြန်ပါသည်။

WWW.DHAMMARANSI.COM

ထိုသို့ သုထုံမင်းဆက်များသည် အဆက်ဆက် အုပ်စိုးလာခဲ့သော မင်းဆက်ပေါင်းမှာ ၈၆-ယောက်မြောက် အုပ်စိုးခဲ့သော ဘုရင်ကား ရာဇဝင်တွင် ထင်ရှား ကျော်စောသော ဓမ္မစေတီ မင်းပင် ဖြစ်ပါသည်။

ဤဓမ္မစေတီမင်းကြီးသည် ပိဋကတ်ကျမ်း ဗေဒင်ကျမ်း အင်းကျမ်းစသော လောကီလောကုတ္တရာ ကျမ်းဂန်များကို တစ်ဖက်ကမ်းပေါက် ဟတ်မြောက်သော ဘုရင်ကြီးဟု ရာဇဝင် အစောင်စောင်တွင် ဂုဏ်ပြောင်သော မှတ်တမ်းများကို မှတ်သားဖတ်ရှုရပါကြောင်း။

ဓမ္မစေတီမင်းကြီးသည် ကောဇာသက္ကရာဇ် ၇၁၀-ခုနှစ် သာသနာနှစ် ၁၈၉၂-နှစ်တွင် မုဓဝါခေါ် ရွှေမော်ဓောစေတီတော်ကြီးကို မူလစေတီတော်ကို မျိုရှ် နောက်ထပ်တစ်ဖန် တည်ထားတော်မူပါသည်။ ဓမ္မစေတီဘုရင်ကို စေတီတော် ဒါယကာဟူ၍ မှတ်ယူသိမှတ်ရမည်ဖြစ်ပါသည်။

ဓမ္မစေတီ ဘုရင်သည် ၃၅နှစ် ဟံသာဝတီ၌ စိုးအုပ်တော်မူမြီးနောက် လားတော်ဖြစ်သော သုတသောမမင်းသည် ၃၈နှစ် မင်းပြုတော်မူပါသည်။

သုတသောမ မင်းနောက် မြောက်ဆက်မြောက် ဖြစ်သော ဗုမာဓိပတိမင်းသည် သက္ကရာဇ် ၈၂၀ ခုနှစ် သာသနာနှစ် ၂၀၀၂ နှစ်တွင် မော်ဓောရှင် စေတီတော်ကို ဟဖန် မျိုမ်၍ တည်ပြန်ပါသည်။ ဤမင်းကိုလည်း မော်ဓောရှင် စေတီတော် ဒါယကာတူ၍ မှတ်သားရမည် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

သာသနာ ၂၅၀၀-ကျော်သောအခါ
ပေါ်လာမည့် ဆံတော်ဓာတ် ၆ ဆူ

ဘုရားရှင်၏ အနာဂါတ်သာသနာတော်သည် ရာမညတိုင်းတွင် သာသနာဓာတ်တိုင်ပနက် ရိုက်နှက်ပြီးဖြစ်၍ အမှန်ပင်ဓာတ်တိုင်ကျရာ ဒေသတို့၌ သာသနာ ၂၅၀၀-ကျော်လျှင် အမှန်ပွင့်လင်းတော့မည်ဟု ယူဆရမည် ဖြစ်ပါကြောင်း။

အကြောင်းကိုဆိုသော်

အရဟံအစ ဘဂဝါအဆုံး ဘဝဂ်ခြုံးမျှ ဘုန်းတော်ခြောက်စုံ ၉ ပါးဂုဏ်နှင့် ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စံနေတော်မူသောအခါ....

အရှင်အနုရုဒ္ဓါ အရှင်သောဘိတ အရှင်ပဒုမုတ္တရ အရှင်ဂုဏသာဂရ အရှင်ဉာဏပဏ္ဍိတ အရှင်ရေဝတ ရဟန္တာကြီး ၆ ပါးတို့က လျှောက်ထားတော်မူကြပါသည်။

အဘယ်လိုလျှောက်ထားကြပါသလဲ

သုံးလောကဆီမီး ဘုန်းတော်ကြီးသော ရှင်ပဇီဘုရားပစ္စန္တရစ်ဒေသ၌ နေကြားသော ဝေနေယျတို့အား ကိုယ်တော်ဇား ကိုးကွယ်ကြပါရန် ဆံတော်မြတ် ဓာတ်တော်များကို ပေးသနားတော်မူပါဟု လျှောက်ထား တောင်းပန်ကြပါသည်။

တိုအခါ ရှင်တော်မြတ်ဘုရားက လက်တော်ဖြင့် သုံးသပ်၍ တစ်ပါးလျှင် တစ်ဆူဆီဆံတော်မြတ်ခြောက်ဆူကို ရဟန္တာ ၆ ပါးတို့အား ပေးသနားတော် မူလိုက်ပါသည်။

WWW.DHAMMARANSI.COM

(မှတ်ချက်) နေအရှက်အဆင်းရှိသော မြေဆိုသည်မှာ ရွှေအဆင်းနှင့်တူသော နီဝါသောမြေကြီးကိုဆိုလိုပါသည်၊ နီဝါသော မြေကြီးရှိရာအရပ်ကို ဆုံးဖြတ်ရမည်ဆိုပါလျှင် သုဝဏ္ဏဘူမိ သထုံမြို့ကိုပင် ဆိုလိုသည်ဟု အဓိပ္ပာယ်ကိုသိမှတ်ရပါမည်။

နေအရှက်အဆင်းရှိသော မြေအပြင်သို့ ရဟန္တာကြီးများ သက်ဆင်းသည်ဟု ဆိုရာ၌ သထုံမြို့သို့ သက်ဆင်းသည်ဟု အဓိပ္ပာယ်ကို သိမှတ်ဓေလိုပါသည်။

သုဝဏ္ဏဘူမာ တွောတိ သုဝဏ္ဏဘူမိဟု ဆိုရပါမည်။ တွေ ဤဇနပုဒ်၌ သုဝဏ္ဏာ ရွှေနှင့်တူသော ဝါနေအရှက်ဝင်းသလို ရွှေအဆင်းနှင့်တူသော ဘူမာ မြေကြီးသည် သုဝဏ္ဏဘူမိ သုဝဏ္ဏဘူမိမည်၏။

ဤဝိဂြိုဟ်အရ အဓိပ္ပာယ် မှတ်သားရန်မှာ သထုံပြည်ကို ဗမာကို ရွှေမြေအရပ် သို့မဟုတ် ရွှေပြည်လို့ ခေါ်ဆိုရပါမည်။ ပါဠိလိုတော့ သုဝဏ္ဏဘူမိလို့ ခေါ်ဆိုသိမှတ်ရပါမည်။

ဤသို့လျှင် ရဟန္တာကြီး ခြောက်ပါးတို့သည် ပစ္စန္တရာဇ်အရပ်၌ သက်ဆင်းတော်မူကြသောအခါ ထိုပစ္စန္တရာဇ်အရပ်၏ တောင်မျက်နှာ နေအရှက်အဆင်းရှိသော မြေအပြင်၌ ရှင်အနုရုဒ္ဓါမထေရ် ဆောင်ယူလာသော ဆံတော်ဓာတ်တစ်ဆူကို ဌာပနာ၍ စေတီဘစ်ဆူ တည်ထားတော်မူပါသည်၊ ထိုစေတီ၏ ဒါယကာမှာ သိကြားမင်းဖြစ်ပါဘည်။

ထိုအရပ်မှ တောင်မျက်နှာ ၃-ဂါဝုတ်ကွာသော အရပ်၌ ရှင်သောဘိတ မထေရ် ယူဆောင်လာသော ဆံတော်ဓာတ်

WWW.DHAMMARANSI.COM

တစ်ဆူကို ဌာပနာ၍ စေတီတစ်ဆူ တည်ထားတော်မူပါသည်။ ဒါယကာမှာ ပစ္စုံနတ်သား ဖြစ်ပါသည်။

ရှင်ပဒုမုတ္တရမထေရ် ယူဆောင်လာသော ဆံတော်တစ်ဆူကို သမုဒ္ဒရာတမ်းနား၌ စေတီတစ်ဆူ တည်ထားတော်မူပါသည်။ ဒါယကာမှာ မေခလာနတ်သမီး ဖြစ်ပါသည်။

ထိုစေတီတော်၏ မြောက်တက်တွင် ပြည်ညောင်ပင်ကြီး တစ်ပင်ရှိပါသည်။ ဤညောင်ပင်ကြီး အနီးအရပ်မှာ ရှင်ဂုဏ တာဂရမထေရ် ယူဆောင်လာသော ဆံတော်ဓာတ်တစ်ဆူကို ဌာပနာ၍ စေတီတစ်ဆူ တည်ထားတော်မူပါသည်။ ဒါယကာမှာ သတော်သူကြီးဖြစ်ပါသည်။

ထိုစေတီ တည်ရာအရပ်မှ အရှေ့မျက်နှာ အရပ်တွင် ဂင်္ဂါမြစ်တစ်ခုရှိပါသည်။ ဤဂင်္ဂါအရပ်တွင် သန့်ရှင်းသောမြေ အပြင်၌ ရှင်ဉာဏာဏ္ဍိတမထေရ် ယူဆောင်လာသော ဆံတော် တစ်ဆူကို ဌာပနာ၍ စေတီတစ်ဆူ တည်တော်မူပါသည်။ ဒါယကာမှာ ဝရုဏနဂါးမင်း ဖြစ်ပါသည်။

ထိုအရပ်မှ မြောက်တည့်တည့်အရပ်တွင် ပစ္စန္တိရာဇ်နေလူထုအများ လွယ်ကူစွာပူဇော်နိုင်ကြရန် လျှောက်ပတ်သောအရပ်၌ ရှင်ရေဝတမထေရ် ယူဆောင်လာခဲ့သော် ဆံတော် တစ်ဆူကို ဌာပနာ၍ စေတီတစ်ဆူ တည်ထားတော်မူပါသည်။ ဒါယကာမှာ ထိုအရပ်တွင် အဆင် [illegible] ရောက်လာကြသော လှေ ၇-စင်းတို့၏ ဦးစီး လှေ[illegible] ၇-ယောက်၊ သို့မဟုတ် ကုန်သည် ၇-ယောက် ဆွေမျိုးတစ်စုတို့က ဒါယကာ ပြုလုပ်၍ တည်ကြပါသည်။

WWW.DHAMMARANSI.COM

ထိုဆံတော်ခြောက်ဆူ ကိန်းဝပ်ရာဖြစ်သော စေတီတော်များ၏အကြောင်းကို ဓဇဋ္ဌဝန်ကျောင်းတော်၌ ရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတော်မူပါသည်။

အာယဿကဲ့သို့သော လျှောက်ထားစော်မူပါသနည်း။

ကိုဘန်နှင့် တသို့ဇနပဒေ သတ္တာန်အန္တရာယော၊ ဘဂဝတော ဝေတုယော နိဿာယ ဘဝိဿတီတိ-ဟူ၍ ရှင်အာနန္ဒာက လျှောက်ထားတော်မူပါသည်။

မြန်မာပြန်ကတော့၊ ဘန္တေ၊ဘုန်းတော်ဇနဝင်း ထွန်းထင်းတောက်ပတော်မူသော ရှင်တော်မြတ်ဘုရား၊ တသို့ဇနပဒေ၊ ထိုဇနပုဒ်၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဝေတုယော၊ ခြောက်ဆူသင်မှတ် ဣဒ္ဓိဝတ်တော်မြတ်တို့သည် ဝါ-ဣဒ္ဓိဝတ်တော်မြတ်တို့ကို၊ နိဿာယ၊ မှီ၍။ အန္တရာယော၊ အန္တရာယ်တို့သည်။ သတ္တာန်၊ သတ္တဝါတို့အား၊ ဘဝိဿတိ၊ ဖြစ်ပါလတံ့နည်း။

ဤသို့ ရှင်အာနန္ဒာက လျှောက်ထားသောအခါ ရှင်တော်မြတ်ဘုရားက....

၁။ နဟဿာမီအာနန္ဒ၊ တသို့ဇနပဒေ သတ္တာန် ပရိဟာနိတ္ထိယေဝဿာမီ။

၂။ မမပရိနိဗ္ဗာန တေ ဟိအာနန္ဒာ ပဠဝဿသဟဿာနိ မမဿာသနံ ပဋိဂ် ဘဝိဿတိ။

၃။ ဣမာ ဆဒေကသ ဝေတုယော ပဠုသတာဒိကာ ဒ္ဝီသ ဟဿဝဿာနိဒ္ဓကွိတာ ဘဝိသန္တိ ဓဇေဝပရံ မဟာဗျစာ သက္ကာရော ဘဝိဿတိ၊

WWW.DHAMMARANSI.COM

၄။ ကောက်စေတိယ်၊ မဟာလတ္တပန္နီ ယဲဘဝိဿတိတိ ဗျာကာသိ။

ဟူ၍ ဗျာဒိပ်တော်စကား မိန့်ကြား၊ တော်မူခဲ့ပါသည်။

၁။ အာနန္ဒ ချစ်သား အာနန္ဒာ၊ တသွဲ့ ဇနပဒေ၊ ထိုဇနပုဒ်ဌ်။ သတ္တာနံ၊ သတ္တာဝါတို့၏။ ပရိဟာနိ၊ ဆုတ်ယုတ်ခြင်းတို့ကို။ အဟံ၊ ငါဘုရားသည်။ နဟဿာမိ၊ မြင်တော်မမူ။ ဝုဋ္ဌီယေဝ၊ ကြီးပွားချမ်းသာခြင်း တို့ကိုသာလျှင်၊ ပဿာမိ၊ မြင်တော်မူ၏။

၂။ အာနာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဟိသစ္စံ၊ မှန်ပေ၏။ ထိုစကား။ မမ၊ ငါဘုရား၏။ ပရိနိဗ္ဗာနတော၊ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည်မှ။ ပစ္ဆာ၊ နောက်ကာလ၌၊ ပဉ္စဝဿသဟဿာနိ၊ အနှစ် ၅၀၀၀-တို့ကာလပတ်လုံး။ မမသာသနံ၊ ငါဘုရား၏ သာသနာတော်သည်။ ပတိဋ္ဌိတံ၊ တည်သည်။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။

၃။ ဟုမာဆကေသဓာတုယော၊ ကျွဲခြောက်ဆူသောငါ၏ ဆံတော် ဓာတ်တို့သည်။ ပဉ္စသတာဓိက-ဒ္ဝိသဟဿဝဿာနိ၊ အနှစ် ၂၅၀၀-တို့ ကာလပတ်လုံး။ ဒုက္ခိတာ၊ ဆင်းရဲကြကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်မကုန်လတံ့။ တဲ့တော၊ ထိုအနှစ် ၂၅၀၀-မှ။ ပရံ၊ နောက်ဖြစ်သော အနှစ် ၂၅၀၀-၌။ မဟာပုဇာ၊ ကြီးကျယ်သော ပူဇော်ခြင်းတို့ဖြင့်။ သက္ကာရော၊ ကိုယ်စီကိုယ်၌ ပြုလုပ်ပူဇော်ကြသော်၊ ဘဝိဿတိ၊ ဖြစ်ပေလတံ့။

၄။ ကောတံစေတိယံ၊ တန်ဆူတစ်ဆူသော စေတီတော်သည်။ မဟာသတ္တပန္နိယံ၊ ခုနစ်ကြိမ်စီ ကြီးကျယ်စွာ မျိုမံ

WWW.DHAMMARANSI.COM

၍ တည်ကြခြင်းသည် သဝိဿတိ ဖြစ်ပေလတံ့။ ဣတိ၊ ဤသို့။ ဘဂဝါ မြတ်စွာဘုရားသည်၊ ဗျာကာသိ၊ ဗျာဒိပ်စကား ဟောကြားတော်မူပါသတည်း။

အဲဒီထို မြတ်စွာဘုရားက

ချစ်သားအာနန္ဒာ ဤခြောက်ဆူဆော ဓာတ်တော်တို့သည် ယခုအခါ ထိုအရပ်၌ လူနေနည်းပါး၍ ပူဇော်ခြင်းကို မခံရဘဲ ဆင်းရဲစွာဖြင့် တိမ်မြုပ်၍ နေပေလတံ့။ ဝါ၏သာသနာတော် ၂၅၀၀ ကျော်သောအခါတွင် ဤဓာတ်တော် ခြောက်ဆူတို့သည် အလွန်ထင်ရှား၍ ကြီးစွာသော ပူဇော်အထူးကို ခံကြရလတံ့။ သာသနာ့ဒါယကာ အဆက်ဆက် ပူဇော်ကြသဖြင့် ၇ကြိမ်စီမျှို့၍ မျှို့၍ စေတီတည်ထား ကိုးကွယ်ကြလတံ့။

ဤလို မြတ်စွာဘုရားက အာနန္ဒာအား ဗျာဒိပ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

ဤဗျာဒိပ်အရ အဓိပ္ပာယ်ကို ဝေဖန်ရမည် ဆိုပါလျှင် အောက်ဗမာပြည် ရုမညတိုင်း တလိုင်း ၃ ရပ် အပါအဝင် ဥက္ကလာဒဂုံ သထုံပဲခူးအရပ်များတွင် သာသနာတော် ၂၅၀၀ ကျော်သောအချိန်တွင် အမှန်ဘုရားရှင်၏ သာသနာတော် ထွန်းပတော့မည့် ကေံဟုသာ အဓိပ္ပာယ်ကို သိမှတ်ထားကြစေလိုပါသည်။

ထိုမှတစ်ပါး ဤဆံတော်ဝေတ်များကို ယူဆောင်တော်မူခဲ့ကြအော ရဟန္တာ ၆ ပါးတို့ကလည်း ဗျာဒိပ်စကား ထားတော်မူခဲ့ကြပါသေးသည်။

WWW.DHAMMARANSI.COM

အဘယ်ကဲ့သို့လားတော်မူခဲ့ပါသနည်း။

၁။ ဤဒံစေတိယံ အနာဂတေ သတဗျာမံ ဘဝိဿတိ။

၂။ ဣမေဝ၊ မေ့ရာဇာပိ ဘဝိဿတိ။

၃။ တံ ပန စေတိယံ၊ ပစ္စာ သောဏ္ဍယ စေတိယန္တိပါကဋ္ဌံ

ဟူ၍ တ့ဆူတဆူသော စေတီတို့ကို တည်ထားပြီးသော အခါ ဤသို့ဗျာဒိပ်စကား ထားတော်မူခဲ့ကြပါသည်။

ဤသို့လျှင် မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့ ထားတော်မူခဲ့သော ဗျာဒိပ်တော်များ၏ မိန့်ဆိုတော် မူချက်အရ ကျွန်ုပ်တို့က ဖော်ပြရမည် ဆိုပါမူ...

သာသနာတစ်ပက်ကျော်လျှင်

အောက်ဗမာပြည် ဥက္ကလာဒဂုံ သထုံ ပဲခူးကစ၍ ဘုရားရှင်၏ သာသနာတော်သည် အမှန် ထွန်းလင်းပေတော့မည်ဟု ကော်ဒိဌ စိတ်ချ၍ ယုံကြည်ထိုက်ပါကြောင်း။

(မှတ်ချက်) လွန်ခဲ့သော ရေးအတိတ်အချိန်က ရဟန္တာကြီးများသည် ထားခဲ့သောစေတီတော်များနှင့်ဗျာဒိပ်စကား ဗျားသည်ကား ထွန်းလင်းလတံ့သော ၂၅၀၀ အနာဂါတ် သာသနာအတွက် သာသနာမာတ်တိုင် ပနက်ရိုက်နက်ထားတော်မူခဲ့ပေသည်ဟု အဓိပ္ပာယ်ကို ယူဆရမည် ဖြစ်ပါသည်။

ဤသို့ ဆိုခဲ့ပြီးသော ဗျာဒိတ်တော်များအရ သာသနာပြုပဲ့ကြီးထား အချိန်အားဖြင့် နီးကပ်၍လာပါပြီ။ ဤသာသနာပြုပဲ့ကြီး မည်သည်မှာ ဘုန်းရှင်ကံရင်များ ကူညီမှသာ ပြီးမြောက်နိုင်သော [illegible]ကြီးတစ်ရပ်ဖြစ်၍ ထိုအချိန်တွင် အဘယ်ပုဂ္ဂိုလ်များ ပေါ်လာတတ်ပါသနည်း။

WWW.DHAMMARANSI.COM

ကောလီဝုက္ကတေ ဗဟုပညော ရုဇာဘဝိဿတိ။
ကောလီဝုက္ကတေ ကောလီ ဓာတ်ဆန်းသော အချိန်၌။

ဗဟုမညော၊ ပညာရှိသော၊ ရုဇာ သာသနာပြုဘုရင် နေနတ်ရှင်သည် ဘဝိဿတိ ဖြစ်ပေါ်လာတတ်၏။

ဟုဆိုသော လောကီဗေဒင် နေမြင်ကျမ်းတတ် ဆရာမြတ်တို့ မိန့်ဆိုကော်မူကြသော စကားကို ထောက်ထားသော အားဖြင့်လည်းကောင်း။

ဤမေဝ မမှရာဇာစိ ဘဝိဿတိဟုဆိုသော ရဟန္တာတို့၏ ဗျာဒိပ်စကားကို ထောက်ထားသောအားဖြင့်ရင်း၊ ဤသာသနာပြုသောအချိန်မှာ မမှရာဇာ မင်းကောင်းမင်းမြတ် ပေါ်လာလိမ့်မည်ဟု သီရှိရပါသည်။

မေး။ ။အသင်တို့သည် ဤသာသနာ ပြုပွဲကြီးအတွက် ခေါင်းဆောင်နိုင်သော ပါရမီရှင်တစ်ယောက်ပေါ်ပေါက်လာနိုင်သည်ဟု ထင်မြင်ယုံကြည် နိုင်ပါသလား။

ဖြေ။ ။သာသနာပြုနိုင်သော ဤဒွိဝိပေါရမီရှင်တစ်ယောက်ပေါ်ထွက်နိုင်သည်ဟု ယုံကြည်မိပါသည်။

မေး။ ။ဤသို့ဖြစ်လျှင် သင်ယုံကြည်သော ဤဒွိဝိပေါရမီရှင်သည် ယခုအချိန်တွင် မည်သူလဲဟု သင်ထင်မါသနည်း။

ကျွန်ုပ်နှင့်တကွ ဝိဇ္ဇာဂိုဏ်းဝင် သူတော်စင်တို့၏ ယူဆချက်ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာ ဖော်ပြရမည် ဆိုပါ

WWW.DHAMMARANSI.COM

လျှင်ဘိုးတော်အောင်မင်းခေါင် အရှင်ဆည် အမှန်ပင်ဖြစ်
သည်ဟု ယူဆကြပါသည်။

(အကြောင်းထူးကို ဖော်ပြပါအံ့။)

၁၃၁၄-ခုတော်သလင်းလဆုပ်(၂)ရက်နေ့ညနေ ၄-နာရီ
တိတိ ထွက်ရပ်လမ်းသို့ ကြွလှမ်းမည့်ဆဲဆဲတွင် ရန်ကုန်မြို့မှ
အမိန့်တော်ဖြင့်ခေါ်၍ လာရောက်ပြုစုကြသော ကပ်ကျော်
ဘဘကြီး ဦးစိုးမင်းနှင့်အတူ ရင်းနှီးသောတပည့် ဇယာကျား
မိန်းမ ၁၀-ယောက်တို့သည် အနီးတွင် ဝတ်ကြီးဝတ်ငယ်
ကို ပြုစုလျက်ရှိကြသည်ဆိုကြောင်း။

ထိုသူအပေါင်းတို့တွင် ဘဝဘဝက ပါရမီဇရစက် အလွန်
နီးစပ်ခဲ့သော တပည့်မ ကစ်ယောက်သည် အောင်မင်းခေါင်
အရှင်၏ မလှုပ်မရှားသော အခြင်းအရာကို မြင်ရသဖြင့် လွမ်း
ဆွတ်ကြေကွဲ ဝမ်းနည်းသော စိတ်ဓာတ်ဖြင့် ငိုမဲ့မဲ့ ပြုလုပ်နေ
သည်ဆိုကြောင်း။

ဤသို့မျက်ရည်စက်လက်နှင့် ဝမ်းနည်းပက်လက် ဖြစ်နေ
စဉ်တွင် ပက်လက်လဲလျောင်းနေသော အောင်မင်းခေါင်၏
ဘေးနားတွင် ထိုင်လျက်နေသော အောင်မင်းခေါင်ကိုယ်ခွဲ
တစ်ခုကိုလည်း မြင်နေရသည့်အပြင် ကောင်းကင်အထက်မှ
နတ်ဝတ်တန်ဆာနှင့် ရပ်လျက်နေသော ဗြဟ္မာကြီးကိုလည်း
မျက်စိနှင့်ပင် မြင်နေရသည်ဆိုကြောင်း။

ထိုအခါ ဝမ်းနည်းသော တပည့်မသည် အလွန်တရာ
အံ့အားသင့်ခါ ဝါတို့၏ဘဘကြီးမသေဟု ဝမ်းနည်းသောစိတ်

WWW.DHAMMARANSI.COM

ဓာတ်ပျောက်လျှင် ဝမ်းသာသောစိတ်ဓာတ် ဖြစ်လာရတော့သည် ဆိုကြောင်း။

၂၀ အမီး မငိုလေ့နဲ့ ရန်ကုန်ကို ပြန်ကြပေတော့။ အဘလဲ အောက်ပြည် ရန်ကုန် သထုံ ဇင်းကျိုက်ကို လိုက်ခဲ့ပါမည်ဟု မေ့မြောနေသော အောင်မင်းခေါင်၏ ဘေးနားတွင် ထိုင်နေသော အောင်မင်းခေါင်က တပည့်မအား ပြောဆိုလိုက်သည် ဆိုကြောင်း။

ဤသို့သော အခြင်းအရာတို့သည် (ထူးပေသည် ဆန်းပေသည် စိန်ရောင်ခြည်) ဆိုသလို အသင်တို့သည် ယုံကြည်နိုင်ကြပါကုန်မည်လော၊ ယုံချင်မှ ယုံကြမည်သာ ကေံသာတည်း။

ထိုအခါ ရန်ကုန်မှ လာရောက်ပြုစုကြသော အောက်ပိုင်းသာသနာပြု တာဝန်ခံ ဦးခန္တီခေါ် ကပ်ကျော် ဘဘကြီးနှင့် တကွ ဆယ်ယောက်သောတပည့်များသည်ပုပ္ပားတောင်ကလပ်မှ ပြန်ကြရန် အောင်မင်းခေါင်၏ ပက်လက်ဆင်းထားသော ခြေနှစ်ဖက်ကို ဦးခေါင်းဖြင့် ပွတ်တိုက်ကာ ရှိခိုးကန်တော့ကြပြီးလျှင် ရန်ကုန်သို့ ပြန်လာကြတော့သည် ဆိုကြောင်း

ထိုမှတစ်ပါးထူးခြားသောအချက်တစ်ခုကား

အောက်မြန်မာပြည် ရာမညတိုင်း သာသနာပြု တာဝန်ခံ ဦးခန္တီခေါ် ဘဘကြီးသည် ပုပ္ပားတောင်ကလပ်မှ ပြန်လာပြီးသည့်နောက် အောင်မင်းခေါင်၏ ကျန်ရစ်သော ရုပ်ဓာတ်နှင့် စပ်လျဉ်း၍ သိရှိနိုင်ရန် ဝီဇွာဂိုဏ်းဝင် တပည့်တစ်ယောက်ကို ပုပ္ပားတောင်ကလပ်သို့ စေလွှတ်လိုက်သည် ဆိုကြောင်း။

WWW.DHAMMARANSI.COM

ထိုစေလွှတ်သော တပည့်သည်ပုပ္ပားတောင်ကလပ်တွင် အောင်မင်းခေါင် ရှပ်ဓာတ်ရှိရာသို့ ရောက်ရှိသွားသောအချိန်တွင် ရှပ်ဓာတ်၏ အောက်ပိုင်းနှင့် အထက်ပိုင်း နှစ်ပိုင်းတို့တွင် အောက်ပိုင်းကိုယ်တွင် မွေးသော အနံ့များထွက်လျက် အထက်ပိုင်းပါးစပ်တွင်းမှာမူ အပုပ်နံ့များထွက်၍ လောက်ကောင်များပင် တက်လျက် ရှိသည်ဆိုကြောင်း။

ထိုမှတစ်ပါး ရှပ်ဓာတ်ကို ခေါင်းတွင်း၌ သွင်းထားသော အချိန်တွင် ခေါင်းကြီးသည် လှုပ်လှုပ်ရွရွ တက်လိုက် ကျလိုက်နှင့် ထူးဆန်းသော နိမိတ်များကို လူအများရှေ့တွင် ပြလျက်ရှိသည် ဆိုကြောင်း။

ဤသည်တို့ကား မှာထားတိုင်း မဆောင်ရွက်ဘဲ ရှပ်ဓာတ်ကို ပြ၍ စားပေါက်ထွင်နေကြသော ကိုယ်ကျိုးရှာသမားတို့ကို ဆုံးမသော နိမိတ်များကို အဓိပ္ပာယ်ကို သိမှတ်ရပါမည်။

ဤသို့လျှင် တောင်ကလပ်တွင် ဤအခြင်းအရာများ ဖြစ်နေသည်တို့ကို ရန်ကုန်မှ စေလွှတ်လိုက်သော သူသည် သိရှိရသဖြင့် ရန်ကုန်ကို ပြန်ရန် တောင်ကလပ်မှ ဆင်းလာတော့သည် ဆိုကြောင်း။

လမ်းခရီးအကြား တစ်ခုသော တောစပ်နားသို့ ရောက်သောအခါအောင်မင်းခေါင်အရှင်နှင့်တွေ့ရသည်ဆိုကြောင်း။ ထိုအခါ အောင်မင်းခေါင်အရှင် ဤဝိဇ္ဇာဂိုဏ်းဝင် တပည့်အား တောတန်းတစ်ခုသို့ ခေါ်သွားသည်ဟု သိရှိရပါသည်။ တောအုပ်ကြီးအတွင်းသို့ ရောက်ရှိသွားသောအခါ အလွန်ထူးဆန်းသောအရာများ ပြောင်လှက်ထွန်းလင်းသော အဆောက်

WWW.DHAMMARANSI.COM

အဦးများနှင့် ကျောက်ဖျာကြီးများကို တွေ့ရှိ ခဲ့ရသည်ဆို ကြောင်း။

ဤအကြောင်းအရာများကို ဦးခန္တီမခေါ် ကပ်ကျော်ဘဘ ကြီးက စေလွှတ်လိုက်သော ဝိဇ္ဇာဂိုဏ်းဝင် ကပည့်တစ်ယောက် ၏ ဒိဋ္ဌတွေ့မြင်ခဲ့ရသော အကြောင်းများ ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကြီးကား အလွန်ဆရာ ဝမ်းမြောက်စွာဖြင့် ရန် ကုန်သို့ ပြန်ရောက်လာပါသည်။ ဤမျှ ဝမ်းသာစရာ ထူးဆန်း သော တွေ့ရှိချက်များကို လူတိုင်းကို မပြောလိုပါ။ ကျွန်ုပ်တို့ ကိုသာ ရင်းနှီးသော ဂိုဏ်းသားခြင်းဖြစ်၍ ကိုယ်တွေ့များကို ဖွင့်၍ ပြောဆိုလိုက်ပါသည်။

ဤသို့သော အောင်သိဒ္ဓိတန်ခိုး အမျိုးမျိုးတို့နှင့် ပြည့်စုံ သော ဘုရားအလောင်းတော် ဝိဇ္ဇမိုရိအောင်မင်းခေါင်သည် ဘုရားရှင် ထားတော်မူခဲ့သော ဗျာဒိပ်တော်အတိုင်း သာ သနာ ၂၅၀၀-ကျော်သော အချိန်တွင် အလောင်းတော်ပီပီ သာသနာပြုပွဲကြီးကို ဆင်နွဲကူညီမည်ဟု ကျွန်ုပ်တို့သည် ကေန် အမှန် ယုံကြည်ပါကြောင်း။

အောင်ဗမာပြည် သာသနာပြု
ဦးခန္တီအွဲ့ခံကပ်ကျော်ဘဘကြီး ဦးစိုးမင်း
ထွက်ပေါ်လာပုံ။

သာသနာတော် ၂၅၀၀-ကျော်သောအခါ ရာမညတိုင်း ခွန်လိုင်းပြည့်စုံ သုထုံပြည်တွင် ဘုရားရှင်၏ သာသနာတော် သည် အသစ်တစ်ဖန် ထွန်းလင်း၍လာလတံ့ဟု ဘုရားရှင်၏

WWW.DHAMMARANSI.COM

ဗျာဒိပ်တော်နှင့် ရဟန္တာခြောက်ပါးတို့၏ ဗျာဒိပ်တော် မိန့်ထားတော်မူသောအတိုင်း အောင်မင်းခေါင်အရှင်သည် သတ်ပြည်နှင့် ရာမညတိုင်းလုံးဆိုင်ရာတွင် သာသနာ့ ဓာတ်ပန္နက်ကို ရိုက်နှက်တော်မူရန် အောက်ဗမာပြည် ဦးခန္တီခေါ် ကပ်ကျော်ဘဘကြီး ဦးစိုးမင်းအား အပ်နှင်း လွှဲအပ်ခဲ့သည်ဟု ကျွန်ုပ်တို့ သိရှိရပါသည်။

ဦးခန္တီခေါ် ကပ်ကျော်ဘဘကြီး ဦးစိုးမင်းသည် ပုဂ္ဂလဝိသေသ ပါရမီရှင်တစ်ယောက် ဖြစ်ခဲ့ပါသည်။ လွန်ခဲ့သော အတိတ်ဘဝများစွာက အောင်မင်းခေါင်အရှင်နှင့် ပါရမီဖြည့်ဆက် ရေစက်စုံသူပုဂ္ဂိုလ်ထူးတစ်ယောက်ဟုဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တို့၏ ပုရပိုက်မူတွင်စာရင်းပါဝင်သူတစ်ယောက်ဟု အဆိုရှိပါသည်။

ထိုပုဂ္ဂိုလ်မူကား ရှင်မထီးစီစဉ်၍ မှတ်တမ်းအဖြစ် သာသနာပြုပုဂ္ဂိုလ်တို့၏ စာရင်းကို ရေသွင်း၍ အစီအရင် ပြုလုပ်ပြီးလျှင် ယက္ကန်းစင်တောင် ဆရာတော်အား လွှဲအပ်သားခဲ့သည် ဆိုကြောင်း။

ထိုပုရပိုက်စာရင်းတွင် ပါဝင်သူတို့ကား ပါရမီရှင်တို့သာ ဖြစ်သည်ဟု သိရှိရပါသည်။ ထို့ကြောင့် အောင်မင်းခေါင်အရှင်သည် ရှေးရှေးသော အတိတ်ဘဝများက မီမိနှင့် ပါရမီရေစက်နီးစပ်ခဲ့သော ပါရမီရှင်များတွင် ဦးခန္တီခေါ် ကပ်ကျော်ဘဘကြီး ဦးစိုးမင်းသည် သာသနာပြုစုရန်အတွက် လွှဲအပ်ညွှန်ကြားခြင်း ခံရသူ ပုဂ္ဂိုလ်ထူးကြီးတစ်ယောက် ဖြစ်ခဲ့ပါသည်။

WWW.DHAMMARANSI.COM

ပုဂ္ဂလဝိသေသော ဇာနိသဗ္ဗော

ဆိုသည်အတိုင်း ပါရမီရှင်ပုဂ္ဂိုလ်ထူးတစ်ယောက်၏ ဖြစ်စဉ် ရာဇဝင်ကိုကား ကျွန်ုပ်တိုသည် ဖော်ပြသင့်သည့် အတိုင်း အကျဉ်းအားဖြင့် ရေးသားဖော်ပြပါမည်။

ထိုဦးခန္တီခေါ် ကပ်ကျော်ဘဘကြီးကား ဓမ္မစေတီ ဓမ္မပါလ ရကန် ဘဝဖြစ်စဉ်အခါက အောင်မင်းခေါင်အရှင်ကား ဓမ္မစေတီဖြစ်ခဲ့ဘူးသည်။ ကပ်ကျော်ဘဘကြီးကား ဓမ္မပါလ ဖြစ်ခဲ့ဘူးသည်ဟု ဝိဇ္ဇာဓိုရီ ပုရပိုက်မှတ်တမ်းတွင် ထည့်သွင်း ဖော်ပြထားခြင်း ခံရသူများဟု သိရှိရပါသည်။

ဆိုကပ်ကျော်ဘဘကြီး ဦးစိုးမင်းသည် ပါရမီရှင် ပုဂ္ဂိုလ် ထူးတစ်ယောက် ဖြစ်ကြောင်းကို ကောင်းကောင်းကြီး သိနိုင်စရာ အကြောင်းအရာတို့ကို ဖော်ပြရမည်ဆိုပါက....

၁။ မျက်နှာတော်တွင် နဖူးပြင်က ဆင်ဦးကင်းကဲ့သို့ ပုံသဏ္ဌာန်ရှိခြင်း။
၂။ လည်ပင်းတွင် လည်ရစ် ၃-တန် ရှိခြင်း။
၃။ လက်ရင်းမှာ ကြာဖိုကြာမ ပါရှိခြင်း။
၄။ လက္ခဏာတွင် ငါးကြင်းပုံတော်ပေါ်နေခြင်း။
၅။ ငါးကြင်းဗိုက်အောက်က ပစောက်ပေါ်နေခြင်း။
၆။ လက်ရင်းတွင် အရစ် (၁၉)ရစ် ရှိခြင်း။
၇။ ခြေသလုံးတွင် မြွေသဏ္ဌာန် မြွေမျက်လုံးနှစ်လုံး ရှိခြင်း၊ အသင်းအတက် ခေါ်သည်။
၈။ ခြေဖဝါးတွင် ၈-မျက်နှာ ကြက်ခြေပါရှိခြင်း။

WWW.DHAMMARANSI.COM

၉။ ဒူးတွင်ဆင်ဦးနှာမောင်းသာအကြောင်းနှင့်ပျော့ ပျောင်း ရှည်လျားစွာရှိခြင်း။

၁၀။ လက်ဖဝါးတွင် စကားဝါအပွင့်ပါရှိခြင်း။

ဤဖော်ပြပါ ထူးဆန်းသော လက္ခဏာ ကမ္မဇရုပ်များထင် ရှားစွာ ပါရှိသော ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်သည်ဟု သီမှတ် ရပါမည်။

ထိုဦးခန္တီခေါ် ကပ်ကျော် ဘဘကြီး ဦးစိုးမင်းသည် အောင်မင်းခေါင်အရှင်နှင့် ယက္ကန်းစင်ဟောင် ဆရာကြီးတို့၏ ညွှန်ကြားချက်အရ ဓာတ်ကျရာမြို့ရွာဒေသတို့၌ လူယုဏ်အကျိုး သာသနာတော်၏ အကျိုးကို မြော်ကိုး၍ စေတီပုထိုးများကို တည်ထားပြီးမြောက်ခဲ့သည့် အရေအတွက်မှာ အောက်ဖော် ပြပါစာရင်းအရကို ကြည့်ခြင်းအားဖြင့် ထိုပုဂ္ဂိုလ်ကြီး၏ ဂုဏ် ထူးသတ္တီများကိုလည်း အထူးအားဖြင့် ချီးကျူးထိုက်ပါ သည်။

တည်ခဲ့ပြီးသော စေတီတော် အရည်အတွက်မှာ

ဖောင်တော် နေစရိပ်ခင်က အောင်တော်မူ ရွှေကရဝိက်ကို ကွယ် ကြီးတိတ်တိတ်ဖြေ။

ဟုဆိုသည့်အတိုင်း အောင်မင်းခေါင်အရှင်၏ အမိန့်အရ ဦးခန္တီခေါ် ကပ်ကျော်ဘဘကြီးသည်....

၁။ သထုံမြို့တွင် အဌကထာကျမ်းပြု ဗုဒ္ဓမတည်ဖြစ်သော ရှင်ဗုဒ္ဓယောသအရှင် တည်ထားတော်မူခဲ့သော ဖောင်တော်ဦး ဘုရားကို ထပ်မံပြင်ဆင် တည်ထား ပြီးမြောက်ခဲ့ပါသည်။ ဉာဏ်တော်အမြင့် (၁၂၅) တောင် ရှိပါသည်။

WWW.DHAMMARANSI.COM စ

၂။ မော်လမြိုင်မြို့အနီး ခရုံဂူတောင်အတွင်း၌ သက္ကျသီဟ ဘုရားကြီးကို တည်ထား ပြီးမြောက်ခဲ့ပါသည်။ ထို့အပြင် သိမ် ဇောင်းတန်းဇရပ် ကျောင်းများကို တည်ဆောက်ပြီးစီး ခဲ့ပါသည်။

၃။ သထုံခရိုင် သိမ်ဆိပ်အနီး ကဿဖရှာ ကဿဖချောင်း ဖျားတွင် တည်ရှိသော မဥတောင်ပေါ်တွင်အရှင်မဟာကဿဖ မထေရ်သည် ယူဆောင်လာသော ဓာတ်တော်များနှင့် ရွှေပန်း ငါးခိုင်ကို ဌာပနာ၍ တည်ထားတော်မူခဲ့သော ဆုတောင်း ပြည့်ဘုရားကို ထပ်မံ၍ တည်ထားပြီးမြောက်ခဲ့ပါသည်။ ဉာဏ် တော်ကား ၇၅-တောင်ရှိပါသည်။

၄။ ဟံသာဝတီပြည် လေမင်းသား တည်ထားတော်မူခဲ့ သော ဓနုပ်ဘုရားကြီးကို ထပ်မံ ပြင်ဆင်၍ တည်ထားပြီးစီးခဲ့ ပါသည်။ ဉာဏ်တော်အားဖြင့် ၁၂၅-တောင် ရှိပါသည်။

၅။ ဖျာပုံခရိုင်တွင် သမိန်ထောရာမ ဖောင်တော်ဦးဘုရား ကြီးကို တည်ထားပြီးစီးခဲ့ပါသည်။ ဉာဏ်တော် ၇၅-တောင် ရှိပါသည်။

၆။ ပုသိမ်ခရိုင် ဝါးခယ်မမြို့နယ် မရမ်းကျိုက်ပိ၌ လောက ဓာတ် ဓေါ့ကပ်သဖြင့် ဆိုသော တဘောင်အရ စိန်ဘုရားကို တည်ထား ပြီးစီးခဲ့ပါသည်။ ဉာဏ်တော် ၉၉-တောင်ရှိပါ သည်။

၇။ ကဝမြို့အပိုင် ကမ်းပျောင်သူကြီးဦးထွန်းစိန်၏အုပ်စုဌ် လေးကျွန်းမာရ်အောင် စေတီတော်ကို တည်ထားပြီးစီးခဲ့ပါ သည်။ ဉာဏ်တော် ၇၅ တောင် ရှိပါသည်။

WWW.DHAMMARANSI.COM

၈။ ဤလေးကျွန်းမာရိအောင်ဘုရား၏အနီးမြေနေရာတွင် ပုပ္ပားတောင်ကလပ် ပုံသဏ္ဌာန်ပြုလုပ်၍ တောင်ကလပ်ပုံပေါ်တွင် အောင်ဆုပန် စေတီတစ်ဆူ တည်ထား ပြီးစီးခဲ့ပါသည်။ ဥက်တော် ၃၇-တောင် ရှိပါသည်။

(အဓိပ္ပာယ်နှင့်တည်သော စေတီ)

မေး။ ။ဦးခန္တီခေါ် ကပ်ကျော်ဘဘကြီးသည် အဘယ်ကြောင့် ပုပ္ပားတောင်ကလပ် ပုံတူပြုလုပ်၍ ကလပ်ပေါ်တွင် စေတီတင်၍ တည်ထားတော်မူပါသလဲ။

လူသာမန် ဝေဖန်တတ်ပြီဟု
ပညာရှင် ပုဂ္ဂိုလ်တို့မှ ဆုံးဖြတ်နိုင်စွမ်း

ဖြေ။ ။ဤမေးခွန်း၏အဖြေမှန်ကို ကျွန်ုပ် ဝေဖန်၍ ပြပါမည်။ အောင်းမင်းခေါင်အရှင်နှင့် ယက္ကန်းစင်တောင် အစရှိသော ဝိဇ္ဇာဓိုရ် ပညာရှင်တို့သည် ဗမာပြည်အရပ်ရပ် ဓာတ်ကျရာမြို့ရွာတို့၌ စေတီဘုရား တည်ထားရန် အမိန့် ပေးတော်မူကြသည်မှာ အကြောင်းမဲ့သက်သက် ပေးကြသည်မဟုတ်ပါ။ သိုက်ဓာတ်သဘော ကိန်းခန်းသဘော ယတြာဓာတ်သဘော ဤသို့စသော ယတြာကိန်းခန်းများကို ပိုင်းခြား ဝေဖန်ပြီးမှသာ အဓိပ္ပာယ်ရှိသောအမိန့်များကို ပေးတော်မူကြပါသည်။

WWW.DHAMMARANSI.COM

ထင်ရှားသော သာဓကတစ်ခုကို ထုတ်ဖေါ်၍ပြပါဦးမည်။ အောင်မင်းခေါင်အရှင်သည် ပုပ္ပားတောင်ကလပ်တွင် မုန့်လုံး သန္တာန် ကမ္ဘာလုံး စေတီတော်ကြီးကို တည်ဆားတော်မူခဲ့ပါသည်။

ဤသို့အောင်မင်းခေါင် အရှင်၏ ကလပ်ပေါ်တွင် စေတီတော်တည်ခြင်း ဓာတ်သဘောကို အဓိပ္ပာယ် ဖော်ပြရမည် ဆိုသော် ကလပ်ပေါ်တွင် ဘုရားကိုမြင်လျှင် ဆွမ်းတော်ကို တင်ကြတော့မည်။

၁။ ဆွမ်းတော်တင်တော့ ဘာဖြစ်မလဲ။

၂။ ပလ္လင်ပေါ်က မျောက်တွေ ပြေးရမှာပဲ။

ဤသို့သော ဓာတ်သဘောတို့ကို ဝေဖန် ပိုင်းခြားပြီးမှသာ အောင် မင်း ခေါင် အရှင်သည် သက်ဆိုင်ရာ မြို့ရွာများတွင် ဓာတ် ဘု ရား များ ကို တည် ထား စေ သည်ဟု အဓိပ္ပာယ်ကို သိမှတ် ကြရပါမည်။ ခပ် ရှင်း ရှင်း ဖေါ်ပြရမည် ဆိုပါလျှင် မိစ္ဆာတွေ ထွက်ပြေးအောင် ဓာတ်ရိုက်ခြင်းပင် အမှန်ဖြစ်ပါသည်။

တဘောင်အရ ဖေါ်ပြရပါမူ

မုန့်လုံးစက္ကူကပ်လို့ ကြာကလပ်မှာ ဆွမ်းတော်တင် ပလ္လင်ပေါ်က မျောက်ကလေး ဆင်းတယ်လို့ပြေး။

အဲဒီ တဘောင်အရ ပုပ္ပားတောင်ကလပ်တွင် စေတီတည် ထားစေသည်ဟု ဓာတ်အသွားကို မှတ်ထားကြစေလိုပါသည်။

WWW.DHAMMARANSI.COM

(မှတ်ချက်) ကြွားကလပ်ဆိုတာက ပုပ္ပား တောင်ကလပ်ကို ဆိုတာပါလို့ မှတ်ရပါမည်။ ပလွင်ဆိုတာက ဗမာဘုရင်အုပ်စိုးခဲ့တဲ့ ထီးနန်းဆာဇပလွင်ကို ဆိုတာပါဟု မှတ်ရပါမည်။ (မျောက်ကလေး) ဆိုတာက ကျွန်ုပ်တို့ကို အုပ်စိုးခဲ့သော မိစ္ဆာလူမျိုးတို့ကို ဆိုတာပါဟု သိမှတ်ရပါမည်။ ထိုယူဆချက်များသည် အလွန်မှန်ကန်နေပါသည်။ အောင်မင်းခေါင်သည် ၁၉၀၀-ပြည့်နှစ်ကစ၍ ပုပ္ပားတောင်ကလပ်တွင် ဓာတ်ဆင်၍ ဘုရားတည်ခဲ့ပါသည်။ မိစ္ဆာလူမျိုးတို့သည် ၁၉၀၀-ခုနှစ်တွင် ဗမာတို့၏ ဆာဇပလွင်က ဆင်းပြေးရသည်ကို အာသင်တို့၏ မျက်မြင်ပင် ဖြစ်ပါသည်။

ဤသို့လျှင် အောင်မင်းခေါင် အရှင်သည် တမ္မဒီပတိုင်း ပုပ္ပားတောင်ကလပ်တွင် ဓာတ်ဆင်၍ ဘုရား တည်စေသလို ဆုမည်တိုင်းတွင်လည်း ကလပ်ပေါ်တွင် ဓာတ်ဆင်၍ ဘုရား တည်ရန် အမိန့်ပေးတော်မူခဲ့ပါသည်။

ဤအမိန့်တော်အရ ကပ်ကျော် ဘဘကြီး ဦးစိုးမင်းဆည် ပုပ္ပားတောင်ကလပ်ပုံ အတုပြုလုပ်၍ ကလပ်ပေါ်တွင် စေတီတစ်ဆူ ဓာတ်ဆင်သောအားဖြင့် ဤစေတီဘုရားကို တည်ထားတော် မူသည်ဟု အဓိပ္ပာယ်ကို သိမှတ်ကြရပါမည်။

ထိုမူတစ်ပါး ကပ်ကျော် ဘဘကြီးသည် သာသနာ့ခေါက် ကျောင်းဖြစ်သော စေတီပုထိုးများနှင့်လည်း စေတီ ဘုရား တည်ထားဆောက်လုပ်ခဲ့ပါသည်။

WWW.DHAMMARANSI.COM

၉။ ဟံသာဝတီခရိုင် ခနီးရွာ အနီး၌ ငါးဆူဘုရား တည်ထား ပြီးစီးခဲ့ပါသည်။ ဉာဏ်တော်(၃၅) တောင်ရှိပါသည်။

၁၀။ ဟံသာဝတီနယ် ကြီးစုရွာ၌ပြည်တော်ဝင် ဓာတ်မာရှ် အောင်ဘုရား တည်ထား ပြီးစီးခဲ့ပါသည်။ ဉာဏ်တော် (၃၅) တောင်ရှိပါသည်။ စေတီယံ ၈-ဆူ ကျောက်ဆင်းတု ၉-ဆူ ဖြစ်ပါသည်။

(မှတ်ချက်) ပြည်တော်ဝင် ဘုရားကို ဘိုးတော် အောင်မင်းခေါင်၏ အမိန့်အရ တည်ထားရပါသည်။ အကြောင်း သော်ကား စပါးရှိက ကြည်ရှိရမည်၊ ကြည်ရှိက လူစုရမည်။ လူစုလျှင် နတ်စုရမည်။ နတ်စုလျှင် ဝိဇ္ဇာစုရမည်။ ဝိဇ္ဇာစုလျှင် လိုရာတန်ဖိုး အမျိုးမျိုး ပြီးမြောက်ရမည်။ ဤသို့ ဆင်သော ဓာတ်နိမိတ်တို့သည် ပြည်တော်၏ဝင်ကိန်းဆိုက်ရောက်ရန် ရည်သန် ချထားခြင်း ဖြစ်ပါသည်ဟု ယူဆရမည်။

ပြည်တော်ဝင် ဓာတ်ဆိုသည်မှာ သာသနာပြုမင်း ပေါ်လာရန် မာတ်ဆင်ခြင်းပင် ဖြစ်ပါသည်။

မေး။ ။ထိုသာသနာပြုမင်းသည် မည်သည့် သက္ကရာဇ်လောက်တွင် ပြည်တော်သို့ ဝင်မည် ထင်ပါသလဲ။

ဖြေ။ ။ဤမေးခွန်း၏ အဖြေစကားကို ကျွန်ုပ်၏ အလိုအားဖြင့် ဖြေကြားရမည် ဆိုပါလျှင်။

၁၈၁၀ သက္ကရာဇ် ဆန်းသည့်နှစ်တွင် ရှင်ချစ်ရာမ ဗုဒ္ဓရာဇာမင်၊ လောင်းလျှာသည် သက်သာပန်းတောင်း မန်းစက်ချောင်းမှာ မြို့ဟောင်းထီးနန်း စိုက်လိမ့်မည်။

WWW.DHAMMARANSI.COM

ဟု သိုက်စာအဆို ရှိသောကြောင့် သာသနာသက္ကရာဇ် ၂၅၀၀-ခု နှစ်ထောင်ငါးရာဆယ်ခုနှစ်တွင် ပြည်တော်ကို ဝင်လိမ့်မည်ဟု ဆိုချင်ပါသည်။ ဤဆယ်ခုနှစ်သို့ရောက်ရန် အချိန်မှာ ၁၄-နှစ်မျှသာလိုပါတော့သည်။ ဤသာသနာပြုမင်းကား ဘုရားအလောင်း ဗုဒ္ဓရာဇာပင်ဖြစ်ပါသည်။

မေး။ ။ပြည်တော်ကို အဘယ်ပြည်ဟု ဆိုချင်ပါသလဲ။

ဖြေ။ ။သိုက်စာတွင်မန်းစက်ချောင်းဟုဆိုသဖြင့်အချို့အချို့သော ပညာရှင်တို့က မန္တလေးကိုပင်ယူဆကြပါသည်။ ကျွန်ုပ်တို့၏ အလိုမှာမူ။

သထုံပြည်မှာ လောင်းစကြာ ရွှေစေတီဘုရား ပေါ်လိမ့်မည်။

ဟု ဆိုသော သိုက်စာ၏ အဆိုနှင့် (ဣမမေဝ မွေရာဇာပိ ဘဝိဿတိ ဟူသော) ရဟန္တာ ခြောက်ပါးတို့၏ ထူပဝင်ဗျာဒိပ် ဘုရားရှင်၏ ထူပဝင်ဗျာဒိပ်တော်များကို အတောက်အထားပြု၍ သာသနာ ၂၅၀၀ ကျော်သော အချိန်တွင် သုဝဏ္ဏဘူမိခေါ် သထုံပြည်၌သာ အလောင်းတော် စကြာရှင်သည် ပြည်တော်သို့ ဝင်လိမ့်မည်ဟု ထင်မှတ်ယူဆမိပါသည်။

ဤသည်ကား အောင်မင်းခေါင် အရှင်၏ အမိန့်တော်အရ ဦးခန္တီခေါ် ကပ်ကျော် သာကြီးသည် ပြည်တော်ဝင် ဘုရားတည်ရာ၌ ဓာတ်ဆင်ပုံ အမိပ္ပာယ်ကို သိလွယ်ယုံ အကျဉ်းမျ ကျွန်ုပ်က ဖေါ်ပြလိုက်ရခြင်း ဖြစ်ပါသတည်း။

WWW.DHAMMARANSI.COM

(ပြည်တော်ဝင် တဘောင်)

သာသနာဒေါင်း ရှိန်ကြွေကောင်းချိန်ပဲ ထိုအခါ လောင်းနရိန္ဒ ကဝိန္ဒာသည်၊ ဆုဇိန္ဒာအခင်း သက္ကဆုင် တွက်စစ်ဆိုလျှင် တက်ခေတ်လိုကောင်းဘိုအတွင်း၊

သစ္စာပန်း ဆင့်လေးခိုင်၊ စွင့်မွေးကြိုင်ခါလင်း ဝိမုတ္တိ ဘုံသိုက်တွင်းမှာ စုံသမိုက်လင်းတို့မသွေ။

အန္တောနံ သက္ကရာဇ်ခါမို့ တွက်စစ်ကြသာသနေ၊ ထူးမဲ့အခြေ။ ။ရေနတ်မျိုး တန်ခိုးကျယ်လျှင်၊ ညီးဘွယ် တေဇာကွန့်မည်မို့ ဘုန်းဆောင်ညွှန့် ဆုဇာအရှိန်၊ ထွန်းတောက်လို့ဆိန်၊ သုံးဆူပြည့် ဒသအိမ်တွင် သာသနာအရှိန် ထွန်းမည် အစကဲ့လေး။ ။ဟု ဆိုပြန်ပါဆည်။

ထိုသိုက်တဘောင် တေးထပ်၏ ရေးစပ်သော အဓိပ္ပာယ်ကို သိလွယ်ရုံ ကျွန်ုပ်က ဖေါ်ပြပါမည်။

ဝိမုတ္တိ ဘုံသိုက်တွင်းမှာ စုံသမိုက်လင်းဘိုမသွေ၊

ဟု ဆိုသော ကဗျာစကား၏ အဓိပ္ပာယ်မှာ-

သာသနာပြုဘုရင် ပြည်တော်သို့ ဝင်မည့်အချိန်သည် အလွန်မကြာတော့ပါ။ ငိမုတ္တိယုဂခေတ်သို့ ရောက်သောအခါ မုချကံအမှန် ပြည်တော်ဝင်လိမ့်မည်ဟု ဆိုလိုပါသည်။

အန္တောနံ သက္ကဆုင်ခါမို့ တွက်စစ်ကြသာသနေ ထူးမဲ့အခြေ။ ။ဆိုတာက ဝိမုတ္တိယုဂခေတ်သို့ ရောက်မည့်နှစ်ကို ပိုင်းခြားရှာ ပြသောစကားဖြစ်ပါသည်။ ။အန္တောနံ ဆိုဆုဠဿ အက္ခရာ ၁ကိုယူပါ။ နွေကား ၀ ကိုယူပါ။ တစ်နှင့်သုည ၂ စုပေါင်းကေ့ ၁၀ ဖြစ်ပါသည်။ သာသနာ သက္ကဆုင်

WWW.DHAMMARANSI.COM

(၂၅၀၀) ခုနှစ်ကား မုခုကေံ ဝိမုတ္တိ ယုဂခေတ်သို့ ရောက်သောနှစ်ဟု ပိုင်းခြား၍ သိမှတ်ရပါမည်။

ဝိမုတ္တိယုဂခေတ်ဆိုသည်မှာ သတ္တဝါအများ ဝိပဿနာကို အားထုတ်ကြလို့ ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင် ကိုလေသာစင်၍ မင်္ဂပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်နိုင်တဲ့ခေတ်ကို ဝိမုတ္တိယုဂခေတ် ဆိုရပါမည်။ ယခု ၁၃၁၄-ခုနှစ်ကစ၍ ရေတွက်ပါလျှင် ၁၄ နှစ်သာ လိုပါတော့သည်။

သုံးရာပြည့် ဒသအိမ်တွင် သာသနာအရှိန် ထွန်းမည် အစုကွဲ့လေး။ ။ဟုဆိုသော ကဗျာ၏ အဓိပ္ပာယ်မှာ ၁၃၁၀ ခုနှစ်သည် သာသနာရောင် စရံသာစသော သာမည်နှစ်ဟု ဖေါ်ပြသော စကားဖြစ်ပါသည်။ ။ဤသည်ကား သာသနာပြုဘုရင် ပြည်ကော်ဝင်မည့်အချိန်ကို ကျွန်ုပ်၏ အလို့အားဖြင့် ပိုင်းခြား၍ပြသော စကားများဖြစ်ပါသည်။

ဤနှစ်နေတောင်တွင် အနာဂါတ် သာသနာအတွက် ဓာတ်တိုင် ပေါ်နေခြင်း

၁၁ သထုံပြည်နယ် ကေလာသဘုရား၏ မြောက်ဘက် အရပ်တွင်နေသောဦးရဲသူ၏သား ဆရာတော်ဦးပေါ်သစ်သည် ယခုအခါ သထုံမြို့၏အနီး နေတောင်တွင် သာသနာဓာတ်တိုင် ဓေတီတော်များကို အထင်အရှား တည်နေသည်ဟု ကျွန်ုပ်တို့ သိရှိရပါသည်။ ဦးပေါ်သစ်သည် ဝိဋ္ဌာဂိုဏ်းဝင် သူတော်စင်စစ်ယောက် ဓာတ်သိဒ္ဓိပေါက်သော ပုဂ္ဂိုလ်ဟု သိရှိရပါသည်။

WWW.DHAMMARANSI.COM

ဤနေ့တောင်ကို ရှေး အတိတ် ကာလ များက ဣန္ဒနေ့တောင်ဟု ခေါ်ပါသည်။ ရှင်ဂဝံပတိပင့်လျှောက်သဖြင့်ဘုရား ရှင်ကိုယ်တော်တိုင် ကြွရောက် သီတင်းသုံး နေတော်မူဖူးသော တောင်ထူး တောင်မြတ်ဖြစ်ပါသည်။

ဗျာဒီပ်ရ နေ့တောင်

ဤနေ့တောင်၌ ယခုအခါ ဦးပေါ်သစ်သည် ကိုးနဝင်းစေတီတော် သာသနာ့ဓာတ်တိုင် စေတီတော်ကြီးများကို ဤတောင်ထူးတောင်မြတ်ပေါ်တွင်ဓာတ်ဆင်၍တည်ထားနေလေပြီ။ ဤတောင်သည်ကား သုံးလောကထွဋ်တင် ဘုရားရှင်၏ ဆံတော် သွားတော်ဓာတ်များ ကိန်းဝပ်တော်မူရာ တောင်ထူး တောင်မြတ်ဖြစ်ပါကြောင်း။

၁။ ဤ နေ့တောင်သို့ မြတ်စွာဘုရားသခင်သည် ရှစ်ဝါရ အချိန်တွင် သံဃာတော် နှစ်သောင်းနှင့် ကြွရောက်တော်မူခဲ့ဖူးပါသည်။ ဤတောင်၏ ၃၃ ဌာန အရပ်တိုတွင် ဖလသမာမတ် ဝင်စားတော် မူခဲ့ပါသည်။

၂။ ထို့အပြင် ဆံတော်ဓာတ် ခြောက်ဆူ ကိုလည်း ဤတောင်၌ပင် ပေးသနားတော် မူခဲ့ပါသည်။

၃။ သုံးလောကဆီမီး ဘုန်းတော်ကြီးသော ဘုရားရှင်သည် ၄၅ ဝါမြောက် ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူသောနှစ်တွင် ရှင်ဂဝံပတိ ဟူဆောင်လာသော သွားတော်ဓာတ် (၃၃) ဆူ တို့သည်လည်း ဤနေ့တောင်၌ပင် ကိန်းဝပ်တော်မူခဲ့ပါသည်။

ထို့ကြောင့် ဤ နေ့တောင်သည် သာသနာ့ဓာတ်ကျရာ

WWW.DHAMMARANSI.COM

သာသနာတော်ထွန်းကားရေးတွင် ဘုရားဖြစ်တော်မူခြင်းကို ကောင်းကျိုးအများဆုံးဖြစ်သည်ဟု ယုံကြည်မှတ်သားကြောင်းလိုပါသည်။ ဤတောင်းတာသည် သာသနာပြုပုဂ္ဂိုလ်ဘဝမှ ဘုရားဖြစ်ရေးအတွက် ဖြစ်လတံ့ ဟု ကျွန်ုပ်ယုံကြည်ယူဆမိပါသည်။

မြို့ခိုးရစ်မျှောင် နဂါးရစ်တောင်

မင်းခေါင်လျှောက်၍ လာလိမ့်မည်။

ဟူသော ဆိုက်စာ၏ အဆိုအရကို ကျွန်ုပ်၏အလိုအရ ပေါ်ပြရမည်ဆိုပါက....

မြို့ခိုးရစ်မျှောင် ဓနုတောင်

မင်းခေါင်လျှောက်၍ လာလိမ့်မည်

ဟု သာ ကျွန်ုပ်ကဆိုခြင်ပါသည်။

အကြောင်းသော်ကား၊ ။ ၁၃၁၄ ခုနှစ် တော်သလင်းလဆုပ်(၂)ရက်နေ့တွင် ဝိဇ္ဇာလမ်းစဉ်အတိုင်း ရှမ်းပြောင်းထွက်ခွာသွားသော အောင်မင်းခေါင် အရွယ်သည် ဦးခန္ဓီ ခေါ် ကမ်ကျော်ဘဘကြီးနှင့် အတူပါ(၁၀)ယောက်သော ပါရမီရှင်တို့အား မြောက်ကြား အမိန့်ရှိသည်မှာ ငါ့သား ငါ့သမီးတို့ အသင်တို့ ယခု ပြန်ကြစေ တော့၊ ငါသည် ဥက္ကလာ ဒဂုံသို့ ဇင်းကျီကံသို့ ငါလိုက်လို့ လာခဲ့မည်ဟု အာမိန့် ပေးသည်ကို ကျွန်ုပ်တို့ သိရှိရပါသည်၊

ဤအကြောင်းများကို ထောက်ထား၍ သုဝဏ္ဏဘူမိသို့ ပြည်ဦး ပင့်ဆွဲနိုးလတံ့သော သာသနာပြုပုဂ္ဂိုလ်ကို အောင်မင်းခေါင် အရွယ်သည် ကောင်းပေ ဆင်နွှဲပြုလိမ့်မည်ဟု ကျွန်ုပ်

WWW.DHAMMARANSI.COM

သည် ယုံကြည်ဟူဆဖီပါသည်။ ဤကား ကျွန်ုပ်၏ အလိုကျ ဝါဒကို ဖော်ပြခြက်ဖြစ်ပါသည်။

ထိုမှတပါး ဤဓနုတောင်တွင် အောင်မင်းခေါင်နှင့်ယက္ခန်း စင်တောင် အစရှိသော အသက်ဆယ်ကြိုးမျာ၏ အမိန့်တော် အတိုင်း ဦးပေါ်သစ်သည် (၉)နဝင်းစေတီတော်သာသနာတော် တိုင် စေတီတော်မျာ်းကို ယခုအခါ ဝေဒ်ယဘြာ အနေအား ဖြင့် တည်ထား အားထုတ်လျက် ရှိပါသည်။

မေး။ အဘယ်ကြောင့် အောင်မင်းခေါင် အရှင်သည် (၉)နဝင်းဓာတ်ကို ချမှတ်ဆော်မူပါဘုန်း။

ဖြေ။ နဝင်း ဓာတ်ကို ဖောက်ခြင်းမှာ အဆဖီးဓာတ် ဆောက်ဖို့အကြောင်းဟု သိမှတ်ရပါသည်း

မေး။ အလင်းဓာတ် ဆောက်လျှင် အဘယ်အကျိုးကို ရရှိနိုင်ပါသနည်း။

ဖြေ။ အလင်းဓာတ်ဆောက်လျှင် အမှောင်ဓာတ် ပျောက်ခြင်းအကျိုးကို ရရှိနိုင်ပါသည်။ အလင်းဓာတ် ဆောက်တာက အကြောင်းတရား ဖြစ်ပါသည်။ အမှောင်ပျောက်တာက အကျိုးတရား ဖြစ်ပါသည်။

မေး။ အလင်း ဆောက်တော့ အမှောင် ပျောက်ပုံ အကြောင်း ဆောက်တော့ အကျိုး ပျောက်ပုံမျာ်းကို အကျဉ်းအား ဖြင့် ရှင်းလင်းဖော်ပြပါ။

ဖြေ။ ဤ (၉)နဝင်းဓာတ်၏ ဆက်ဆက်သော ပရမတ် သဘောနှင့် ဓာတ်သဘော၏ဆေးဝင်ပုံကို ခပ်ကြိုတို သရုပ်ချ၍ ထုတ်ပြဖြေဆိုပါမည်။

WWW.DHAMMARANSI.COM

၉-နဝင်းစေတီကိုတည်စေတာက အကြောင်းတရားဖြစ်ပါသည်၊ လူထုအများ သဒ္ဓါပွား၍ ဘုရားဒကာတွေ ဖြစ်တာက အကျိုးတရားဖြစ်ပါသည်။

ဘုရားဒကာဖြစ်လို့ ဘုရားကို ကြည်ညိုတာကိတော့ သမ္မာဒိဋ္ဌိအလင်းရောင်ခာတ် ပေါ်လာပါသည်။ သမ္မာဒိဋ္ဌိအလင်းရောင်ပေါ်တော့ မိစ္ဆာဒိဋ္ဌိအမိုက်မှောင် ပျောက်ကွယ်သွားရပါသည်၊ မိစ္ဆာဒိဋ္ဌိဂါဒသမားတွေ ပျောက်ကွယ်သွားစေရန်ရည်သန်၍ (ဘုရားတလေးဝယ်ငယ် ၉-တောင်ပြည့်တယ်) ဟူသော တတောင်အတိတ်အရ အောင်မင်းခေါင် အရှင်သည် ၉-နဝင်းခာတ်ဆင်၍ စေတီဟောက်ကလေးများကို ပြည်သူလူထုအများအား တည်ထားကိုးကွယ်စေသည်ဟု အမီပွာယ်တရပ်ကို သိမှတ်ကြစေလိုပါသည်။

ထို့ကြောင့် အောက်ပါကဗျာစကားကို ဘိုးတော်အောင်မင်းခေါင်ကိုယ်တိုင် ရေးစပ်တော်မူခဲ့သည်ဟု ကျွန်ုပ်တို့သိရှိရပါသည်။

၉-နဝင်းပေမို့ မိုးလင်းရန် သိရမည်။ သုံးချက်တီးပြီမို့ အုံးစက်တွင် မမှီးနှင့်တော့ ကြက်ကြီးဖြင့် နှစ်ခါထွန်ပေါ်တံငါကွန်ချောင်း။

ဆွဲလျက်သာကွယ် တယ်ညာ မလပ်ရအောင်ပ ဆယ်ခါရေသာလိုက်ပါလို့ ပိုက်စိပ်တိုက်မည်။

များသင်္ဆာဝါမဖယ် သနားပါတယ်၊ တကယ်ကယ်၍ ရီလာဆွဲ၊ ဝမြော် ဘုရားဘဂဝါမှ တို့သာသနာပွဲ။

WWW.DHAMMARANSI.COM

လွှဲမထွက်သာ ဝဲဘက်သူမပါမှ ဇာတ်မဟာရုပ်စုံခင်းပြီမို့ ချော် ပေါ်သစ်ပါ ဆော်မည်။ ကပ်ကျော်မည့် ကိန်းပါပဲ။ လျှပ်ပေါ်သူတွေရေ ပျက်ချော်လှိုမထိန်းရအောင်ပ ထိမ်းဝဒ်ကို မှတ်ပါနှင့် သိမ်းစရာပအမြဲ၊ လူကလေးတို့ရေ၊ ထိန်းလှိ ခေါက်ဆွဲ၊

ဤ ကဗျာစကားတွင် သိမှတ်စရာ အဓိပ္ပာယ်များလည်း ပါရှိပါသည်။

၉-နဝင်းတည်ခြင်းသည် မိုးလင်းရန်ဖြစ်ပါသည်။ မိုးလင်းသောအခါ တံငါတို့သည် ချောင်းအတွင်းသို့ ငါးဖမ်းဆင်းကြဇိမ့်မည်ဟု ဥမမာစကားတရပ်ကို မှတ်သားရပါမည်။

ဘိုးတော် အောင်မင်းခေါင် အရှင်သည် ငါးဖမ်းသော ပိုက်သူကြီးနှင့် တူပါသည်။ ကပ်ကျော် ဘဘကြီးသည်ကား ပိုက်ဆွဲသမားနှင့် တူပါသည်။ ၂၅၀၀-သာသနာပြုပွဲကြီးတွင် ပါဝင်၍ ကျွတ်ဘန်း ဝင်ထိုက်သော လူထု ပါရမီရှင်တို့သည် ငါးတွေနှင့် တူပါသည်။

အောင်မင်းခေါင် အရှင်ကား ယခုအခါ မိုက်စိပ်တိုက်၍ ဖမ်းနေလေပြီ။ ငါ၏မိုက်တွင်းသို့ ပါနိုင်ရန် သိလကိုစောင့် ထိန်းကြ ဒါနကိုပြုကြ မေတ္တာ ကမ္မဋ္ဌာန်းကို စီးဖြန်းကြဟု ဆိုလိုခြင်းဖြစ်ပါသည်။

၉-နဝင်း မိုးလင်းရင်သိရမည် အစရှိသော ကဗျာစကား၌ ကြက်ကြီးဖြင့် နှစ်ခါတွန်ပေါ့ဟု ဆိုသည်မှာ ၁၃၀၂-ခုနှစ်ကို ဆိုသည်ဟု သိမှတ်ရပါမည်။

ဤကြက်ဦး နှစ်ခါတွန်တာကို ဆိုသဖြင့် ၃-ခါတွန်သော

WWW.DHAMMARANSI.COM

အခါ အရုဏ်တက်တော့မည်ဆိုသော အဓိပ္ပာယ်ကို မပြေဒဲ
နှင့် သိမှတ်ရပါမည်။

၃-ခါတွန်ဆိုတာက ၁၃၀၃-ခုနှစ်ကိုဆိုလိုသည်ဟုအဓိပ္ပာယ်
သိမှတ်ရပါမည်။ ၁၃၀၃-ခုနှစ်သည် တိမ်မြုပ်နေသော သာ
သနာတော်၏ အရောင်ကလေး ရှိးတိုးရိပ်တိတ် အရောင်သန်းစ
ပြုလာသောနှစ်ဟု အဓိပ္ပာယ်ကို သိမှတ်ရပါမည်။

၁။ မှန်ပါသလား

၂။ မှန်ခဲ့ပါပြီ

မှန်တာကို ဖော်ပြစါမည်။ ဝိဇ္ဇာရောင် အလင်းရောက်လျှင်
မိစ္ဆာမှောင်အရိပ် ပျောက်ရပါမည်။

၁၃၀၄-ခုနှစ်ကား ကျွန်ုပ်တို့၏ ဗမာပြည်တွင် ဝိပဿနာ
အလင်းရောင် သမထ အလင်းရောင်များသည် အတိတ်အချိန်
များအထက်ပို၍ အရောင်လက်စ အရောင်ထွက်စ ဖြစ်လာပါ
သည်။

ဝိပဿနာဆိုတာက ရုပ်နာမ်ကို သိတဲ့ဉာဏ်ကို ဆိုတာပဲဟု
မှတ်ထားရပါမည်။

ရုပ်နာမ်ကို သိတဲ့ဉာဏ်ကို ဝိဇ္ဇာလို ဆိုရပါသည်။ ထိုအချိန်
များတွင် မိုးညွှင်းဆရာတော်ကြီးသည် ကျွန်ုပ်တို့၏ ဗမာပြည်
တပြည်လုံး၌ ဝိပဿနာဒေသနာမိုးကြီးကို သွန်းဖြိုးပတ်ဖြန်း
ပေးနေသောအချိန်ဖြစ်ပါသည်။ ဤသည်ကား ကြက် ၃-ခါ
တွန်ပုံနှင့် အရုဏ်အလင်းရောင် ထွက်ပေါ်ပုံကို သိမှတ်ရန်
ဖော်ပြသော စကားရပ် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

မေး။ ၁၃၀၄-ခုနှစ်ဆောက်တော့ ဘာဖြစ်မလဲ။

ဖြေ။ ဤမေးခွန်း၏ အဖြေမှန်ကို စေဖန်၍ ပြရမည် ဆို ပါလျှင်-

၉-နဝင်း မိုးလင်းတော့ သိလိမ့်မည်

ကြက်ဦးတောင် နှစ်ခါတွန်ပေါ့ ၃-ခါတွန်

အရုဏ်ကျဉ်း၍ ၄-သက္ကရာဇ်ဝင်

လင်းတော့မည်ပင်။

ဟု ဆိုသော တဘောင်စကားအရ ၁၃၀၄-ခုနှစ်ကစ၍ မိုးကြီးလင်းတော့မည်၊ သာသနာတော်တည်းဟူသော (ဆလိုက်) ရောင်ကြီးသည် အမိုက်မှောင်ကြီးကို ပါယ်ဖျောက် တော့မည် ဟု ဆိုသော စကားရပ်ဖြစ်ပါသည်။

၁၃၀၄ ခုနှစ်ကား မိစ္ဆာဒိဋ္ဌိတို့သည် ကျန်ပ်တို့၏ ဗမာ့ ပလ္လင်မှ ခုန်ဆင်း ထွက်ခွာသွားရသောနှစ် ဖြစ်ပါသည်။ ဤ ၁၃၀၄ ခုနှစ်ကစ၍ ကျန်ပ်တို့၏ ဗမာပြည်တွင် ဝီပဿနာဒေသ နာတည်းဟူသော အလင်းရောင်ကြီးနှင့် ၉-နဝင်းစေတီရောင် အောင်ဆုပန်စေတီရောင်၊ ဓာတ်ပေါင်းစုံစေတီရောင် တည်း ဟူသော (ဆလိုက်) ရောင်တို့သည် အမိုက်မှောင် တည်းဟူသော မိစ္ဆာတို့ကို ပယ်ဖျောက်ပုံကို ခုဒါဟရုဏ်ဆင်၍ ဖေါ်ပြလိုက် သော စကားဖြစ်ပါသည်။

၁။ မှန်ပါသလား။

၂။ မှန်ခဲ့ပါပြီ။

ဤဝါကျ ကဗျာစကားတွင် (ဩော် ပေါ် သစ်ပါဆော်မည်။ ကပ်ကျော်မည့်ကိန်းပါပဲ) ဟု စပ်ဆိုသောနောက်စာပိုဒ်

WWW.DHAMMARANSI.COM

အရ အဓိပ္ပာယ်ဖေါ်ပြရမည် ဆိုပါလျှင် ထိုခန့်တောင်၌ ဥ-နဝင်းစေတီ တည်သော အခါတွင် ဦးပေါ်သစ်ဆိုသူနှစ့် ကပ်ကျော် ဘဘကြီးတို့ ပါဝင် ဆောင်ရွက်စေရမည်။ ဤပုဂ္ဂိုလ်နှစ်ဦးပါလျှင် ယတြာ ကိန်းခန်းအရ ပြည်တော်သာရမည်ဟု အဓိပ္ပာယ်ကို သိမှတ်ရပါမည်။

ယခုအခါ ထိုကိန်းခန်းများအရ ဦးခန္တီခေါ် ကပ်ကျော် ဘဘကြီးသည် ထိုသထုံနယ်ရှိ ဓာတ်ကျရာ ဌာနတို့၌ စေတီပုထိုးများကို တည်သားပြီးစီးခဲ့လေပြီ။ ယခုလည်းတည်ရန်အားထုတ်ဆဲဖြစ်သည်ဟု ကျွန်ုပ်တို့သိရှိရပါသည်။ ဦးပေါ်သစ်ကား ယခုအခါ ထိုတတောင် ကိန်းခန်းအရ သထုပြည် ခန့်တောင်တွင် စေတီဘုရား တည်ထား အားထုတ်နေသည်ဟု သိရှိရပါသည်။

ဤသည်ကား ဘိုးတော်အောင်မင်းခေါင် ရေးစပ်ခဲ့သော ကဗျာ၌ သိမှတ်စရာအဓိပ္ပာယ်ကို ဖေါ်ထုတ် ညွှန်းပြသော စကားရပ်ဖြစ်ပါသည်။

ထိုမှတစ်ပါး

ရှေးယခင် အတိတ်က တေးတဘောင်နိမိတ် ဖြစ်သော မှတ်သားစရာ ဓာတ်စကားကဗျာ တစ်ပုဒ်ကလည်း ပေါ်ထွက်လာပြန်ပါသည်။

နေမင်းရာဇာ ဦးစကြာ

တဘောင်သီချင်း

မြန်မာပြည်အေးဘို့ မျှော်ဒိပ်ကျွန်း နိမိတ်ထွန်း ပေါ်သာ အောင်အတိတ်နှင့် ဘွဲ့တော်မဟာ၊ နေမျိုးသီဟာ မွေရာဇာ

WWW.DHAMMARANSI.COM

ဘုန်းရှင်ခြစ်ဗျာဒိပ် ဗုဒ္ဓါဆုတော ဘုန်းရောင်တော် လင်းပါတဲ့ ကုန်းဘောင်မင်းဆက်ပေါ်တဲ့ ရွှေစည်ဘွာ တစ်ကမ္ဘာလုံးအေးပိုဆု တစ်ပြည်လုံးအေးဖို့ဆုသိုက်ဘဝနှင့် အေးချမ်းသာယာ စေတီဘုရား တည်ထားပေးတာ ပြည်သူအများ ဒေတွာ ဒေတနာ ဝေဿန္တရာဆု မှီတိုလိုဖ ပါရမီကူညီမျှ၍ ပြည်ခေတာနှုန်း သို့ တက်ရမ်းစေနိုင်သည်။ တိုင်းဥက္ကလာ သမိုင်းထုတ်ခါ ဘိုးတော်ဝိုင်းခဲ့မြေးစဘွာ တကောင်ရာဇာနီ အလောင်းတော်နွယ်သာကီ၊ သိုက်ကတောင်နှင့် ဆုက်တော်မူလာပြီ။ ဝိုင်းဝေဝ်ရွှေ တပသီ အထူးနှင့်၊ ဘဝကူးလို့ လာခဲ့သည်။ စဘွာမြန်းခဲ့၊ ပါရမီထူးဆန်းတဲ့ ဘုန်းတေဘာပြည်သူအများ သနားသမို့ တရားဟောဝိဘြီးနှင့် ကယ်တင်မူရှာပြီ။ အနုစ်နှစ်ဖောစီကျော်က တံဆိပ်ရ မဟိန္ဒကြေးမင်း ရဲဘော်ခြင်းခံခဲ့ရတဲ့ ကပ်ကျော်ဘာကြီး ပေါ်လာပြီ။

ဤတဘောခ်နိမိတ်၏ မှတ်သားစရာ ဝတ်စကားပါပုံ အဓိပ္ပာယ်ကို သိလွယ်ရုံ ကျန်ပ်က ဖေါ်ပြပါဦးမည်။

ဤတဘောစီစကားဒ် နေမျိုးသိဟဆိုသည်မှာ စကြာကို ဆိုပါသည်။

ဓမ္မရာဇာဆိုတာလဲ စကြာဟစ်ဖြစ်ပါသည်၊
ဗုဒ္ဓရာဇာဆိုတာလဲ စကြာပစ် ဖြစ်ပါသည်။

ထို စကြာသည် ဘုန်းတောင် ခေတ်က ထင်ရှားခဲ့သော ဘိုးတော် ဦးဇိုင်း၏မြေး ဖန်နန်းရှင်၏ သွေး ဆင်ဖြူမယ်က မွေးသော စကြာမင်းကလေး ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

ထိုစကြာသည် လွန်ခဲ့သော ရှေးအတိတ် အနှစ် ၂၀၀၀-ကျော်လောက်က ဗုဒ္ဓရှင်တော်ဘုရား ဗျာဒိပ် ထားခဲ့သော မဟိန္ဒကြေးမင်း ဖြစ်ခဲ့ဖူးကြောင်းကိုလည်း သိုက်တဘောင် စာပေတို့တွင် အဆိုရှိသော စကြာဖြစ်ပါသည်။

တိုင်းဥက္ကလာ သမိုင်းထုတ်ခါ ဘိုးတော်ဝိုင်းရဲ့ မြေးစကြာ တကောင်းရာဇာနီ အလောင်းတော် နွယ်သာကီ သိုက်တ တောင်နှင့် ထွက်တော်မူလာပြီ။

ဤ သိုက်တဘောင်စကား၏ ထင်ရှားသော အဓိပ္ပာယ်မှာ ဘိုးတော်ဦးဝိုင်း၏ မြေး အလောင်းတော် စကြာရှင်သည် ဥက္ကလာ၊ ဒဂုံ၊ သထုံ၊ ဇင်းကျိုက်သို့ နဝင်းအလိုက် သာသနာ့ ခာတ်ပန္နက် ရိုက်နှက် ပြုစုတော်မူရန် ဥက္ကလာပတိုင်းသို့ ဘဝကူးပြောင်း၍ သိုက်တဘောင်အရ ထွက်တော်မူလာပြီဟု ထိုတဘောင် ဂဏ္ဍီပုဒ်တို့ကို ကျမ်းညှိထုတ်ဆောင်၍ အဓိပ္ပာယ်ကို သီမှတ်ရပါမည်။

ထိုစကြာကား ယခုအခါ ပုပ္ပားတောင်မြတ် တောင်ကလပ် ဝိဇ္ဇာဓိုရ် အောင်မင်းခေါင်မင် ဧကံ ဖြစ်တော့သည်ဟု ကျွန်ုပ်တို့၏ ဝိဇ္ဇာဂိုဏ်းဝင် သူတော်စင်အပေါင်းက ယူဆကြပါမည်။

(ပညာရှင်တို့က ယူဆပုံမှာ)

ယခုဘဝအထိ အောင်မင်းခေါင်သည် ငါးဘဝကူးပြောင်းရာသော အရီမေတ္တေယျ အလောင်းတော်ဟု ဝိဇ္ဇာဂိုတ်းဝင် သူတော်စင်အပေါင်းတို့က ယူဆကြပါသည်။

WWW.DHAMMARANSI.COM

ဤသို့ ယူဆကြပါမူ ကျမ်းဂန်များနှင့် အဆိုမညီကြဘဲ ကွဲလွဲချက်များ ရှိနေကြပြန်ပါသည်။

အဘယ်ကဲ့သို့ ကွဲလွဲပါဆနည်း။

ထိုဝိဇ္ဇာဂိုဏ်းဝင် ပညာရှင်တို့၏ အယူအဆအတိုင်း ဆိုပါလျှင် ဒုဋ္ဌဂါမဏီ ရှင်အရဟံ ဓမ္မစေတီ စကြာ အောင်မင်း ခေါင် ဤ ၅-ဘဝ ခန္ဓာအစဉ်သည် အရိမေတ္တေယျ အလောင်း တော်ကြီးပင် ဖြစ်တော့သည်ဟု ယူဆကြပါသကို။

ဤသို့ယူဆကြပါလျှင်

ဒုဋ္ဌဂါမဏီရညော ပိတာ အနာဂတေ မေတ္တေယျသဿ ဘဂဝတော ပိသာ ဘဝိဿတိ။ တဿာမာတာ ဘဝိဿတိ။ ဒုဋ္ဌဂါမဏိ ဆာဝပန တဿပဋမ အဂ္ဂသာဝကော ဘဝိဿတိ။ ကနိဋ္ဌော သဒ္ဓါတိဿ မဟာဆာဝ။ ဒုတိယအဂ္ဂသာဝကော ဘဝိဿတိ။ ရညော မာတုစ္ဆာ အနုလာဒေဝီ၊ မေတ္တေယျဿ ဘဂဝတော ဥပဋ္ဌာယိကာ ဘဝိဿတိ။ အဂ္ဂမဟေသီ ဘဝိဿတိ၊ အစရိသဖြင့် အနာဂတဝင် မဟာဝင် ပါဠိတို့၌ လာရှိသော စကားများနှင့် ဆန့်ကျင်လျက် ရှိပြန်တော့သည်။

ဒုဋ္ဌဂါမဏိရညော၊ ဒုဋ္ဌဂါမဏိမစ်းကြီး၏။ ပိတာ၊ ခမည်း တော်သည်။ အနာဂတေ၊ အနာဂါတ်ကာလ၌။ မေတ္တေယျ သဿ ဘဂဝတော၊ မေတ္တေယျမြတ်စွာဘုရား၏။ ပိတာ၊ ခမည်း တော်သည်။ ဘဝိဿတိ၊ ဖြစ်ပေလတံ့။

တဿာ၊ ထို့အတူ။ မာတာ၊ ဒုဋ္ဌဂါမဏိ မင်းကြီး၏ မယ် တော်သည်။ မေတ္တေယျဘဂဝတော၊ မေတ္တေယျ ဘုရားရှင်၏။ မာစာ၊ မယ်တော်သည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

WWW.DHAMMARANSI.COM

ဒုဋ္ဌဂါမဏိဆုတောင်းခဲ့၊ ဒုဋ္ဌဂါမဏိ မင်းကြီးသည် မူကား၊ စာသား၊ ထိုပဋိသန္ဓေတံသော ဘဝိမေတ္တေယျ ဘုရားရှင်၏။ အဝိသာဝကော၊ လက်ဖျာတော်ရန် ရမာန္တာသည်။ ဘဝိဆေတိ၊ ဖြစ်ပေလော့။

(မှတ်ချက်) ဤစကားကို သက်ဦးပြုပါ၊ ဒုဋ္ဌဂါမဏိမင်းကား၊ အဂ္ဂသာဝက အလောင်းတော် ဟုသာ ဆိုအားပါသည်၊ မေတ္တေယျအလောင်းဟု မဆိုပါ။ အောင်မင်းခေါင် အနှင့်သည် ဒုဋ္ဌဂါမဏိဘဝင်၌ ဖြစ်ခဲ့သော်ငြား ပါဝေျင် အနီမေတ္တေယျအလောင်းတော် မဖြစ်နိုင်ကြောင်းမှာ စဉ်ဆွားလှပါသည်၊

ကနိန္ဒော ဒုဋ္ဌဂါမဏိမင်းအဆွေတော်ဖြစ်သော်၊ သဒ္ဓါတိဿမဟာထုဇာ၊ သဒ္ဓါတိဿမင်းသည်။ ဒုတိယအဂ္ဂသာဝကော၊ လက်ဖျောတော်ရန် ရမာန္တာသည်၊ ဘဝိဆေတိ၊ ဖြစ်ပေလော့။

ရဟန်းတော်၊ ဒုဋ္ဌဂါမဏိ မင်းကြီး၏။ မာတုဇ္ဈာအနုဇာဒေဝီ၊ မိဖုရားတော်ဖြစ်သော အနုလာဒေဝီမိဖုရားသည်၊ မေတ္တေယျသာသနာတော်အတွက်၊ မေတ္တေယျ အရှင်အလောင်းတော်၏၊ အဝိဝမ်းတော်၌ ဖွားမြင်သော ဘုရားကြီးသည်။ အဝိဆုတိ၊ ဖြစ်ပေလော့။

ဤအနာဂတဝံသ မဟာဝင် ပါဠိစကားအဆိုမျှားကို ပေဖန်သုံးသပ်၍ အုံးဖြတ်ကြည့်မည်ဆိုပါက အောင်မင်းခေါင် အရှင်သည် ဝဋ်းအတိုင်း ဒုဋ္ဌဂါမဏိမင်း ဖြစ်ခဲ့အုံးပါလျှင် မေတ္တေယျအလောင်းဟုတ်နိုင်မည် မထင်ပါ။

မေတ္တေယျ အလောင်းတော် အမှန်ဟု ဆိုပြန်လျှင်လည်း ဒုဋ္ဌဂါမဏိမင်း ဖြစ်ခဲ့အုံးမည် မဟုတ်ပါ။

WWW.DHAMMARANSI.COM

ဤသည်ကား ကျမ်းဂန်လာ စကားနှင့် ဝိဇ္ဇာ ဂိုဏ်းဝင် ပညာရှင်တို့၏ အဆိုစကား ခြားနားပုံကို ဖော်ပြသောစကား ရပ် ဖြစ်ပါသည်။

ကျွန်ုပ်၏ ဝါဒဆန္ဒကို ဖော်ပြရမည် ဆိုပါလျှင်

မေး။ အောင်မင်းခေါင်အရှင်သည် ၁ ဒုဋ္ဌဂါမဏိဘဝ ၂-ရှင်အရဟံဘဝ၊ ၃-မွေစေတီဘဝ၊ ၄-စကြာမင်းဘဝ၊ ၅-ယခုဘဝ အောင်မင်းခေါင် ဤကဲ့သို့ ဘဝအစဉ်ခန္ဓာအစဉ်အားဖြင့် ၅-ဘဝကူးပြောင်းလာသော မေတ္တေယျ အလောင်းတော်ဟု မိဇ္ဇာ ဂိုဏ်းဝင် ပညာရှင်တို့က ယူဆ ပြောဆိုကြပါသည်။

အသစ်၏ ယူဆချက်ကား မည်ကဲ့သို့ ယူဆလိုပါသနည်း။

ဖြေ။ အောင်မင်းခေါင် အရှင်သည် ဗုဒ္ဓါဂ်ူရ ဘုရားလောင်း စင်စစ်ကေံ အမှန် ဟုတ်ခဲ့ပါလျှင် မေတ္တေယျ အလောင်းတော် ဟုတ်မည် မထင်ပါ။

အဘယ်ကြောင့်ဆိုသော်

ဒသသက္ကရာဇ် ဆန်းသည့်နှစ်တွင် (ရှင်ချစ်ရာမ) ဗုဒ္ဓရာဇာမင်းလောင်းလျာသည် သက်သာ ပန်းတောင်း မန်းစက်ချောင်းမှာ မြို့တောင်းထီးနန်း စိုက်လိမ့်မည်။

ဟု ဆိုသော ဘုရားသိုက်စာတွင် ဒသ သက္ကရာဇ် ဆန်းသည့်နှစ် ဆိုသည်မှာ သာသနာတော် ၂၅၀၀-ခုနှစ်ကို ဖော်ပြထားပါသည်။

WWW.DHAMMARANSI.COM

ထိုနှစ်တွင် ပြည်တော်ကိုဝင်၍ သာသနာပြုမည့် မင်းသည် မေတ္တေယျဘုရား ပွင့်တော်မူပြီးသည့်နောက် ပဏ္ဍကမ္ဘာတွင် ပွင့်တော်မူလတံ့သော ရာမဘုရား အလောင်းတော် ဖြစ်သည် ဟု သိုက်စာက ဆိုထားချက်ကို သတိပြုရပါမည်။

ထိုရာမအလောင်းတော်သည် ဗုဒ္ဓရာဇာ ဟုသော အမည် စကြာဟူသော ကမည်ဖြင့် ပြည်တော်ကို ဝင်လိမ့်မည်ဟု သိုက်စာတွင် အထင်အရှား ဆိုထားပါသည်။

ထို့ကြောင့် အောင်မင်းခေါင် အရှင်သည် ဗောဓိလောင်းလျာ ကံသာဟု ဆိုလိုပါမူ ရာမဘုရားလောင်းဟုသာ ကျွန်ုပ်က ဆိုချင်ပါသည်။

ထိုမှတပါး အထောက်အထားတစ်ရပ်ကို ဖော်ပြပါမည်။ ဒသအနာဂတ ဗုဒ္ဓဝံသကျမ်း၌ မေတ္တေယျ ဘုရားနောက်ပွင့်လတံ့သော ဘုရားရှင်မှာ ရာမဘုရားရှင်ဟု ဆိုထားပါသည်။

ထိုရာမဘုရားရှင်သည် လူတို့၏ အသက် (၉)သောင်းတန်းတွင် စန်ဒကူးဗောဓိပင်၌ ပွင့်တော်မူလတံ့ဟု ဆိုထားပါသည်၊ ထို့ကြောင့် သိုက်စာကလည်း (ရှင်ချစ်ရာမဗုဒ္ဓရာဇာ ဟု ဆိုထားပါသည်။ ဤသည်တို့ကို ထောက်ထား၍ ရာမဘုရား အလောင်းတော်ဟုသာ ကျွန်ုပ်၏ဝါဒအလိုဆိုချင်ပါကြောင်း၊

ထိုမှတပါး ကျမ်းထာဇကားကို ဖော်ပြရမည် ဆိုပါမူ။

မေတ္တေရာမ ပသေနနှင့် ဒေဝတိဘူ ရာမဟူပြီ စင်ကီသုတာ တောဒေယျာနှင့် နာလာပါလ်သမ္မေဓိ မည်ရှိ ဒသစာ ထိုဆယ်ပါးတွင် နောက်ဆုံးလျှင် သိမြင်နေဒ်ရထာ။

WWW.DHAMMARANSI.COM

ဟု ပုဂံ ရွှေစည်းခုံ သမိုင်းတွင်လည်း မေတ္တေယျ နောက်ပွင့်လတံ သော ဘုရားလောင်းသည် ရာမ ဘုရားလောင်းပင် ဖြစ်တော့သည်ဟု ရင့်မာတစ်ကျပ်ကို ဖော်ပြသော စကားရပ်ကို ဖော်ပြထားပါသည်။

ဤသည့်တို့ကို ထောက်ထား၍ အောင်မင်းခေါင် အရှင်သည် ဒုဋ္ဌဂါမဏိလည်းမဟုတ်၊ မေတ္တေယျ အလောင်းတော်လည်းမဟုတ် သမ္မောဓိ လောင်းလျာ ကေန်အမှန် ဖြစ်ခဲ့ပါမူ ရာမဘုရားအလောင်းတော်သာ ဖြစ်ပေမည်ဟု ကျွန်ုပ်၏ ဝါဒကို ဖော်ပြလိုက်ပါ သတည်း။

အနှစ် နှစ်ဆောင် ကျော်က တံဆိပ်ရ မဟိန္ဒ ကြေးမင်းရဲ့ ဇာနီ ဦးခန္တီ ခေါ်တဲ့ ကပ် ကျော် ဘဘကြီး ပေါ် ထွက် လာ စါမြီ။

ဤတဆောင်စကား၌ မှတ်သားရန် အဓိပ္ပာယ်ကို ဖော်ပြရမည်ဆိုပါက(မဟိန္ဒကြေးမင်းရဲ့ဇာနီ)ဆိုသည်မှာ အလောင်းတော်စကြာ အောင်မင်းခေါင် အရှင်သည် ဥက္ကလာ ဒဂုံသထုံ ဇင်းကျွိုက်သို့ ဘုရားသာသနာပြုစုရန် လာသောအခါ ထိုအရှင်၏ ပါရမီဖြည့်ဘက် သူရဲကောင်းကြီး ဦးခန္တီ ခေါ်တဲ့ ကပ်ကျော် ဘဘကြီး ပေါ်ထွက်လာရန် ရှေ့ပြေး ဖြစ်သော အတိတ် စကား နမိတ် စကားဟုသာ မှတ်သား ကြစေလိုပါသည်။

ယခုအခါ မဟိန္ဒကြေးမင်းရဲ့ ဇာနီဖြစ်သော ဦးခန္တီခေါ် ကပ်ကျော် ဘဘကြီးသည် အလောင်းတော်၏ ပါရမီကို ကူညီ

WWW.DHAMMARANSI.COM

ဖြည့်ကျင့်ရန် အုတ်ကိုးစုခြင်း၊ ဆီးတောင့်တင်ခြင်း၊ ဝေတဲ့ယ ကြာ ဘုရားအမျိုးမျိုး ဟည်းဆားခြင်း စသော သာသနာ့ အလုပ်တို့ကို ကြိုးကုတ်ဆောင်ရွက်လျက်ရှိကြောင်းကို ကျွန်ုပ်တို့ ကိုယ်တိုင် သိရှိရပါသည်။

သာသနာ့တစ်ဝက်အမျိုးနှင့်
ဝန်ကြီးမင်း ဦးခုအိုးရုပေါဆာပုံ

ရေနတ်မျိုး တန်ခိုးကြွယ်လျှင် မည်သို့ပင်ပြဿနာကြုံမည်မို့ ဘုန်းဆောင်ညွှန် ဆုတောအရှိန် တန်းစောက်လိုဆိုန် သုံးဆူ ပြည့် ဒသဘိမ်တွင် သာသနာအရှိန် တွန်းမည်အစကို့လေး ကျိုက်ဆောင်ဖေးစင်္ဂ သိမ့်ဘိရန် အခိုပ္ပာယ်ကို အကျဉ်း အုပ်အားဖြင့် ပေါ်ပြရမည် ဆိုပါလျှင် ကျိုက်ဆောင်စခန်း (ရေနံကုန်းမျိုး) ဆိုသည်မှာ နဂါးဓာတ် စနေနံ လူမျိုးတို့ကို ဆိုပါသည်။

စနေနံ လူမျိုး ဆိုသည်မှာ ၁၂၄၇-ခုနှစ်က ကျွန်ုပ်တို့၏ နေထွန်းအာရှင် သီပေါဘုရင်ကို ယူဆောင်ခဲ့သော အင်္ဂလိပ် လူမျိုးကို ဆိုပါသည်။

ထိုရေနံတီ နဂါးလူမျိုးမျာ တန်ခိုးကြွမှန်သော အရှိန်ဓာတ် သာသနာ့ပြုပြင်မင်းများ ၁၃၁၀ ခုနှစ်တွင် ပမာပြည်၌ ပေါ်ရ မည်ဟုဆိုသော အတိတ်ပြု နိမိတ်ပြု တဘောင်စကား ဖြစ်ပါ သည်။

ထိုတဘောင်စကားကို မှန်သည်ဟု ဆိုရပါမည်။ ပမာပြည် သည် ၁၉၄၈-ခုနှစ်၊ ၁၃၁၀-ခုနှစ်တွင် လွတ်လပ်ရေးကို ရရှိ ခဲ့ပါသည်။ ၁၃၁၀-ခုနှစ်ကစ၍ ဝန်ကြီးမင်းဦးနုအစိုးရအဖွဲ့

WWW.DHAMMARANSI.COM

ကြီးသည် သာသနာရေး ဘာသာရေးများကို စဉ်ဆေး ခွက်တော်မူကြသည်မှာ တိုပြည်သူလူဆိုးအသိပင် ဖြစ်ပါသည်။

ထိုနှစ်ကစ၍ ဗုဒ္ဓဂျင်တော်ဘုရား၏ သာသနာတော်သည် စ၍ ထွန်းလင်းတော့မည်ဟု ဆိုလိုပါသည်။

မေး။ ဤကဘောင်စကားသည် မှန်နိုင်ပါ့မလား။

ဖြေ။ မှန်နေပါပြီ။

ထိုအဖြေ၏မှန်ခြင်းမူကို ကျွန်ုပ်က ဖော်ပြပါဦးမည်။

ယနေ့အချိန်ကစ၍ ကျွန်ုပ်တို့၏ ဗမာပြည်တွင် သာသနာဖြိုသော မင်းများသည် ကျွန်ုပ်တို့နှင့် မတေးပါ။

ဝန်ကြီးမင်း ဦးနု အမှုးပြုသော ယခုလက်ရှိအစိုးရအဖွဲ့ကြီးပင် ဖြစ်ပါတော့သည်။

ထိုဝန်ကြီးမင်း ဦးနု၏ အစိုးရအဖွဲ့ကြီး သာသနာတော် ပြုစုပုံကို ဖော်ပြရမည် ဆိုပါလျှင်....

၁။ ဝန်ကြီးမင်းခွန်သည် ၁၃၁၀ ခုနှစ်က ရွှင်မောဂ္ဂလာန် နှင့် ရွှင်သာရိပုတ္တရာ စွင့်သိဒ်ဖြစ် ရဟန္တာဘွဲ့ရှင်မြတ်တို့၏ ဓာတ်တော်စင်များကို ပြည်သူအများ နတ်မှာလေးဖို့ရန် ပင့်ဆောင်တော်မူခဲ့ဘဖြင့် တစ်ကိုယ်ပြည်လုံး အုံးဆုံးကြွက်ကြွက် ပူးပြေးပြီး ပူဇော်ခဲ့ကြရပါသည်။ ဤမျှတိတော် ပူဇော်မဲ့ကြီးကို ဝန်ကြီးမင်း ဦးနု ဆောင်ရွက်ပေးသည်နှင့် အသင်ဟိုဇ်၏ မျက်မှောက်တွင်ပင် ဖြစ်ပါသည်။

၂။ ထိုမှတက်ပါး ဝန်ကြီးချုပ် ဦးနုဆရာသည် (သာသနာဆေ

WWW.DHAMMARANSI.COM

လောကဝှိုဟ် ဘဝတုသမ္ဗဒါ) ဟူသည်နှင့်အညီ ဘုရားရှင်၏ သာသနာတော်အကျိုး၊ ပြည်သူလူထုအပေါင်း၏ အကျိုး ဤအကျိုး ၂-ပါးကို နှစ်လုံးဆောင်၍ မဇ္ဈိမဒေသနှင့် သီဟိုဠ်ကျွန်း အကြိမ်ပေါင်းများစွာ ကြွသွား၍ ဘုရားရှင်၏ ဓာတ်တော်များကို ပင့်ဆောင်တော်မူခဲ့ခြင်း။

သမ္ဗည်ုတ ရွှေဉာဏ်တော်၏ ပေါ်ထွန်းနေပြစ်သော ဗောဓိပင်ပျိုမျိုးကိုလည်း ပြည်သူလူထုအပေါင်း အစဉ်တဆက် ကိုးကွယ် ပူဇော် ကြရန် ဆောက် ပင့်ဆောင်တော် မူခဲ့၍ မြန်မာပြည် အာရပ်ရပ်တို့၌ သာသနာ့ ဓာတ်ပန်းတိုင်များကို ချမူတ်၍ စိုက်ပျိုးပြုစုတော်မူခဲ့ခြင်း။

၃။ ထိုမှတစ်ပါး-

ဓာတ်ပေါင်းဘုရား တည်စိုက်ထား မြို့ရွာ အမြန် အေးလတံ့။ ဆဲ့ခုနှစ်မှာ ပေါင်ကြပါ မြန်စွာ အေးပျိုတော့။

ဟူသော သိုက်ဘာဆောင်ကာနှင့်အညီ ဝန်ကြီးမင်း ဦးနှင်သည် ပြည်သူလူထု အများ ချမ်းသာသုခ တိုးပွားကြစေရန် ရည်သန်တော်မူ၍ ဘုရားရှင်၏ ဓာတ်တော် မွေတော်များကို ပင့်ဆောင်၍ (ဓာတ်ပေါင်းဘုရား) ဟု ဆိုအပ်သော ကမ္ဘာအေး စေတီတော်မြတ်ကိုလည်း ယခုအခါ ဥက္ကလာ ဒဂုံခေါ် ရန်ကုန်မြို့ကြီးအနီးတွင် တည်ထားပြီး ဖြစ်ပါသည်။

ပြည်သူလူထုအများသည်လည်း ယခုအခါ ထိုစေတီတော်ကို ချမ်းသာ ရွှင်လန်းသဒ္ဓါပန်း ပွင့်ကြခါ သူ့ထက်ငါ သွားသောက်၍ နေ့မစဲညမစဲ ပူဇော်ပဲ့ကြီးကို ဆင်နွဲကျွင်းပ၍ နေကြသည်မှာလည်း အထူးအဆုံးသြဖွယ် တရစ်ဟု ဆိုရပါမည်။

WWW.DHAMMARANSI.COM

ပွင့်တော့မည့်ပန်း ရေဖျန်း၍ပေးသလို ဘုရားရှင်၏ သာသနာတော်ပန်းကို ရေဖျန်း၍ပေးရသော ပန်ကြီးမင်း ဦးနုကို လည်း ကျွန်ုပ်တို့က အမှန်ကျေးဇူးတင်ရမည် ဖြစ်ပါသည်။

(ဆဋ္ဌသင်္ဂါယနာ တင်ပွဲကြီး)

ဝန်ကြီးမင်း ဦးနုကြီးမှူးသော အစိုးရ အဖွဲ့ကြီးလည် ယခုအခါ ဘုရားရှင်၏ နှုတ်ခပတ် ပိဋကတ်တော်များကို ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ဆင်နွဲ့ကျင်းပရန်အတွက် ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်ကြီးများနှင့် ဆွေးနွေးတိုင်ပင်လျက် ပါဠိတော်များကို ရွတ်ဖတ်စေခြင်း။ ဘာသာပြန်စေခြင်းစသော သာသနာ့ လုပ်ငန်းစဉ်များကို တည်ထွင်ဖွင့်လှစ်လျက် သာသနာတော်ကို နေ့ရှိတိုင်း အားပေးနေသည်မှာ မျက်မြင်ပင် ဖြစ်သဖြင့် ကျွန်ုပ်ထို့သည် ထိုသာသနာပြု အစိုးရအဖွဲ့ကြီး တည်မြဲအောင် အထူးကြိုးစား၍ အားပေးကြရမည် ဖြစ်ပါသည်။

(ဓူတ်ချက်) ၁၃၁၄ ခုနှတ်တော်လဆန်း ၃ ရက်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ရန်ကုန်မြို့ မင်းကွန်းတောရဝိပဿနာ သာသနာပန္နက်ချပွဲကြီးနှင့် သာသနာ့ရိပ်သာ ဆဋ္ဌသင်္ဂါယနာ တင်ရေးအတွက် သာသနာပြု သံသအစည်းအဝေးကြီးများသို့ ဝန်ကြီးမင်းဦးနုနှင့်အဖွဲ့ဝင် ဝန်ကြီးများကြွရောက်ချီးမြှောက်ကြသည်ကို ပြည်သူလူထုက အားရဝမ်းသာ သာဓုခေါ်ကြပါသည်။

ဝန်ကြီးမင်း ဦးနု၏ သာသနာပြု အစိုးရ အဖွဲ့ကြီးသည် ယခုလက်တွေ့အားဖြင့် ဟိုင်းပြည်ဘား အထုပ်လုပ်၍ ပြနေပါ

WWW.DHAMMARANSI.COM

ပြီး၊ ထိုအလုပ်များကား ပြည်တော်သာ စီမံကိန်းပင် ဖြစ်ပါသည်။

သာသနာရေးနှင့် ပတ်သက်၍ ကျွန်ုပ်က ဖော်ပြရမည် ဆိုပါလျှင် သံဃာတော် အရှင်မြတ်တို့နှင့် ပတ်သက်၍ သံဃာနှင့် ဆိုင်ရာ အာဏာများကိုလည်း ပိနယဓရ အဖွဲ့ကြီးဖွဲ့စည်း၍ သံဃာတော်အရှင်မြတ်တို့အား အာဏာတော် လွှဲအပ်ပြီးသည် ကိုလည်း ကျွန်ုပ်တို့သည် အထူး ချီးကျူးရမည် ဖြစ်ပါသည်။

ပရိယတ္တိ သာသနာ့ဝန်ထမ်း ရတန်းတော် များကိုလည်း မဟာစရိယ စသော ဂုဏ်ထူးဘွဲ့ထူးများကို ဆက်ကပ်လှူဒါန်း၍ သာသနာတော် နေပင်း ထွန်းတောက်ပရန်အတွက် အထူး အားပေးလျက် ရှိသည်ကိုလည်း စနစ်ကြီးမင်း ဦးနု အမှုးရှိသော အစိုးရအဖွဲ့ကြီးအား အထူးချီးကျူးရမည်အမှန် ဖြစ်ပါသည်။

ထိုမှတစ်ပါး ချီးကျူးဖွယ်ထစ်ရပ်ကို ဖော်ပြရမည် ဆိုပါလျှင် လွန်ခဲ့သော အချိန်များက သာသနာတော်၏ အရောင်မသန်းတွေသော တောင်တန်း ဒေသများ၌လည်း ယခုအခါ ဝန်ကြီးမင်း ဦးနုသည် တောင်တန်းသာသနာပြု အဖွဲ့ကြီးကို ဖွဲ့စည်းစေလျက် တောင်တန်းသားတို့အား အကျိုးများစေရန် စေတီပုထိုး တည်ထားစေမြင်း၊ ဗောဓိပင်ပျိုးများကိုလည်း စိုက်ပျိုး ကိုးကွယ် စေခြင်း စသို့စသော ကောင်းမှုတော်များကို ပြုလုပ်ကြီးစားခြင်းများကိုလည်း ချီးကျူး၍ သာဓုခေါ်ရမည် ဖြစ်ပါသည်။

WWW.DHAMMARANSI.COM

(သာသနာတစ်ဝက် မင်းကောင်း တစ်ဆက်)

ဤသို့လျှင် ဂေါ်တမ ရှင်တော် ဘုရား၏ သာသနာတော် အသက်တစ်ဝက် ပြည့်ခါနီး နီးကပ်သော အခုအချိန်၌။

အထက်ဖော်ပြပါ သာသနာရေး ဝန်တုပ်ကြီးကို ထမ်းဆောင်လျက် ပေါ်ထွက်လာသော ဝန်ကြီးဦးနု၏ အစိုးရအဖွဲ့ကြီးသည် (တဘောင် ကိန်းခမ်းအရ) အလိုလို ပေါ်ထွက်လာသော သာသနာပြု အစိုးရအဖွဲ့ကြီးဟု ကျွန်ုပ်က မုချ ဆိုချင်ပါသည်။

အဘယ့်ကြောင့် ဆိုပါလျှင် ဤဝန်ကြီးဦးနု၏ အစိုးရအဖွဲ့ကြီးသည် သာသနာတစ်ဝက် နီးကပ်သောအချိန်၌အလိုလိုပေါ်ထွက်လာရသော အစိုးရအဖွဲ့ကြီး ဖြစ်သည့်အတွက်(သာသနာတစ်ဝက် မင်းကောင်း တစ်ဆက်) ဆိုသော စကားသည် ဦးနု အစိုးရ ပေါ်ထွက်လာရန် ရှေ့ပြေး ဖြစ်သော အတိတ် စကား နီမိတ် စကားဟု ဆိုက မမှားနိုင်ဟု ကျွန်ုပ်က ယုံကြည်ပါကြောင်း။

ထိုမှတစ်ပါး ယခု အချိန်ကား ကောလီဓာတ် ဆန်းသော အချိန် ဝိမုတ္တိယုဂခေတ်သို့ ပြောင်းလာသောအချိန်ဟု သိမှတ်ပါမည်။

ကောလီစုက္ကတေ ဗဟုပညော ရာဇာ ဘဝိဿတိ။

ကောလီစုက္ကတေ၊ ကောလီဓာတ်ဆန်းသောအချိန်၌။ သာသနုပထမ္ဘကော၊ သာသနာတော်ကို ချီးမြှောက်အားပေးတတ်သော။ ဗဟုပညော၊ ပညာကြီးကျယ်သဒ္ဓါကြွယ်သော။ ရာဇာ၊

WWW.DHAMMARANSI.COM

သိဒ္ဒိတန်ခိုး အမျိုးမျိုးကို အစိုးရသော မင်းကောင်း မင်းမြတ်
သည်။ ဘဝိဿတိ၊ ဖြစ်ပေါ်လာလတံ့ ဟု-
နေမြင့်လမြင် ဗေဒကျမ်းများ၏ အဆိုစကားနှင့်လည်း
ကိုက်ညီလျက် ရှိပါသည်။
ထိုမှတပါး သာဓကအားဖြင့် လုပ်ဆောင်ဝေဖန်၍ သိမှတ်
ရန် အနည်းငယ် ဖော်ပြပါအံ့။
၁၂၄၇-ခုနှစ် တန်ဆောင်မုန်း လဆုပ် (၈) ရက် နေ့တွင်
ကျွန်ုပ်တို့၏အရှင် သီပေါဘုရင်ကို အင်္ဂလိပ်တို့သည် ယူ
ဆောင်သွားပြီးသည့်နောက် ၁၃၀၄-ခုနှစ် အထိ ဗမာပြည်၌
အုပ်စိုးခဲ့သော အစိုးရအမွဲများ၏ လက်အောက်တွင် ကျွန်ုပ်တို့
သည် အုပ်စိုးခြင်း အမျိုးမျိုးနှင့် ကြုံတွေ့လာခဲ့ရသည်မှာ
ပြန်လည့် သုံးသပ် ကြည့်ရှုပါက မေ့နိုင်ကြမည် မဟုတ်
သေးပါ။
ထိုလို အုပ်စိုးလာခဲ့သော အစိုးရတို့သည် မိမိတို့ အုပ်စိုး
သော ဗမာပြည် ဗမာများအဖို့ မမေ့နိုင် လောက်အောင်
ဗမာနဲ့ သာသနာအတွက် ဆောင်ရွက် အားပေးခဲ့သည်များ
ကို ကျွန်ုပ်တို့သည် မတွေ့ခဲ့ရ မခံစားခဲ့ရသည်ကို ပြည်သူလူထု
အပေါင်းပင် အသိဆုံး ဖြစ်ပါသည်။
ခပ်တိုတိုလိုရင်းကို အမှန်ဖော်ပြရမည် ဆိုပါလျှင် သီပေါ
ဘုရင် ပါတော်မူပြီးသည့်နောက် သာသနာတော်ကို လေးစား
ချီးမြှောက်သော အစိုးရကို ကျွန်ုပ်တို့ မတွေ့ခဲ့ရချေ။
သီပေါဘုရင် ပါတော်မူပြီးသည့်နောက် သာသနာတော်ကို
လေးစား ချီးမြှောက်သော အစိုးရမှာ ယခုလက်ရှိ ဝန်ကြီး

WWW.DHAMMARANSI.COM

မင်း ဦးနု၏ အစိုးရအဖွဲ့ တဖွဲ့ကိုသာ ယခု မျက်မြင် တွေ့ရှိရသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဂေါတမ ရှင်တော်ဘုရား၏ အနာဂါတ်သာသနာပြုစုရေးအတွက်သာသနာပြုပုဂ္ဂိုလ်များ၏ စာရင်းတွင် ဝန်ကြီးမင်း ဦးနုကိုကား ထည့်သွင်း၍ မရေးလျှင် မဖြစ်သော ပုဂ္ဂိုလ်ထူး ပါရမီရှင် တစ်ယောက် ဖြစ်ခဲ့ပါသည်။ သာသနာပြု ဝန်ကြီးဦးနုဟူ၍ပင် သာသနာပြု အစဉ်ရာဇဝင်တွင် ထည့်သွင်းရေးသားရမည့် ပုဂ္ဂိုလ်ထူးကြီး တစ်ယောက် အမှန်ဖြစ်ပါကြောင်း။

ထို့ကြောင့်

(သာသနာ တစ်ဝက် မင်းကောင်း တစ်ဆက်) ဆိုသော စကားသည် သာသနာပြု ဝန်ကြီးမင်း ဦးနု အမှူး ပြုသော အစိုးရအဖွဲ့ကြီး ပေါ်လာမည့် အတိတ်စကား နိမိတ်စကား ဟူ၍သာ ကျွန်ုပ်က ဆိုချင်ပါသည်။

အဘယ်ကြောင့် ဆိုတော်

ယခုအခါ သာသနာတော် တစ်ဝက်လဲမည့် အချိန်ကား နီးကပ်၍နေပါပြီ။ လေးနှစ်မျသာ ကျန်ရှိပါတော့သည်။ ဝန်ကြီးမင်း ဦးနု၏ အစိုးရအဖွဲ့ကြီးသည် ထိုသာသနာတော် တစ်ဝက်လဲမည့် အလွန်နီးကပ်သော အချိန်၌ပင် အတိတ် တဘောင်အရ အလိုလို ထွက်ပေါ်လာသော သာသနာပြုအစိုးရအဖွဲ့ကြီးဟု အခိပ္ပာယ်ကို သိမှတ်ကြရပါမည်။

WWW.DHAMMARANSI.COM

အထူးသတိပြုကြရန်မှာ

ကျွန်ုပ်သည် ဤကဲ့သို့ ဝန်ကြီးမင်း ဦးနု၏ သာသနာပြု အစဉ် ဆုဇဝင်ကိုထည့်သွင်းရေးသားရသည်မှာ(ဖော်လံဖား) လို၍ ရေးသားရခြင်း မဟုတ်ပါ။

ကျွန်ုပ်သည် တိုင်းကျိုးပြည်ကျိုး သာသနာတော် အကျိုးကို ဆောင်ရွက်သော ပုဂ္ဂိုလ်ကြီးများကို ကြည်ညိုတတ်သူ ဝမ်းမြောက်တတ်သူ ဗမာတစ်ယောက်သာဖြစ်ပါသည်။ ကြည်ညိုထိုက်သူ ဂမ်းမြောက်ထိုက်သူ အားပေးထိုက်သူတစ်ယောက်ကို ကျွန်ုပ်ကဲ့သို့ပင် ပြည်သူလူထုအပေါင်းအား ကြည်ညိုကြစေရန် ဝမ်းမြောက်ကြစေရန် အားပေးကြစေရန် အမှန်ကို သိရှိကြပါစေရန် ရည်သန်၍ ဤသာသနာပြုဝန်းကြီးမင်းဦးနု အမှုးပြုသော အစိုးရအဖွဲ့ကြီး၏ ဂုဏ်ထူးကို ချီးကျူးသော အနေဖြင့် ထည့်သွင်းရေးသားလိုက်ရပါသတည်း။

ပြီးပါပြီ။

....*....

WWW.DHAMMARANSI.COM

ဤစာအုပ်၏အဆုံး နိဂုံးစကား

....o....

၁။ ● ကျွန်ုပ်တို့၏ ဗမာပြည်၌ သီပေါဘုရင် ပါတော်မူပြီးသည့်နောက် သာသနာတော်မကွယ်ပျောက်ရန် ၁၂၅၀ ခုနှစ်ကစ၍ အောင်မင်းခေါင် အရှင်သည် ယတြာကိန်းခမ်းအလိုက်တိုင်းပြည်အားနှိုးဆော်၍ စေတီပုထိုးများကိုတည်ထား ကိုးကွယ်စေခြင်း။

၂။ ● ဓာတ်ယတြာကိန်းခမ်း သိုက်တဘောင်တို့၏ အဆိုများသည် ယခု ပစ္စုပ္ပန် ဗမာပြည်၌ မှန်သင့်သလောက် မှန်ကန်နေခြင်း။

၃။ ● သာသနာတစ်ဝက်တွင် အုပ်စိုးသော မင်းကောင်းများ ပေါ်လတံ့ ဆိုသည်နှင့် ယခု ဗမာပြည်၌ တိုက်ဆိုင် မှန်ကန်နေခြင်း။

၄။ ● လွန်ခဲ့သော အတိတ်ချိန်ကစ၍ အောင်မင်းခေါင် ဟောပြောသော လမ်းစဉ်များနှင့် အောင်မင်းခေါင် ကျင့်သုံးသော သမထ လမ်းစဉ်များသည် ဖိစ္ဆာဒီဋ္ဌိမဟုတ်၊ သမ္မာဒီဋ္ဌိသာဖြစ်ခြင်း။

၅။ ● အောင်မင်းခေါင်၏ သိဒ္ဓိတန်ခိုး အမျိုးမျိုးကိုဖော်ပြခြင်းသည် ဘုရားရှင်၏ အဆုံးအမိုစကားတော်သည် (အပြောသမားများ) မတွေ့နိုင် မခံစားနိုင် မသိနိုင်၊ ကျင့်ကြံ အားထုတ်လူများသာ တွေ့နိုင်

WWW.DHAMMARANSI.COM

ခံစားနိုင် သိစွမ်းနိုင်သည်ကို သိစေလိုရ်သာ ရေး
သား ဖော်ပြလိုက်ခြင်း။

၄ ● အောင်မင်းခေါင်အရှင်သည် ဆုကြိုးပန် ပါရမီရှင်
တဦးဖြစ်ကြောင်းကို သိစေလိုခြင်း။

ကျိုသို့စသော ရည်ရွယ်ချက်များကို လူထုအများ သိရှိကြ
စေရန် ကျွန်စာအုပ်ကို ထုတ်ဝေလိုက်ရပါသည်။

တွန်ပ်သည် အငြင်းသမားမဟုတ်၍ ကျွန်ုပ်၏ ယူဆချက်
များကို သဘောမကျ ရှိခဲ့ကြပါလျှင် မိမိတို့ ကြိုက်သလိုသာ
ညှာမျက်စိဖြင့် သုံးသပ်ယူဆကြ စေလိုပါကြောင်း။

ဦးပေါ်ဦး
စာပြုဆရာကြီး
ရန်ကုန်မြို့။

၁၃၁၄ ခု
နတ်တော်လဆုပ် ၅ ရက်နေ့။

....o....